မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အမျက်ထွက်သူကို အမျက်မထွက်ခြင်းဖြင့် အောင်ရာ၏။ မကောင်းသူကို ကောင်းခြင်းဖြင့် အောင်ရာ၏။ စေးနဲသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ မမှန်မကန်ပြောဆိုသူကို မှန်ကန်ခြင်းဖြင့် အောင်ရာ၏။ ဓမ္မပဒ



# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၂၂)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်
၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၈ ရက်၊ တနင်္လာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည့် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းအား အမေရိကန်ဒေါ်လာ ၃၀၀၀၀ ဂုဏ်ပြုချီးမြှင့်

နေပြည်တော် ဩဂုတ် ၁၇

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဗီယက်နမ်နိုင်ငံ၌ ကျင်းပနေသည့် ၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ထိုင်းအသင်းအား ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ယူပြီး ဗိုလ်လုပွဲတက်ရောက်သွားခဲ့သည့် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းအား စွမ်းဆောင်မှုဂုဏ်ပြုငွေ အမေရိကန်ဒေါ်လာ ၃၀၀၀၀ ချီးမြှင့်ခဲ့သည်။

"ပွဲစဉ်တွေအားလုံး ရှုံးပွဲမရှိကစားနိုင်ပြီး ဗိုလ်လုပွဲကို ထိုက်တန်စွာရောက်ရှိခဲ့လို့ မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းသားအားလုံးအတွက် ဂုဏ်ယူပါတယ်။ စည်းလုံးညီညွတ်မှုအပြည့်နဲ့ ကြိုးစားခဲ့ကြလို့ အားရကျေနပ်မိပါတယ်။ ဗိုလ်လုပွဲစဉ်မှာ နိုင်ပွဲအတွက် ရေကုန်ရေခန်း အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ကြဖို့ တိုက်တွန်းပါတယ်။ ချန်ပီယံဆုရရှိတာနဲ့ နိုင်ငံတော်ကလည်း ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်မှာဖြစ်ပါတယ်။ ဒါကြောင့် ရရှိတဲ့အချိန်မှာ ဗိုလ်လုပွဲအတွက် စနစ်တကျအာရုံစိုက်လေ့ကျင့်ပြင်ဆင်ဖို့မှာကြားလိုပါတယ်"

ဟု နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏တိုက်တွန်းအားပေးမှုကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းခေါင်းဆောင် ဝင်းသိင်္ဂီထွန်း၊ အသင်းတာဝန်ခံ ဒေါ်နွယ်နီဦးနှင့်ကစားသမားများထံ ဆက်သွယ်ပြောကြားခဲ့သည်။

မြန်မာအမျိုးသမီးလက်ရွေးစင်အသင်း ကစားသမားများကလည်း ယခုကဲ့သို့အားပေးဂုဏ်ပြုမှုကြောင့် **စာမျက်နှာ ၁၅ ကော်လံ ၁ ◯**

## ဆောင်းပါး

**မိုးကျရေချို** စာ - ၁၁ သို့

**နိုင်ငံတော်ဖွံ့ဖြိုးဖို့ပညာရေးကိုအားပေးစို့** စာ - ၁၄ သို့

## နောင်ချိုမြို့နယ်၊ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

စာ - ၁၆ သို့



## ရွှေတောင်မြို့နယ်၌ ယခုနှစ်မိုးစပါး စိုက်ပျိုးရာသီတွင် စပါး ၅၈၁၆၃ ဧက စိုက်ပျိုးပြီးစီး

စာ - ၁၀ သို့

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၇-၈-၂၀၂၅

| | | | | |
|---|---|---|---|---|
| ကျိုက်မရော | ၆ | ဒသမ | ၅၃ | လက်မ |
| သထုံ | ၆ | ဒသမ | ၄၂ | လက်မ |
| ရေး | ၅ | ဒသမ | ၆၆ | လက်မ |
| ပေါင် | ၄ | ဒသမ | ၁၇ | လက်မ |
| မော်လမြိုင် | ၃ | ဒသမ | ၇၈ | လက်မ |
| ကော့သောင်း | ၃ | ဒသမ | ၆၂ | လက်မ |
| ကျိုက္ခမီ | ၃ | ဒသမ | ၃၅ | လက်မ |
| မင်းဘူး | ၃ | ဒသမ | ၁၆ | လက်မ |
| မုဒုံ | ၃ | ဒသမ | ၁၁ | လက်မ |




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၈ ရက်)

# ပညာရေးသည် အခြေခံအုတ်မြစ်မဏ္ဍိုင်

တိုးတက်မှုအရှိန်အဟုန်မြင့်မားနေသော ယနေ့ကာလတွင် လူငယ်များအနေဖြင့် မိမိတို့၏အရည်အချင်းကို မြင့်မားသည်ထက်မြင့်မားအောင် ကြိုးစားနေကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကို အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်၏လုပ်ငန်းတာဝန်အရပ်ရပ်ကိုထမ်းဆောင်နိုင်ရန်အတွက် ပညာသင်ကြားပေးမှုနှင့်လေ့ကျင့်ပေးမှုများကိုလုပ်ဆောင်ပေးလျက်ရှိသည်။ လူငယ်ဆိုသည်မှာ နိုင်ငံတော်အတွက် အဖိုးတန်သောအရင်းအနှီးများဖြစ်သည်။ ထိုအရင်းအနှီးများကို တန်ဖိုးရှိလာအောင် အသိပညာ၊ အတတ်ပညာများပြည့်ဝနေစေရန် နိုင်ငံတော်ကစီမံဆောင်ရွက်လျက်ရှိသည်။

ထိုသို့စီမံဆောင်ရွက်လျက်ရှိရာတွင် “နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး” ဟူသောဦးတည်ချက်ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကချမှတ်ပေးထားသည်။ ထို့ပြင် “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့” ဆိုသည်နှင့်အညီ အကောင်အထည်ဖော်လျက်ရှိသည်။ ပညာတတ်မှ လူရာဝင်နိုင်ပေရာ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေကြရမည်ဖြစ်သည်။ အတန်းပညာမရှိဘဲ အတတ်ပညာမရှိနိုင်သည့်အတွက် အတန်းပညာကိုပြီးမြောက်သည်အထိ သင်ကြားကြရမည်ဖြစ်သည်။

ပညာစုံမှ သက်လုံကောင်းမည့်ယနေ့ကာလတွင် ပညာကိုပြည့်ဝအောင်သင်ယူထားကြမှသာ မိမိတို့ဖြတ်သန်းရမည့် အနာဂတ်ခရီးလမ်းသည် ဖြောင့်ဖြူးနေမည်ဖြစ်သည်။ သားရွှေကြိုဆုံးမစာတွင် “ပညာချို့တဲ့၊ ကျေးဇူးမဲ့က၊ ဆုတ်သည့်လသို့၊ ခဏမကြာ၊ ရွှေ့လျောရာ၏။ ပညာမြင်မြော်၊ သူတော်အစစ်၊ ဖြစ်လာခဲ့က၊ ဆန်းသစ်လသို့၊ ကြွယ်ဝကုံလုံ၊ ဤလူ့ဘုံ၌၊ လုံးစုံဦးညွှတ်၊ အမြဲဝပ်လျက်” ဟူ၍ ရေးသားဆုံးမထားသည်။ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များသည် မပါမဖြစ်ပါဝင်ဆောင်ရွက်ကြရမည့်သူများဖြစ်ပေရာ လူတော်ဖြစ်အောင် ပညာရေးကို ဖွဲ၊ ဝီရိယအပြည့်နှင့်ကြိုးစားပြီး လူကောင်းဖြစ်အောင် ပြည်သူ့နီတိကျင့်ဝတ်များကို လေ့လာသင်ယူလိုက်နာကျင့်သုံးကြရမည်ဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဩဂုတ်လ ၁၂ ရက်ကကျင်းပသည့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ် **“ကျောင်းများဖွင့်လှစ်သင်ကြားပေးနိုင်မှုနှင့်ပတ်သက်၍ လက်ရှိအချိန်အထိ စာရင်းများအရ တစ်နိုင်ငံလုံးတွင် လက်ရှိကျောင်းတက်ရောက်နေသူဦးရေ ၇ သန်းကျော်ခန့်ရှိသည်ဟု သိရှိရကြောင်း၊ ယခင်နှစ်က ဖွင့်လှစ်သင်ကြားခဲ့သည့် စာသင်ကျောင်းများအနက် ယခုနှစ်တွင် မဖွင့်လှစ်နိုင်သည့် ကျောင်းများရှိသကဲ့သို့ ယခင်နှစ်တွင် ဖွင့်လှစ်နိုင်မှုမရှိခဲ့သည့် ကျောင်းများအနေဖြင့် ယခုနှစ်တွင် ဖွင့်လှစ်နိုင်သည်များလည်းရှိကြောင်း၊ မိမိတို့အနေဖြင့် လက်ရှိဖွင့်လှစ်သင်ကြားနေသည့် ကျောင်းများအား သဘာဝဘေးအန္တရာယ်ကြောင့် မဖြစ်မနေပိတ်ရသည်မှအပ ကျောင်းပိတ်ရခြင်းများမရှိစေရေး အလေးထားအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့” ဟူသည့်အတိုင်း ပညာရေးသည် နိုင်ငံအတွက်အလွန်အရေးကြီးကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အတွက်လိုအပ်သည့် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရန်အတွက် ဆောင်ရွက်ရာတွင် မျက်မှောက်ခေတ်အခြေအနေများအရ နိုင်ငံတော်အစိုးရအနေဖြင့် KG+9 အထိ မသင်မနေရပညာရေးစနစ်ကို နိုင်ငံတော်၏အနိမ့်ဆုံးပညာရေးစနစ်အဖြစ်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစပြီး KG+9 ပြီးသည်နှင့် အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်ရန် အခြေခံရသွားနိုင်ပြီဖြစ်၍ အသက်မွေးဝမ်းကျောင်းပညာများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုနည်းပညာဘာသာရပ်များကို သင်ကြားပေးသည့် အခြေခံပညာကျောင်းများကို ဖွင့်လှစ်ပေးထားသည်။ ယခုနှစ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို ခရိုင် ၈၈ ခုတွင် ၈၉ ကျောင်းအထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည့်အတွက် လက်တွေ့အသုံးချသိပ္ပံပညာရပ်များဖြစ်သည့် ကွန်ပျူတာနှင့်နည်းပညာများကို ပေါင်းစပ်သင်ကြားပေးသည့် Polytechnic University ၈ ခုကိုလည်း ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

ယနေ့လူငယ်များ၏ လက်ရှိအဓိကတာဝန်မှာ ပညာရေးရည်မှန်းချက်ပေါက်မြောက်အောင်မြင်အောင် စွမ်းဆောင်ကြိုးပမ်းကြရေးသာဖြစ်သည်။ လူငယ်များအနေဖြင့် ပညာသင်ယူရမည့်အရွယ်တွင် အခြားသောလမ်းကြောင်းအမှားများသို့မရောက်ရှိရေးအတွက်မိဘများ၊ ဆရာများကလည်း ထိန်းသိမ်းကြပ်မတ်ပေးကြရမည်ဖြစ်သည်။ အကြမ်းဖက်အဖွဲ့အစည်းများအတွင်းသို့ အကြောင်းအမျိုးမျိုးကြောင့်ရောက်ရှိသွားသည့်လူငယ်များမှာ နောက်ဆုံးတွင် မိမိတို့ဘဝတက်လမ်းအနာဂတ်ပျောက်ဆုံးနေသည့်အတွက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်နေကြပြီဖြစ်သည်။ ထိုသို့သောလမ်းမှားလျှောက်မိခြင်းမျိုးမကြုံစေရန် အတွက်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရေးကို ကြိုးပမ်းသင်ယူကြရမည်။ မိမိအနာဂတ်ကို မိမိတို့အကောင်းမွန်ဆုံး၊ အတောက်ပဆုံးဖြစ်လာစေရေးအတွက် ကြိုးစားရန်မှာ **ပညာရေးသည် အခြေခံအုတ်မြစ်မဏ္ဍိုင်**ဖြစ်သည်ဟု စွဲမြဲစွာခံယူကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ဆက်သွယ်ရေးဝန်ဆောင်မှု (အင်တာနက်ဝန်ဆောင်မှု) လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေး

ပဲခူး ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော ဆက်သွယ်ရေးဝန်ဆောင်မှု (အင်တာနက်ဝန်ဆောင်မှု) လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနအစည်းအဝေးခန်းမ၌ ဩဂုတ်လ ၁၆ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဝင်းက စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ဆက်သွယ်ရေးဝန်ဆောင်မှု (အင်တာနက်ဝန်ဆောင်မှု)လုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုက်နာသင့်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန စားသုံးသူရေးရာဌာနခွဲတာဝန်ခံ ဦးစီးအရာရှိ ဦးစိုးမိုးက စားသုံးသူကာကွယ်ရေးဥပဒေပါအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြီး စားသုံးသူရေးရာဦးစီးဌာန ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲတာဝန်ခံ ဦးစီးအရာရှိ ဦးကျော်ဆန်းဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့်လုပ်ငန်းစဉ်များ၊ ဆက်သွယ်ရေးဝန်ဆောင်မှု (အင်တာနက်ဝန်ဆောင်မှု) များနှင့်ပတ်သက်၍ စားသုံးသူနစ်နာမှုမရှိစေရေး ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲတက်ရောက်လာကြသူများက သိလိုသည်များကို ပြန်လည်ဆွေးနွေးကြရာ ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဝင်းက ပြန်လည်ရှင်းလင်းပြောကြားကြောင်း သိရသည်။

အောင်ဖြူလင်း(၄၁၀)

### သဇင်(FM)အသံလွှင့်အစီအစဉ်

၁၈-၈-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Sport News |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၃။ | ၁၅:၀၀ | Jumping For You |
| ၄။ | ၁၆:၄၀ | I Music |
| ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၆။ | ၂၂:၂၀ | Goodnight Listeners |

### MWD Education, Knowledge & Sports Channel

၁၈-၈-၂၀၂၅(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၄၀ | Grade-6 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၄၀ | Grade-6 | သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၄၀ - ၁၈:၁၀ | Grade-6 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |
| ၄။ | ၁၈:၁၀ - ၁၉:၂၀ | Grade-3 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၅။ | ၁၉:၂၀ - ၂၀:၅၀ | Grade-3 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ


**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ မြန်မာ့ရော်ဘာတန်ချိန် ၃၈၀၀၀၀ ခန့် တင်ပို့နိုင်ရန်ရည်မှန်းထား



ရန်ကုန် ဩဂုတ် ၁၇

ယခုဘဏ္ဍာနှစ်တွင် ပြည်တွင်းမှထုတ်လုပ်သော မြန်မာ့ရော်ဘာများကို ပြည်ပသို့ တန်ချိန် ၃၈၀၀၀၀ ခန့် တင်ပို့နိုင်ရန် ရည်မှန်းထားကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း အထွေထွေအတွင်းရေးမှူး ဦးခိုင်မြင့်၏ပြောကြားချက်အရ သိရသည်။

နှစ်စဉ် ပြည်တွင်းမှထုတ်လုပ်သော ရော်ဘာများ၏ ၆ ရာခိုင်နှုန်းခန့်ကို ပြည်တွင်း၌ အသုံးပြုပြီး ၉၄ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိကာ အထူးသဖြင့် တရုတ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဂျပန်၊ အိန္ဒိယနှင့် ဗီယက်နမ် စသည့် နိုင်ငံတို့သို့ အဓိကထားတင်ပို့လျက်ရှိသည်။

"ဒီဘဏ္ဍာနှစ်မှာ ပြည်ပကို မြန်မာ့ရော်ဘာတန်ချိန် ၃၈၀၀၀၀ ဝန်းကျင်လောက်အထိ တင်ပို့နိုင်အောင် ရည်မှန်းထားပါတယ်။ ပြည်တွင်းကထုတ်လုပ်တဲ့ ရော်ဘာတွေကို နိုင်ငံတကာပေါက်ဈေးအတိုင်းရရှိအောင် အရည်အသွေးကောင်းမွန်ဖို့နဲ့ SNR ကျင့်စဉ်တွေ၊ EU Guideline တွေနဲ့အညီ ထုတ်လုပ်နိုင်ဖို့ကိုလည်း အလေးထားဆောင်ရွက်နေပါတယ်" ဟု ဦးခိုင်မြင့်ကပြောသည်။

ပြည်တွင်း၌ အရည်အသွေးပြည့်မီသော အဆင့်မြင့်ရော်ဘာများ ထုတ်လုပ်ကာ ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်စေရန် ရော်ဘာလုပ်ငန်းရှင်များကို နိုင်ငံတော်မှ ချေးငွေများ ထုတ်ချေးပေးလျက်ရှိပြီး အထူးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးထားသော ရော်ဘာမှိုင်းရုံလုပ်ငန်းရှင်များကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများထုတ်ချေးပေးလျက်ရှိသည်။

ပြည်တွင်း၌ ရော်ဘာပင်ကို မွန်ပြည်နယ်၌ အများဆုံးစိုက်ပျိုးပြီး တနင်္သာရီတိုင်းဒေသကြီး၌ ဒုတိယအများဆုံးစိုက်ပျိုးကာ ကရင်ပြည်နယ်၌ တတိယအများဆုံးစိုက်ပျိုးကြောင်း၊ ထို့ပြင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌လည်း ရော်ဘာပင်များ အများအပြားစိုက်ပျိုးထားသည့်အပြင် ယခုနောက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ ဒေသတချို့၌လည်း ရော်ဘာခြံများ စိုက်ပျိုးလာကြကြောင်း သိရသည်။

**ဆောင်းဦး**

# ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ဩဂုတ်လ ၁၆ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချိုက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားများကို ၂၀၁၄ ခုနှစ်မှစ၍ တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌ ကျင်းပပေးခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင် ၁၄ ခု၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ လစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကျောင်းစာကြည့်တိုက်များသည် ကျောင်းသား၊ ကျောင်းသူများအတွက် အထောက်အကူပြုစေရန်သာမက စာပေလေ့လာလိုစိတ်ကိုမြှင့်တင်ပေးနိုင်သော နေရာဖြစ်ကြောင်း၊ ငယ်စဉ်ကပင် စာပေဖတ်ရှုသောအလေ့အကျင့်များဖြစ်ထွန်းစေရန် မိဘ၊ ဆရာဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ စာရေးဆရာချစ်မုန်းငြိမ်းက စာပေ၏အကျိုးကျေးဇူးကြီးမားပုံကို အသိပညာပေးဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစည်သူမောင်မောင်က လစဉ်ဆောင်ရွက်သွားမည့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ၊ ကျောင်းစာကြည့်တိုက်များ ရေရှည်ရှင်သန်နိုင်ရေးအတွက် ကျောင်းစာကြည့်တိုက် ငွေပဒေသာပင်စိုက်ထူနိုင်ရေးနှင့် လစဉ်ကျောင်းစာကြည့်တိုက်သို့ စာအုပ်စာစောင်များ ဝယ်ယူဖြည့်တင်းနိုင်ရေး ဆောင်ရွက်မည့်အစီအစဉ်များအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဩဂုတ်လ ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့သော စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိခဲ့သော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းပေးသူများနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီပံ့ပိုးပေးခဲ့သောအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။ ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**

# ကျောက်ဆည်မြို့နယ် ရဲဘော်ကြီးကျေးရွာ၌ ချည်မျှင်ရှည်ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



ကျောက်ဆည် ဩဂုတ် ၁၇


မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ရဲဘော်ကြီးကျေးရွာ၌ စိုက်ပျိုးထားသော ချည်မျှင်ရှည်ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ မိုးချည်မျှင်ရှည်ဝါကို သင်းဒီးစိုက်ပျိုးရေးနည်းပညာပေးစခန်းနှင့် သင်းတွဲစိုက်ပျိုးရေးနည်းပညာပေးစခန်းများမှ ကျေးရွာအုပ်စုများတွင် အများဆုံးစိုက်ပျိုးကြပြီး သင်္ဂတုံကျေးရွာအုပ်စု၌ ၂၃ ဧက၊ ကလေးကျေးရွာအုပ်စု၌ ၁၈ ဧက၊ မှိုင်းပန်ကျေးရွာအုပ်စု၌ ၄၇၅ ဧက၊ ရှမ်းတောင်ဦး ကျေးရွာအုပ်စု၌ ၁၀ ဧက၊ ရဲဘော်ကြီးကျေးရွာအုပ်စု၌ ၅၀၂ ဧက၊ ရဲယမန်းကျေးရွာအုပ်စု၌ ၉၄၆ ဧက၊ ပေါင်လောင်ကျေးရွာအုပ်စု၌ ဧက ၃၁၀၊ တောင်တော်ကျေးရွာအုပ်စု၌ ၄၃၁ ဧက၊ ကင်းကျေးရွာအုပ်စု၌ ၃၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဝါစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများမှ အပင်ပေါက်ချိန်မှ ရက်ပေါင်း ၃၀ အတွင်း တစ်ကျင်း၂ ပင်ချန်စနစ်ဖြင့် သားခွဲစေခြင်း၊ အပိမ့်ဝင်ချိန်နှင့်ပန်းပွင့်ချိန်၌ သွင်းအားစုထည့်ပြီးရေသွင်းခြင်း၊ ရက်ပေါင်း ၅၀ ကျော်တွင် ပိုးမွှားကျရောက်မှုအားစောင့်ကြည့်မှတ်တမ်းယူပြီး ကာကွယ်နှိမ်နင်းခြင်း၊ ပန်းပွင့်ဖြိုင်ချိန်တွင် ရေသွင်းခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်စေရေးနှင့် ဝါကောက်သိမ်းသိုလှောင်နည်းများကို ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ


ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကျွန်ုပ်မှာ သင်္ဘောပေါ်၌ ကုပ်နေရသော ရက်ပေါင်းများပြီဖြစ်၍ ဘုရားသို့ ခပ်သုတ်သုတ်လျှောက်လာရာ လမ်းတစ်ဝက်ကျော်ကျော်ရောက်ကြသောအခါ နောက်မှ မီအောင်မလိုက်နိုင်သောလူများ ကျန်နေရစ်ပြီဖြစ်၍ "ရှေ့ကဆရာကြီး ဖြည်းဖြည်းလုပ်ပါ၊ ကျွန်တော်တို့ မလိုက်နိုင်ဘူး" ဟု ပြောယူရသည်။ ပြောမည့်သာပြောကြသည်။ သူတို့အထဲတွင် အကြီးဆုံးလူမှာ အသက် ၅၀ ပင် ကျော်သေးပုံမရချေ။ ဤသည်မှာ လွန်ခဲ့သော ၁၀ နှစ်ခန့်ကတည်းက နံနက်တိုင်း မှန်မှန်လမ်းလျှောက်ခဲ့ခြင်း၏ အကျိုးပေတည်း။ ကျွန်ုပ်၏တပည့် ဖိုးကြီးမောင်သည် ကျွန်ုပ်နှင့်အတူနေစဉ်အခါ ဘယ်တော့မှ လမ်းလျှောက်လိုက်သည်မရှိ။ ကျွန်ုပ် သုံးလေးပြန်လျှောက်နိုင်သည့် ဈေးချိုခရီးမျှလောက်ကို မရှိမဲ့ရှိမဲ့နှင့် ဆိုက်ကားအမြဲစီး၍ သွားတတ်လေသည်။ သူသည် ကျွန်ုပ်တို့ထံမှ ဆိုက်ကားခတောင်းလျှင် ခဲယဉ်းလိမ့်မည်ဟု သိသည်နှင့် စာအုပ်ဆိုင်ထွက်သော ကျွန်ုပ်၏ညီဘဇံထံမှ ဆိုက်ကားခအမြဲတောင်းသည်ဟု သိရသည်။ ဖိုးကျင်မောင်မူကား ကျွန်ုပ်နှင့် ပြင်ဦးလွင်၌ အတူနေကြစဉ် နံနက်တိုင်းလမ်းလျှောက်လိုက်ဖို့ ကြိုးစားရာသည်။ ဤတစ်ကောင်လည်း ခပ်ပျင်းပျင်းရှိသည်။ သို့သော် ကျွန်ုပ်ဆူမည်ကို ကြောက်သည်နှင့် သူ့ဘာသာမထသော်လည်း ကျွန်ုပ်က နှိုးလိုက်လျှင် လူးလဲ၍ ထဖော်ရပေသည်။

## စိုးရိမ်ရသောနေရာများ

မန္တလေး-ရန်ကုန် ရေကြောင်းခရီးမှာ ထိုခေတ်အခါက လုံခြုံမှုမရှိသဖြင့် အောက်ပိုင်းသို့ ရောက်သောအခါ ခရီးသည်များမှာ တထိတ်ထိတ်တလန့်လန့်ဖြင့် လိုက်ပါကြရ၏။တစ်ရံတစ်ခါ၌မူ ထိတ်လန့်ရုံမျှဖြင့် ကိစ္စမပြီးချေ။ သင်္ဘောအရာရှိများ၏ နှိုးဆော်ချက်အရ တချို့နေရာများ၌ ခရီးသည်များသည် သင်္ဘောအောက်ထပ်သို့ဆင်းကြ၍ ဆန်အိတ်များကြားတွင် ဝပ်သူကဝပ်၊ မှောက်သူကမှောက်၊ ချောင်ကြိုချောင်ကြား၌ ပုန်းလျှိုးသူကပုန်းလျှိုး အမျိုးမျိုးသောဣရိယာပုတ်ဖြင့် ကိုယ့်ကိုယ်ကိုယ်သေးငယ်အောင် ကျုံ့ထားကြရလေသည်။ တစ်နေရာတွင် ကမ်းပါးစောက်ကြီးသည် သင်္ဘောအမိုးထက်ပင်မြင့်လျက်ရှိရာ ကမ်းပေါ်မှ ဘရင်းဂန်း၊ စတင်းဂန်းများဖြင့်ဆွဲလိုက်လျှင် သက်သာလှမည်မဟုတ်ဟု အောက်မေ့မိသည်။ ဤနည်းအားဖြင့် သုံးလေးကြိမ်မျှ ဆန်အိတ်များကြားသို့ ဝင်ချည်ထွက်ချည် ပုန်းလျှိုးကြရသော်လည်း ကံကောင်းထောက်မသဖြင့် သေနတ်သံတစ်ချက်မျှ မကြားခဲ့ရဘဲ ချောမောစွာ



လွတ်မြောက်လာကြပါသည်။

## အားနာတတ်လွန်းခြင်း

၁၉၅၀ ပြည့်နှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ကျွန်ုပ်တို့၏ မင်းလတ်သင်္ဘောသည် ရန်ကုန်ဆိပ်ကမ်းသို့ဝင်လာလေရာ လမ်းခရီးတွင် ခရီးသည်အပြည့်ပါသောနေရာများ ရှိခဲ့သော်လည်း (ထုံးစံပေလောမသိ) ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်သည့်အခါတွင် ခရီးသည် ၂၀၊ ၂၅ ဦးထက် မများတော့သဖြင့် တချို့က "အမယ်လေးဟဲ့၊ သင်္ဘောကလည်း တစ္ဆေခြောက်မှာတောင် ကြောက်ရတယ်" ဟုပြောကြသည်။ တချို့ခရီးသည်များမှာ ကမ်းပေါ်မှ အကြိုလာသူများအား "ဘယ်သူရေ ဘယ်ဝါရေ" စသည်ဖြင့် လှမ်းခေါ်နှုတ်ဆက်လျက်ရှိကြရာ ဝန်စည်အတော်များသော ကျွန်ုပ်တို့မှာ ဘယ်သူ့ကိုမျှ လှမ်းခေါ်ရမည့်လူမရှိသဖြင့် ဇနီးနှင့် ခယ်မတို့ မျက်နှာငယ်ကြခြင်းအတွက် ကျွန်ုပ်သနားမိသည်။ ဤသို့ဖြစ်ရခြင်းမှာ ကျွန်ုပ်၏အမှားကြောင့်ပင်ဖြစ်သည်။ ကျွန်ုပ်၏ဝါသနာတစ်ခုမှာ တခြားလူများကို ဒုက္ခမပေးချင်၊ ကိုယ့်ဘာသာသွားတတ်သည်။ ရောက်သောအခါမှ ဝမ်းသာကြပါစေဟု သဘောထားတတ်သောကြောင့် ကြိုတင်အကြောင်းကြားခြင်းမပြုမိခဲ့ချေ။ ရန်ကုန်၌ ညီအစ်ကိုအရင်းနှင့် တပည့်နှစ်ယောက်အပြင် မိတ်ဆွေများလည်းရှိပါလျက် ကြိုတင်အကြောင်းမကြားမိခြင်းအတွက် (အထူးသဖြင့် ပစ္စည်းများပါသောကြောင့်) ဇနီးနှင့် ခယ်မတို့ အားငယ်ကြရခြင်းမှာ ကျွန်ုပ်၏အပြစ်ဖြစ်သည်။ ကျွန်ုပ်သည် မိမိကိုယ်တိုင်က မျက်နှာမငယ်၊ အားမငယ်တတ်သည်နှင့် တခြားလူများလည်း ဤသို့ဖြစ်ရမည်ဟု မှော်လင့်လွန်းအားကြီးသည့်အပြစ်မျိုးဖြစ်နေ၏။ ကိုယ်ချင်းမစာတတ်သောအပြစ်ဟူ၍ကား ဆိုသင့်သည်မထင်ပါ။ ကျွန်ုပ်တစ်ယောက်တည်း ခရီးသွားသောအခါများတွင်လည်း ကြိုတင်အကြောင်းကြားသည်ဟု အလွန်နည်းပါးသည်။

## ရှုမဝနှင့် အဆက်ပြတ်ပုံ

ကျွန်ုပ်သည် ရန်ကုန်သို့ မဆင်းမီကတည်းက ကျောက်မြောင်းရပ် သီတာလမ်းတွင် အခန်းတစ်ခန်းရဖို့ ကြိုတင်စီစဉ်ထားပြီး ဖြစ်သည်နှင့်အညီ ညီနှင့်၎င်း၏အိမ်သူအိမ်သားများ ကျေနပ်စေရန် သူတို့အိမ်၌ ရက်သတ္တပတ်မျှ တည်းခိုပြီးနောက် သီတာလမ်းသို့ ပြောင်းရွှေ့နေထိုင်ကြ၏။ ထိုစဉ်က ဝမ်းရေးအတွက် ကျွန်ုပ်၏အားကိုးမှာ သွေးသောက်မဂ္ဂဇင်း၊ ဟံသာဝတီသတင်းစာနှင့် ဝတ္ထုရှည်များရေးခြင်းပင်ဖြစ်၏။ ရှုမဝမဂ္ဂဇင်းအတွက်မူ ကျွန်ုပ် မရေးတော့ဟု ဆုံးဖြတ်ထား၏။ မရေးခြင်းမှာ ဤသို့သောအကြောင်းကြောင့်ပေတည်း။ ကျွန်ုပ်သည် ဖိုးကြီးမောင်၏တိုက်တွန်းချက်အရ ရှုမဝအတွက် တော်လ်စတွိုင်၏ အယ်နာကရင်းနီးနားဝတ္ထုကို စာအုပ်ဆိုဒ်အရွယ် (Book Length) ဘာသာပြန်ပေးပြီး ရှုမဝမဂ္ဂဇင်း၌ ထည့်ကြ၏။ ယင်းအတွက် အခကြေးငွေရှင်းသောအခါ တင့်တယ်အားပေးသည်ဟု ဖိုးကြီးမောင်ပြောဖူးသောနှုန်းထက် လျော့နည်းနေခြင်းကိုတွေ့ရ၍ ဘာမျှပြန်မပြောသော်လည်း ရှုမဝအတွက် ဘာမျှမရေးတော့ဟု ဆုံးဖြတ်လိုက်သည်။ ကိုယ်ပိုင်ဉာဏ်ဖြင့် ရေးကြသော ဝတ္ထုစာမူများအတွက် ဘယ်သူဘယ်လောက်ရကြသည်ဖြစ်စေ ကျွန်ုပ် ကိစ္စမရှိ၊ ဘာသာပြန်ဝတ္ထုအတွက်ဆိုလျှင် မည်သူထက်မျှ ယုတ်လျော့ပေးခြင်းကို ကျွန်ုပ်ခံနိုင်မည်မဟုတ်ချေ။ သို့နှင့် ရှုမဝနှင့်ကျွန်ုပ် ပြတ်သွားခဲ့သည်မှာ နှစ်အတန်ကြာခဲ့သေးသည်။ ရန်ကုန်၌ရှိစဉ် တိုင်းရင်းမေ စသောမဂ္ဂဇင်းမျိုး၌ပင် (သော်တာဆွေ၏တောင်းပန်မှုကြောင့်) ဘာမဆိုင်ညာမဆိုင် ရေးခဲ့ဖူးသော်လည်း ရှုမဝအတွက် တစ်ပုဒ်မျှ ကျွန်ုပ်မရေးခဲ့ချေ။ ရှုမဝကိုကျော်သည် ကျွန်ုပ်အပေါ်တွင် ယခုတစ်လော၌ တော်သလောက်ထိုစဉ်က ရှော်ခဲ့သည်။ ဤလူကား စာပေသမားနှင့်ပတ်သက်၍ အကဲခတ်ရာတွင် (ကျွန်ုပ်အထင်အားဖြင့်) 'ထင်မိထင်ရာ' လူတစ်ယောက်ဖြစ်၏။ စာရေးဆရာတစ်ယောက်ကို သူသဘောကျသည်ဆိုလျှင် သူ့လည်ပင်း၌ ကင်ဆာပေါက်သည်ဆိုပါက ထိုလူကိုပြရမှ ကျေနပ်မည့်ပုံရ၏။ သို့ရာတွင် ကျွန်ုပ်သည် ရှုမဝမဂ္ဂဇင်းအတွက် ဘာမျှမရေးသော်လည်း ရှုမဝ ဧည့်ခံပွဲများသို့မူ ဖိတ်တိုင်းရောက်ပါသည်။

## ဦးညွန့်နှင့် ဦးဆန်နီ

ရန်ကုန်သို့ပြန်ရောက်၍ သီတာလမ်း၌ နေထိုင်ရသည်တွင် နှစ်ပေါင်းအတန်ကြာမျှ ကွဲကွာနေသော "ရင်ဘတ်မိတ်ဆွေ" ကိုခင်မောင်နှင့် ပြန်လည်ဆုံစည်းခွင့်ရပြီး နံနက်တိုင်း အတူလမ်းလျှောက်ရခြင်း၊ ဓမ္မမိတ်ဆွေများဖြစ်သည့် ဗြိတိသျှဘားမားဦးညွန့်၊ ဦးဆန်နီတို့နှင့် တရားဓမ္မဆွေးနွေးရခြင်း၊ သော်တာဆွေခေါ်ခဲ့သော စာရေးဆရာသစ်များဖြစ်ကြသည့် သုခ၊ သာဓု၊ သန်းဆွေ၊ မင်းရှင်၊ နောင် စသော လူငယ်များနှင့် မိတ်ဆွေဖြစ်ရခြင်းသည် ကျွန်ုပ်အဖို့ အမြတ်ဟူ၍ အောက်မေ့ပါသည်။ အထူးသဖြင့် ဦးညွန့်၊ ဦးဆန်နီ၊ (တစ်ခါတစ်ရံ) ဒဂုံကိုလှဖေ စသောပုဂ္ဂိုလ်များနှင့် တရားဆွေးနွေးရသည်မှာ အတော်အရသာရှိလှပါသည်။ ဦးညွန့်၊ ဦးဆန်နီတို့သည် ကျွန်ုပ်နှင့်သိကျွမ်းသည်မှာ အတန်ကြာပြီဖြစ်သော်လည်း ကျွန်ုပ်အားတရားဓမ္မ၌ လေ့လာလိုက်စားသူတစ်ယောက်အနေဖြင့် ယခုမှပင်သိကြ၍ အလွန်တရာအံ့ဩဝမ်းသာလျက်ရှိကြ၏။ တနင်္ဂနွေနေ့တိုင်း ဦးညွန့်သည် ကျွန်ုပ်၏အိမ်သို့ သူ၏ကားကို လွှတ်လေ့ရှိရာ ကျွန်ုပ်ရောက်သွားသောအခါ၌ ဦးဆန်နီရောက်လျက်ရှိလေပြီ။ ဦးညွန့်သည် ကျွန်ုပ်တို့အား တနင်္ဂနွေနေ့တိုင်း နံနက်စာကျွေးလေ့ရှိရာ သူ၏အနေအထိုင်အခင်းအကျင်းနှင့် အကျွေးအမွေးများမှာ ကျွန်ုပ် မြင်ဖူးတွေ့ဖူးသမျှသော မြန်မာဓနရှင်များအနက်တွင် အသားနားဆုံး၊ အသပ်ရပ်ဆုံး၊ ဖိမ်အရှိဆုံးဖြစ်ပေသည်ဟု ကျွန်ုပ်အမှတ်အသားပြုမိပါသည်။ **ဆက်လက်ဖော်ပြပါမည်။**

---

# အားကစားနှင့်လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်ပြပွဲကျင်းပ

ဘုတ်ပြင်း ဩဂုတ် ၁၇

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ထောင်ခမက်ကျေးရွာအုပ်စု ကလန်းချောင်းကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ အခြေခံပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အားကစားနှင့်လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၆ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်သီဟက အသိပညာပေးဟောပြောပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးစောကျော်စိုးမိုးက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းပညာရေးအပြင် အားကစားကို အထူးလေ့လာလိုက်စားစေလိုကြောင်း၊ အားကစားပြုလုပ်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ အခြေခံပညာကျောင်းပေါင်းစုံ အေရိုးဗစ်အားကစားပြိုင်ပွဲများကျင်းပမည်ဖြစ်၍ ကျောင်းသူများအနေဖြင့် ပါဝင်ယှဉ်ပြိုင်ကာ မိမိကျောင်းအတွက်သာမက မြို့နယ်အတွက် ထူးချွန်သော အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် ဟောပြောပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ဖြူဖြူသိန်းက လူငယ်နှင့်ယဉ်ကျေးမှုခေါင်းစဉ်ဖြင့်ဟောပြောရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို တန်ဖိုးထား မြတ်နိုးတတ်စေရန်နှင့်ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများဖြစ်လာစေရန်၊ ပြင်ပဗဟုသုတရရှိစေရန် စာပေများဖတ်ရှုလေ့လာကြစေလိုကြောင်း၊ ပြည်သူ့စာကြည့်တိုက်တွင် အသိပညာဗဟုသုတရရှိစေရန် စာအုပ်စာပေများနှင့် သုတ၊ ရသစာအုပ်စာစောင်များကို အခမဲ့လာရောက်ငှားရမ်းနိုင်ကြောင်း ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအား အားကစားအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်ရေးရာများနှင့်ပတ်သက်သည့် အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

# လျှော်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၇

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမ သုံးလပတ်ရေရှည်ကောက်ခံရရှိမှုအခြေအနေနှင့်အခွန်တိုးတက်ကောက်ခံရရှိရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်ရာ၌ အထောက်အကူပြုစေရန်အတွက် ရသင့်ရထိုက်သော အခွန်အခများရရှိရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း အခွန်ဘဏ္ဍာငွေအပြည့်အဝရရှိရန် မိမိတာဝန်ယူရသည့်ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များမှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီဝင်းအတွင်း လျှော်ဘေးသင့်ဝန်ထမ်းမိသားစုများ Modular House များဖြင့် နေထိုင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ဇေယျာဌာနီလမ်း၊ ဇမ္ဗူရန်နိမ်လမ်းနှင့်ရာဇသင်္ဂဟလမ်းတို့သို့သွားရောက်၍ လျှော်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သောလမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရာသီဥတုကောင်းမွန်ချိန်တွင် စက်ယန္တရား၊ လူအင်အားတိုးမြှင့်ပြီး အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရေး၊ လုပ်ငန်းသုံးကျောက်များသတ်မှတ်အရွယ်အစားအတိုင်း အသုံးပြုရေးတို့ကို မှာကြားခဲ့ကြောင်းသိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

# AYA BANK WOMEN'S FUTSAL LEAGUE 2025 ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ




ရန်ကုန် ဩဂုတ် ၁၇

AYA BANK WOMEN'S FUTSAL LEAGUE 2025 ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ MFF Futsal Stadium သုဝဏ္ဏ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အာရှဘောလုံးအဖွဲ့ချုပ်အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်၊ တိုင်းဒေသကြီး ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ AYA BANK မှ CEO၊ တာဝန်ရှိသူများနှင့် ပရိသတ်များက ဗိုလ်လုပွဲအဖြစ် YRG FC အသင်းနှင့် YGN CITY အသင်းတို့၏ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တေးသံရှင်များက သီချင်းများဖြင့် ဖျော်ဖြေခဲ့ကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ ပွဲစဉ်တွင်တာဝန်ယူခဲ့သည့် ဒိုင်ကြီးကြပ်နှင့် ဒိုင်လူကြီးများကို အမှတ်တရဆုများကိုလည်းကောင်း၊ ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသည့် MINGALARDON FC အသင်းကို ဆုဖလားနှင့်ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ အကောင်းဆုံးဂိုးသမားဆုရရှိသည့် YRG FC အသင်းမှ ကျောနံပါတ် (၁၂) မသရဖီအောင်ကို ဆုတံဆိပ်နှင့်ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ အကောင်းဆုံးကစားသမားဆုရရှိသည့် YRG FC အသင်းမှ ကျောနံပါတ် (၁၁) မမေဇင်ဦးကို ဆုတံဆိပ်နှင့်ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ စတုတ္ထဆုရရှိသည့် ISPE FC အသင်းကို ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ တတိယဆုရရှိသည့် THUNDER TIGRESSES FC အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် DIVINE FC အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်ပြိုင်ပွဲတွင်ပထမဆုရရှိသည့် YRG FC အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေအား အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကလည်းကောင်း၊ ချန်ပီယံဆုဖလားကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# အချိန်အခါမဟုတ် ကန်ဖော်ရောင်းချမှုကြောင့် ပုံမှန်မွေးမြူထုတ်လုပ်ရောင်းချမှုကွင်းဆက် ပြတ်လပ်သွားနိုင်



ရန်ကုန် ဩဂုတ် ၁၇

ငါးဈေးကွက်သို့ အချိန်အခါမဟုတ် ကန်ဖော်ရောင်းချမှုကြောင့် ပုံမှန်မွေးမြူထုတ်လုပ်ရောင်းချမှုကွင်းဆက် ပြတ်လပ်နိုင်သည့်အပြင် ရေရှည်တွင် ဝယ်ယူစားသုံးမှုကိုလည်းထိခိုက်နိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ရွှေပိတောက်ငါးဈေးမှသိရသည်။

ရေငန်ထွက်ကုန် စတင်ဝင်ရောက်ခဲ့သည့် ဇူလိုင်လပထမပတ်မတိုင်မီ ရေချိုထွက်ကုန်များဈေးကောင်းခဲ့ပြီး ဧရာဝတီ၊ ရန်ကုန်နှင့်ပဲခူးတိုင်းဒေသကြီးရှိ ငါးကန်များသည်ဈေးကောင်းရရှိခြင်း၊ ဆက်လက်မွေးမြူမှု အစာစရိတ်ချွေတာလိုခြင်းနှင့် ရာသီဥတုကြောင့် ငါးကန်များပျက်စီးဆုံးရှုံးမှုကို ရှောင်ရှားလိုခြင်းတို့ကြောင့် အချိန်မရောက်မီ ငါးကန်များကိုဖော်ကြရာ အရွယ်မတိုင်မီငါးများရွှေပိတောက်ငါးဈေးနှင့် ဗဟိုစံပြငါးဈေးသို့ ဝင်ရောက်လာခြင်းဖြစ်သည်။

"အရင်လို ဆိုဒ်ကြီးအရွယ်အထိ မမွေးတော့ဘဲဆိုဒ်သေးတွေ ဈေးကွက်ကိုပို့နေတာကြာပြီ။ သူတို့အတွက်မြတ်ပြီး အခြားကုန်ကျစရိတ်တွေလည်း လျှော့ချရာရောက်တယ်။ ဒါပေမဲ့ အရင်လိုစားသုံးမှုနဲ့ထုတ်လုပ်မှု ပုံမှန်အတိုင်း လည်ပတ်တော့မှာမဟုတ်တဲ့အတွက် ငါးထုတ်လုပ်မှုကွင်းဆက်ပြတ်သွားနိုင်ပါတယ်။ ပုံမှန်အတိုင်းဆိုရင် ၁၀ လ၊ တစ်နှစ်မွေးပြီးမှ ထုတ်လုပ်တာကို လေး၊ ငါးလနဲ့ထုတ်ရောင်းလာကြတာပါ။ ပုံမှန်ရာသီအလိုက် မွေးမြူထုတ်လုပ်တာ မဟုတ်တော့တဲ့အတွက် ဈေးကွက်နဲ့ထုတ်လုပ်မှုကို ထိခိုက်နိုင်တယ်။ ပုံမှန်အချိန်မဟုတ်ဘဲ ကန်ဖော်ရောင်းချပြီး ပြန်မွေးရတာကြောင့် ရာသီအလိုက် ဈေးကွက်ထဲကိုဝင်နေတဲ့ ငါးဝင်ရောက်မှုလည်း ပျက်သွားနိုင်တယ်။ ဒါကြောင့် မွေးမြူထုတ်လုပ်မှုလျော့ကျတာ၊ အချိန်အခါမဟုတ်ဘဲကန်ဖော်ရောင်းချတာတွေဟာ ပုံမှန်မွေးမြူထုတ်လုပ်ရောင်းချမှုကွင်းဆက် ပြတ်လပ်သွားနိုင်တဲ့အတွက် ရေချိုထွက်ကုန်ဈေးကွက်အတွက်သာမက ရေချိုထုတ်လုပ်မှုကိုလည်း ထိခိုက်နိုင်ပါတယ်"ဟု ရွှေပိတောက်ငါးဈေးသာယာရေးအဖွဲ့မှဒုတိယဥက္ကဋ္ဌဦးအေးကိုက ပြောသည်။

ငါးဈေးကွက်သို့ ဆိုဒ်သေးငါးများဝင်ရောက်မှုများလာခြင်းကြောင့် ပြည်ပပို့ကုန်ဆိုဒ်ကြီးမွေးမြူမှု ၂၀ ရာခိုင်နှုန်းကျော် လျော့ကျလာကြောင်း၊ ငါးဆိုဒ်အသေးများ ကန်ဖော်၍ ၄၊ ၅ လက်မအရွယ်မျိုးငါးများ ပြန်လည်စိုက်ထည့်ရာတွင် ဝယ်မရခြင်းနှင့် ဈေးနှုန်းမြင့်တက်ခြင်းတို့ကြောင့် ငါးမွေးမြူမှု လျော့ကျလာခြင်းသည် ငါးဈေးနှုန်းအမြင့်ဈေးတွင် ရပ်တန့်နေမှုကိုဖြစ်စေသည့် အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

ရွှေပိတောက်ငါးဈေးသို့ ယခင်က တစ်ရက်လျှင် ရေထွက်ကုန်ပိဿာချိန် ငါးသိန်း ဝင်ရောက်ခဲ့ရာမှ ယခုအခါ ကုန်ချိန်သုံးသိန်းခန့်သာ ဝင်ရောက်လျက်ရှိရာ ရင်းနှီးမတည်ငွေမြင့်မားလာမှုကြောင့် ကုန်ချိန် ၁၀၀ ရောင်းချရာမှ ကုန်ချိန် ၃၀ သို့ လျှော့ချရောင်းချခြင်းနှင့် လက်ကားရောင်းချရာ မြို့နယ်ဈေးများ၌ ငါးဈေးနှုန်းကိုမြင့်၍ ရောင်းချမှုသည်လည်း စားသုံးသူ၊ ဈေးကွက်နှင့် မွေးမြူထုတ်လုပ်မှုကို ထိခိုက်လာနိုင်ကြောင်းနှင့် ရေထွက်ကုန်ဝင်ရောက်မှု လျော့ကျမှုကြောင့် ဝယ်လိုအားများလာမှုကို ကုစားနိုင်ရန် ငါးသေးဆိုဒ်များထုတ်လုပ်ရောင်းချမှုသည် ရေရှည်တွင် ရေထွက်ကုန်ပုံမှန်လည်ပတ်မှုကိုထိခိုက်နိုင်၍ ထုတ်လုပ်ရောင်းချမှုကွင်းဆက်ကိုလည်း ပြတ်လပ်သွားနိုင်ကြောင်း ရွှေပိတောက်ငါးဈေးမှ ရေထွက်ကုန်ဖြန့်ချိသော လုပ်ငန်းရှင်များက သုံးသပ်ထားသည်။

**ဓာတ်ပုံ - ဖွဲ့မာန်သစ္စာ(MNA)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့၊ မက္ခရာနှင့် ပလိပ်ဒေသတို့ရှိ ရှေးဟောင်းအဆောက်အအုံများ၊ စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်နေမှု ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေး





နေပြည်တော် ဩဂုတ် ၁၇

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးနှင့် အတူ ယနေ့နံနက်ပိုင်းတွင် သီတဂူဆရာတော်ဘုရားကြီးအား ဖူးမြော်ကြည်ညို၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ရှိ ရှေးဟောင်းအဆောက်အအုံများ၊ စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှု အခြေအနေများအား လျှောက်ထားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများ လှူဒါန်းသည့် ကြေးဗုဒ္ဓဆင်းတုတော်၊ ဓမ္မစေတီ၊ ဓာတ်တော်၊ စေတီတော်များနှင့် အလှူငွေများကို သီတဂူဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကာ သီတဂူဆရာတော်ကြီးထံမှ ဩဝါဒခံယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆွမ်းဦးပုညရှင်စေတီတော် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဥမင်သုံးဆယ်ဘုရားရှိ ငလျင်ဒဏ်ကြောင့် ဦးခေါင်းတော် ထိခိုက်ပျက်စီးခဲ့သော ဆင်းတုတော်များကို မူလပုံအတိုင်း ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ “စစ်ကိုင်းအစ၊ စေတီလှက” ဆိုသည့်အတိုင်း စေတီလှဘုရား ငလျင်ကြောင့် တစ်ဆူလုံးကြေမွပျက်စီးသွားသည့် အခြေအနေများကိုလည်းကောင်း၊ စေတီလှဘုရားအနီးရှိ ငလျင်ကြောပေါ်တည်ရှိနေ၍ တစ်ဆူလုံးတိမ်းစောင်းကြေမွထိခိုက်ပျက်စီးနေသည့် ရွှေမုဋ္ဌောဘုရားကိုလည်းကောင်းကြည့်ရှုစစ်ဆေးပြီး ပျူကံစေတီအစုသို့သွားရောက်၍ ကုန်းဘောင်ခေတ် အင်္ဂတေပန်းလက်ရာများ ကျန်ရှိနေသည့် ရှေးဟောင်းစေတီ ဘုရားခုနစ်ဆူအား ဂရုတစိုက်ပြုပြင်ထိန်းသိမ်းသွားရန်၊ ရှေးဟောင်းလက်ရာ အင်္ဂတေပန်းများကြွံခိုင်ရေး ဓာတုဗေဒဆေးဖြင့်ထိန်းသိမ်းရန် မှာကြားသည်။

ယင်းနောက် စစ်ကိုင်းမြို့ အသင်္ခယာရိပ်သာတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငလျင်ကြောင့်ထိခိုက်ပျက်စီးသွားသော စေတီတော်များပြုပြင်ထိန်းသိမ်းရာတွင် ထည့်သွင်းဌာပနာရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ပြည်ထောင်စုဝန်ကြီးနှင့်ခုနစ်ရက်သားသမီးများ လှူဒါန်းသော ကြေးဗုဒ္ဓဆင်းတုတော်၊ ဓာတ်တော်များ၊ ဓမ္မစေတီများကိုပေးအပ်လှူဒါန်းသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ပုထိုး စုစုပေါင်း ၁၁၈ ခုအနက် ပြန်လည်ပြုပြင်ထိန်းသိမ်းရန် ဦးစားပေးအဆင့်အလိုက် အဆင့်များခွဲခြားပြီး ဆောင်ရွက်လျက်ရှိရာ ပထမဦးစားပေးအဆင့်ပြုပြင်ရန် ဘုရား ၉၅ ဆူအနက် နှစ်ဆူဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ ၁၀ဆူဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် မက္ခရာဒေသရှိ ဆေးဘုရားနှင့် ဘုရားငါးဆူတွင် ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများလှူဒါန်းသော ကြေးဗုဒ္ဓဆင်းတုတော်၊ ဓမ္မစေတီတော်၊ ဓာတ်တော်၊ စေတီတော် အလယ်ဌာပနာသွင်းမင်္ဂလာကို ရွှေရောင်တော်ဆရာတော်ဘုရားကြီးနှင့် ကျောက်ဆည်မဟာဂန္ဓာရုံ ဆရာတော်ဦးဆောင်၍ ဆောင်ရွက်တော်မူကြပြီး ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ ဓာတ်တော်မွေတော်များကို ဩဝါဒါစရိယဆရာတော်များထံ ကပ်လှူပြီး ပြုပြင်လျက်ရှိသည့် ဘုရားနှစ်ဆူတွင် ထည့်သွင်းဌာပနာသည်။

ယင်းနောက် ပလိပ်မြို့ မြွေဘုရားပရဝဏ်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံ စေတီဘုရားများအား ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများ လှူဒါန်းသော ကြေးဗုဒ္ဓဆင်းတုတော်၊ ဓမ္မစေတီတော်၊ ဓာတ်တော်၊ စေတီတော်များ၊ ဝါဆိုသင်္ကန်းနှင့် လှူဒါန်းငွေများကို ဆရာတော်များထံသို့ ဆက်ကပ်လှူဒါန်းသည်။

ပလိပ်ဒေသတွင် မန္တလေးငလျင်ကြီးကြောင့် ရှေးဟောင်းဘုရား ၂၉၄ ဆူအနက် ၂၄၉ ဆူ ထိခိုက်ပျက်စီးခဲ့ရာ ပြန်လည်ပြုပြင်လှူဒါန်းလိုသော အလှူရှင်များ၏ လှူဒါန်းမှု၊ ဂေါပကအဖွဲ့ရန်ပုံငွေဖြင့် ပြုပြင်မှုတို့ဖြင့် မူလဓာတ်ပုံများ၊ အထောက်အထားများအတိုင်း ပြန်လည်ပြုပြင်လျက်ရှိရာ လေးဆူ ပြုပြင်ပြီးစီးပြီး နှစ်ဆူပြုပြင်နေဆဲဖြစ်သည်။

ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရားများအား ပြန်လည်ပြုပြင်ရန် လှူဒါန်းလိုပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ သာသနာရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဂေါပကအဖွဲ့များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး မန္တလေး၊ စစ်ကိုင်းဒေသရှိ ရှေးဟောင်းဘုရားများပြုပြင်ရန် လှူဒါန်းထားခဲ့သည့် အလှူရှင်များအနေဖြင့် မိမိတို့ဘိုးဘွားမိဘအဆက်ဆက် လှူဒါန်းခဲ့သည့် ရှေးဟောင်းဘုရားများ ထိခိုက်ပျက်စီးမှုရှိ/မရှိ သိရှိလိုပါက အထက်ပါဌာနများသို့ဖြစ်စေ၊ myanmarearthquake.gov.mm Website တွင်ဖြစ်စေ စုံစမ်းမေးမြန်းကြည့်ရှုနိုင်ကြောင်းနှင့် ပျက်စီးမှုပြန်လည်ပြုပြင်လိုပါကလည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မြဝတီ

# ဝန်ထမ်းအိမ်ရာများနှင့် Container House များတွင်နေရာချထားမှု ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး လှည့်လည်ကြည့်ရှု



နေပြည်တော် ဩဂုတ် ၁၇

ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးသည် ဒုတိယစာရင်းစစ်ချုပ်နှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ နေပြည်တော်စာရင်းစစ်ရုံးနှင့် ခရိုင်/ မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုစာရင်းစစ်ချုပ်က နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် အပြန်အလှန်လေးစားမှုများထားရှိဆောင်ရွက်ရေး၊ အဂတိကင်းရှင်းစွာ ကျင့်ဝတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်ရေး၊ သတင်းအချက်အလက်များလုံခြုံမှုရှိစေရေး၊ အထက်အောက် အဆင့်ဆင့်ထိတွေ့ပြီး တွေ့ကြုံရသောအခက်အခဲများကို ပေါင်းစပ်ညှိနှိုင်း၍ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ငလျင်ဘေးဒဏ်ကြောင့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ပျက်စီးထိခိုက်ခဲ့မှုများနှင့် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ရုံးလုပ်ငန်းစီမံဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ နေပြည်တော်စာရင်းစစ်ရုံး ညွှန်ကြားရေးမှူးနှင့် ခရိုင်/မြို့နယ် စာရင်းစစ်ရုံးတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်နှင့်အဖွဲ့သည် ငလျင်ဘေးဒဏ်သင့်ဝန်ထမ်း ၂၁ ဦးတို့ကို ထောက်ပံ့ငွေများပေးအပ်ကြပြီး ထိခိုက်ပျက်စီးသည့်ဝန်ထမ်းအိမ်ရာများနှင့် Container House များတွင် နေရာချထားမှုများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

## ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဩဂုတ် ၁၇

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# ယခုဘဏ္ဍာနှစ် လေးလတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၂၆၀၀ ကျော် တင်ပို့နိုင်ခဲ့



**ရန်ကုန် ဩဂုတ် ၁၇**

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် လေးလတာကာလ အတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၂၆၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှတာဝန် ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ လေးလတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၂၄၁၈ ဒသမ ၇၂၇ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၁၂ သန်းရရှိခဲ့ကြောင်း၊ နယ်စပ်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၂၆၉ ဒသမ ၀၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈၁ သန်းရရှိသည့်အတွက် စုစုပေါင်း ပုစွန်မက်ထရစ်တန် ၂၆၈၇ ဒသမ ၇၉၇ တန်တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၉၃ သန်း ရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါးစသည့် ရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဂျပန်နိုင်ငံ စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။**စောယု**

# ဘိုကလေးမြို့နယ် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ လူငယ်စကားဝိုင်းနှင့် ဟောပြောပွဲကျင်းပ




**ဘိုကလေး ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဩဂုတ်လ ၁၇ ရက်တွင် လူငယ်စကားဝိုင်းနှင့် ဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ လူငယ်စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်က နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများနှင့်အတူ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်ဝါသနာ၊ လူငယ်နှင့်အောင်မြင်မှု စသောခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသော သင်တန်းသား၊ သင်တန်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာကဏ္ဍအလိုက် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်က စာဖတ်ရှိန်မြှင့်တင်ရေးအတွက် တိုက်တွန်းမှုများနှင့် လူငယ်များအတွက် အကျိုးဖြစ်ထွန်းဖွယ်ရာ၊ မှတ်သားအတုယူစရာများအား အသိပညာပေးဟောပြောခဲ့ကြောင်း၊ ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကဏ္ဍစုံအသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသ စာအုပ်စာပေများကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

အဆိုပါလူငယ်စကားဝိုင်းသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဘိုကလေးမြို့နယ် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

# ရန်ကုန်စတော့အိတ်ချိန်း၌ ဩဂုတ်လဒုတိယပတ် တစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာအစောင် နှစ်သောင်းခွဲကျော် အရောင်းအဝယ်ဖြစ်

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်မြို့ ရန်ကုန်စတော့အိတ်ချိန်း၌ ဩဂုတ်လဒုတိယပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၇၃၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်နှစ်သောင်းခွဲကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများ အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဩဂုတ်လ ၁၁ ရက်မှ ၁၅ ရက်အထိ စုစုပေါင်း ငွေကျပ် ၇၃၉၂၆၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၅၉၆၇ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၁၁၅၆၇၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၆၃၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ထက်ဝက်ကျော် အရောင်းအဝယ် ကျဆင်းခဲ့သည်။

MTSH ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၂၈၈၈၇၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၉၂၆၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ငါးပုံတစ်ပုံခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MCB ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၂၀၇၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် လေးပုံသုံးပုံခန့် အရောင်းအဝယ်ကျဆင်းခဲ့သည်။

FPB ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၆၀၇၂၈၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၁၄၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် သုံးပုံတစ်ပုံခန့် အရောင်းအဝယ်ကျဆင်းခဲ့သည်။

TMH ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၁၃၅၉၆၀၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၂၈၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် သုံးပုံတစ်ပုံကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

EFR ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၈၂၅၀၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၄၉၇၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် လေးပုံတစ်ပုံကျော် အရောင်းအဝယ်ကျဆင်းခဲ့သည်။

AMATA ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၃၀၆၆၂၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၉၂၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ထက်ဝက်ကျော် အရောင်းအဝယ်ကျဆင်းခဲ့သည်။

MAEX ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၂၂၇၇၄၅၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၇၁၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် အနည်းငယ်အရောင်းအဝယ်ကျဆင်းခဲ့သည်။

ယခုတစ်ပတ်အတွင်း အများပိုင်ကုမ္ပဏီရှစ်ခုတွင် ကုမ္ပဏီနှစ်ခုမှအပ ကျန်ကုမ္ပဏီခြောက်ခုမှာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်ကျဆင်းခဲ့ခြင်းကြောင့် စုစုပေါင်းရောင်းချနိုင်မှုမှာလည်း ယခင်တစ်ပတ်ကထက် အရောင်းအဝယ်ကျဆင်းခဲ့ကြောင်း သိရသည်။ **ခန့်ခန့်**

# ဘားအံမြို့နယ် ကော့ဂွန်း(ဖဲကတာ)ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ဆဌမအကြိမ်ထုတ်ချေး

**ဘားအံ ဩဂုတ် ၁၇**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကော့ဂွန်း(ဖဲကတာ)ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ ဆဌမအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ်လ ၁၇ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဒေါ်မေဦးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် VRFP စီမံကိန်းရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကော့ဂွန်း(ဖဲကတာ)ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ VRFP စီမံကိန်းရန်ပုံငွေ ဆဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၀ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို ငွေကျပ် ၄၉၂ သိန်းအား အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဘိုဘို**

# အူမကြီးကင်ဆာ၏အဖြစ်များသောလက္ခဏာများနှင့် စောစီးစွာရှာဖွေတွေ့ရှိနိုင်သောနည်းလမ်းများ

အူမကြီးကင်ဆာဟုလည်း လူသိများသော စအိုနှင့် အူမကြီးကင်ဆာသည် ကမ္ဘာတစ်ဝန်းတွင် ကင်ဆာနှင့်ဆက်နွယ်သောသေဆုံးမှု၏ အဓိကအကြောင်းရင်းများထဲမှ တစ်ခုဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏အဆိုအရ ၂၀၂၀ ပြည့်နှစ်တွင် အူမကြီးကင်ဆာဖြစ်ပွားမှုအသစ် ၁ ဒသမ ၉ သန်းကျော်ရှိခဲ့ပြီး ကမ္ဘာတစ်ဝန်းတွင် လူပေါင်း ၉၃၀၀၀၀ သေဆုံးခဲ့ကြောင်း သိရသည်။ အူမကြီးကင်ဆာအသစ်ဖြစ်ပွားမှုသည် ၂၀၄၀ ပြည့်နှစ်တွင် တစ်နှစ်လျှင် ၃ ဒသမ ၂ သန်း (၆၃ ရာခိုင်နှုန်း) တိုးလာမည်ဖြစ်ပြီး သေဆုံးမှုသည် တစ်နှစ်လျှင် ၁ ဒသမ ၆ သန်း (၇၃ ရာခိုင်နှုန်း) တိုးလာမည်ဟုလည်း ခန့်မှန်းထားသည်။ အူမကြီးကင်ဆာသည် တစ်ချိန်က အသက် ၅၀ နှင့်အထက် သက်ကြီးရွယ်အိုများကို အဓိကထိခိုက်စေသော အခြေအနေတစ်ခုဟု ယူဆထားသော်လည်း မကြာသေးမီနှစ်များအတွင်း အသက် ၂၀ မှ ၄၉ နှစ်ကြား အရွယ်ရောက်ပြီးသူများတွင် အူမကြီးကင်ဆာဖြစ်ပွားမှုနှုန်းများ သိသိသာသာမြင့်တက်လာသည်။ ယခုအခါ ပြည်သူ့ကျန်းမာရေးဆိုင်ရာစိုးရိမ်စရာတစ်ခုအဖြစ် အသိအမှတ်ပြုထားသောကြောင့် စောစီးစွာသိရှိနိုင်မှုသည် ရလဒ်များ တိုးတက်ကောင်းမွန်ရန် အရေးကြီးပါသည်။ ထို့ကြောင့် စောစီးစွာရှာဖွေတွေ့ရှိခြင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံပြောင်းလဲခြင်းများသည် အူမကြီးကင်ဆာဖြစ်ပွားမှုအန္တရာယ်ကို လျှော့ချရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။

**မကြာခဏလျစ်လျူရှုထားလေ့ရှိသော အူမကြီးကင်ဆာ၏ အဖြစ်များသောလက္ခဏာများ**

ကုသမှုအောင်မြင်ရန်အတွက် အူမကြီးကင်ဆာ၏ လက္ခဏာများကို စောစီးစွာသိရှိနိုင်ရန် အလွန်အရေးကြီးပါသည်။ သို့သော်လည်း အူမကြီးကင်ဆာ၏ ကနဦးလက္ခဏာများသည် မကြာခဏဆိုသလို အလွယ်တကူလျစ်လျူရှုထားတတ်သဖြင့် ရောဂါရှာဖွေမှုကို နှောင့်နှေးစေနိုင်သည်။ အူမကြီးကင်ဆာရောဂါလက္ခဏာငါးမျိုးတွင် အူလမ်းကြောင်းဆိုင်ရာ အလေ့အထပြောင်းလဲမှုများ (ဆက်တိုက်ဆိုသလို ဝမ်းပျက်ဝမ်းလျှော သို့မဟုတ် ဝမ်းချုပ်ခြင်းကဲ့သို့)၊ ဝမ်းအတွင်း သွေးပါခြင်း၊ ဆက်တိုက်ဝမ်းဗိုက်နာခြင်း သို့မဟုတ် ဝမ်းဗိုက်ကြွက်တက်ခြင်း၊ ကိုယ်အလေးချိန်ကျခြင်းနှင့် ပင်ပန်းနွမ်းနယ်ခြင်းတို့ပါဝင်သည်။ ဤလက္ခဏာများသည် မပြင်းထန်သဖြင့် လွယ်ကူစွာ ပျောက်ကင်းနိုင်သော်လည်း ဆက်လက်ရှိနေပါက သို့မဟုတ် ပိုဆိုးလာပါက ဆရာဝန်နှင့်တိုင်ပင်ရန် အရေးကြီးပါသည်။

**အူလမ်းကြောင်းဆိုင်ရာ အလေ့အထများပြောင်းလဲခြင်း**

ဝမ်းသွားသည့်အလေ့အထကို အလွယ်တကူ လျစ်လျူရှုမထားသင့်ပါ။ ဝမ်းလျှောခြင်း၊ ဝမ်းချုပ်ခြင်း၊ သို့မဟုတ် ဝမ်းသွားရခက်ခဲခြင်းကဲ့သို့သော အူလမ်းကြောင်းပုံစံပြောင်းလဲမှုများ အမြဲရှိနေခြင်းသည် အူမကြီးကင်ဆာ၏ အစောပိုင်းလက္ခဏာတစ်ရပ်ဖြစ်သည်။ လူအများစုက အူလမ်းကြောင်းအလေ့အထအပြောင်းအလဲများကို အစားအသောက် သို့မဟုတ် စိတ်ဖိစီးမှုကြောင့်ဟု မှတ်ယူလေ့ရှိသည်။ သို့သော် ဝမ်းလျှောခြင်း၊ ဝမ်းချုပ်ခြင်း သို့မဟုတ် ဝမ်းသွားရခက်ခြင်းများကို တစ်ပတ်ထက်ပို၍ခံစားနေရပါက ဆရာဝန်နှင့်ပြသတိုင်ပင်သင့်ပါသည်။

> " အူမကြီးကင်ဆာရောဂါလက္ခဏာငါးမျိုးတွင် အူလမ်းကြောင်းဆိုင်ရာ အလေ့အထပြောင်းလဲမှုများ (ဆက်တိုက်ဆိုသလို ဝမ်းပျက်ဝမ်းလျှော သို့မဟုတ် ဝမ်းချုပ်ခြင်းကဲ့သို့)၊ ဝမ်းအတွင်း သွေးပါခြင်း၊ ဆက်တိုက်ဝမ်းဗိုက်နာခြင်း သို့မဟုတ် ဝမ်းဗိုက်ကြွက်တက်ခြင်း၊ ကိုယ်အလေးချိန်ကျခြင်းနှင့် ပင်ပန်းနွမ်းနယ်ခြင်းတို့ပါဝင်သည်။ ဤလက္ခဏာများသည် မပြင်းထန်သဖြင့် လွယ်ကူစွာ ပျောက်ကင်းနိုင်သော်လည်း ဆက်လက်ရှိနေပါက သို့မဟုတ် ပိုဆိုးလာပါက ဆရာဝန်နှင့်တိုင်ပင်ရန် အရေးကြီးပါသည်. . ."

**ဝမ်းထဲတွင် သွေးပါခြင်း**

အူမကြီးကင်ဆာ၏ အစောပိုင်းလက္ခဏာတစ်ခုမှာ ဝမ်းထဲတွင် သွေးပါခြင်းဖြစ်သည်။ ဝမ်းထဲတွင် အနီရောင်သွေးများ သို့မဟုတ် ဝမ်းမည်းမည်းပါလာသည်ကို သတိပြုမိပါက ဆရာဝန်နှင့်ချက်ချင်းပြရန် လိုအပ်ပါသည်။ အဆိုပါလက္ခဏာများသည် လိပ်ခေါင်းရောဂါ သို့မဟုတ် အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာပြဿနာများအဖြစ် မကြာခဏလျစ်လျူရှုထားလေ့ရှိသည်။ အူမကြီးကင်ဆာလူနာအများစုသည် စအိုလမ်းကြောင်းမှ သွေးထွက်လေ့ရှိတတ်သဖြင့် WHO ၏အဆိုအရ ဝမ်းထဲတွင် အနီရောင် သို့မဟုတ် ကတ္တရာစေးကဲ့သို့မည်းနက်ပြီး သွေးများပါနေသည်မှာ အူမကြီးကင်ဆာ၏ အဖြစ်များသော လက္ခဏာဖြစ်သည်။ အူလမ်းကြောင်းကို မှန်ပြောင်းဖြင့် စောစီးစွာစုံစမ်းစစ်ဆေးခြင်းသည် ဝမ်းထဲတွင် သွေးပါနိုင်သောအကြောင်းရင်းကို ရှင်းလင်းစွာသိစေပြီး ကင်ဆာမပြန့်ပွားမီ တားဆီးကုသနိုင်သည်။

**ဝမ်းဗိုက်မအီမသာဖြစ်ခြင်း**

မကြာခဏဝမ်းဗိုက်အောင့်ခြင်း သို့မဟုတ် ဗိုက်နာခြင်း၊ ဝမ်းပျက်ခြင်းတို့သည် အူမကြီးကင်ဆာ၏ လက္ခဏာဖြစ်နိုင်သည်။ ဆေးဝါးကုသနေသော်လည်း ဝမ်းဗိုက်နာကျင်မှုများ ဆက်ရှိနေသောအခါ သို့မဟုတ် ဝမ်းဗိုက်အောင့်ခြင်းနှင့် တခြားသောလက္ခဏာများ ရှိနေပါက အကြောင်းရင်းကိုစစ်ဆေးရန် ဆရာဝန်နှင့်ပြသသင့်ပါသည်။

**ကိုယ်အလေးချိန်ကျခြင်း**

ကိုယ်အလေးချိန်လျှော့ချရန်မကြိုးစားဘဲ ကိုယ်အလေးချိန်ကျခြင်းသည် ကောင်းသောလက္ခဏာမဟုတ်ကြောင်း သတိရပါ။ ရုတ်တရက် မထင်မှတ်ဘဲ ကိုယ်အလေးချိန်ကျသွားခြင်းသည် အူမကြီးကင်ဆာအပါအဝင် ကင်ဆာများ၏သတိပေးလက္ခဏာဖြစ်နိုင်ပါသည်။ ကိုယ်အလေးချိန်ကျခြင်းလက္ခဏာကို ကောင်းသောအပြောင်းအလဲတစ်ခုဟု ထင်မြင်ကြပြီး မကြာခဏလျစ်လျူရှုထားတတ်ကြသည်။ အကယ်၍ အစားအသောက်မပြောင်းလဲဘဲ သို့မဟုတ် လေ့ကျင့်ခန်းမလုပ်ဘဲ ၁၀ ပေါင်နှင့်အထက်လျော့ကျခြင်းနှင့် တခြားသော အူမကြီးကင်ဆာလက္ခဏာများ ပေါင်းစပ်ပါက စစ်ဆေးရန် ဆရာဝန်နှင့်ပြသသင့်သည်။

**နာတာရှည်ပင်ပန်းနွမ်းနယ်ခြင်း**

အနားယူပြီးသည့်တိုင် တစ်ချိန်လုံး ပင်ပန်းနွမ်းနယ်နေခြင်းမှာ ကင်ဆာများ၏ သတိပေးလက္ခဏာဖြစ်နိုင်သည်။ ပင်ပန်းနွမ်းနယ်ခြင်းသည် လျစ်လျူရှုထားတတ်သောလက္ခဏာဖြစ်ပြီး လူအများစုက အလုပ်ပင်ပန်းမှု သို့မဟုတ် စိတ်ဖိစီးမှုဟု သတ်မှတ်ကြသည်။ အူမကြီးကင်ဆာသည် အူမကြီးအတွင်းပိုင်းသွေးယိုခြင်းကို ဖြစ်စေနိုင်ပြီး သွေးအားနည်းရောဂါနှင့် စွမ်းအင်ကိုလျော့ကျစေသည်။ လေ့လာမှုများအရ အူမကြီးကင်ဆာလူနာများတွင် ပင်ပန်းနွမ်းနယ်မှုကို အစောပိုင်းလက္ခဏာအဖြစ် ခံစားရကြောင်း တွေ့ရှိခဲ့သည်။ အလုပ်များသောလူနေမှုပုံစံများအတွက် ပင်ပန်းနွမ်းနယ်မှုလက္ခဏာကို လွယ်လွယ်နှင့်မေ့ထားတတ်ကြသော်လည်း တခြားလက္ခဏာများနှင့်တွဲနေပါက သတိထားရန်လိုအပ်ပါသည်။

**စောစီးစွာရှာဖွေတွေ့ရှိနိုင်သော နည်းလမ်းများ**

အူမကြီးကင်ဆာဟုလည်း လူသိများသော ကင်ဆာအမျိုးအစားသည် အူမကြီးအတွင်းပိုင်းနှင့် စအိုအတွင်း၌ Polyps ဟုခေါ်သည့် သေးငယ်သော အကျိတ်အဖြစ် စတင်သည်။ Polyps များသည် ကင်ဆာဖြစ်ရန် နှစ်ပေါင်းများစွာအချိန်ယူရသော်လည်း မကုသဘဲထားလျှင် အူမကြီးနံရံမှတစ်ဆင့် ကြီးထွားလာပြီး ပြန်ရည်လမ်းကြောင်း သို့မဟုတ် သွေးကြောများမှတစ်ဆင့် တခြားအင်္ဂါများသို့ ပျံ့နှံ့သွားနိုင်သည်။ အူမကြီးကင်ဆာသည် ကြိုတင်ကာကွယ်နိုင်သည်။ အူမကြီးကင်ဆာစစ်ဆေးမှုသည် ကုသ၍ရနိုင်သောအကောင်းဆုံးအချိန်၌ အူမကြီးကင်ဆာကို စောစီးစွာသိရှိရန်၊ Polyps များကိုဖော်ထုတ်ရန်နှင့် ဖယ်ရှားရန် ရည်ရွယ်သည်။

FIT (fecal immunochemical test) ကဲ့သို့ ဝမ်းအခြေခံစစ်ဆေးမှုများသည် ဝမ်းအတွင်းသွေးပါခြင်းကို ရှာဖွေနိုင်ပြီး အူလမ်းကြောင်းကို မှန်ပြောင်းဖြင့်စစ်ဆေးခြင်း(colonoscopies)ကဲ့သို့သော ပုံမှန်စစ်ဆေးမှုများသည် အူမကြီးကို တိုက်ရိုက်မြင်နိုင်စေရန်နှင့် ကင်ဆာမဖြစ်မီတွင် Polyps များကို ရှာဖွေဖယ်ရှားနိုင်သည်။ လူအများစုသည် အသက် ၄၅ နှစ်ကျော်ပြီးနောက် မကြာမီတွင် အူမကြီးကင်ဆာကို စတင်စစ်ဆေးသင့်ပြီး ပုံမှန်ကြားကာလများတွင် ဆက်လက်စစ်ဆေးသင့်သည်။ သို့သော် မိသားစုကင်ဆာရောဂါရာဇဝင် သို့မဟုတ် လူနေမှုပုံစံအရ ဖြစ်နိုင်ခြေရှိသောသူများအတွက် တခြားသူများထက်စောပြီး မကြာခဏစစ်ဆေးရန် လိုအပ်နိုင်သည်။

မကြာသေးမီက လေ့လာမှုများအရ အရွယ်ရောက်ပြီးသူများတွင် အူမကြီးကင်ဆာဖြစ်ပွားမှုပိုများလာခြင်းနှင့်ပတ်သက်၍ ကျွမ်းကျင်သူများက ကြိုတင်ကာကွယ်သည့် လူနေမှုပုံစံပြောင်းလဲခြင်းကို အလေးပေးလာကြသည်။ စစ်ဆေးမှုနှင့် ကုသခြင်းဆိုင်ရာတိုးတက်မှုများကြောင့် အူမကြီးကင်ဆာအတွက် အသက်ရှင်နှုန်းသည် မကြာသေးမီနှစ်များအတွင်း သိသိသာသာတိုးတက်လာခဲ့သည်။

အနှစ်ချုပ်ရသော် အူမကြီးကင်ဆာရောဂါလက္ခဏာများသည် မသိသာခြင်း သို့မဟုတ် မကြာခဏလျစ်လျူရှုထားလေ့ရှိခြင်း၊ တခြားအခြေအနေများအတွက် လွဲမှားနိုင်ခြင်းတို့ကြောင့် စောစီးစွာသိရှိနိုင်ရန် အရေးကြီးပါသည်။ အထူးသဖြင့် မိသားစုကင်ဆာရောဂါရာဇဝင် သို့မဟုတ် လူနေမှုပုံစံအရ ကင်ဆာဖြစ်နိုင်ခြေရှိသောသူများအတွက် ပုံမှန်စစ်ဆေးမှုများသည် အသက်ရှင်သန်မှုနှုန်းကို သိသိသာသာတိုးတက်စေပြီး ပိုမိုထိရောက်သောကုသမှုရလဒ်များကို ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ ရောဂါရှာဖွေသိရှိမှုနောက်ကျခြင်းများကိုလျှော့ချရန်နှင့် အချိန်မီထိရောက်သောကုသမှုရရှိရန်အတွက် အူမကြီးကင်ဆာ၏အဖြစ်များသောလက္ခဏာများကို သိရှိနားလည်စေရန် အသိပညာဖြန့်ဝေလိုခြင်းဖြစ်ပါသည်။

**ဒေါက်တာသိဂီကျော်**

# ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များပြသ

သထုံ ဩဂုတ် ၁၇

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ဩဂုတ်လ ၁၆ ရက်က ဘင်လှိုင်ရပ်ကွက်ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များ ပြသသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ကျောင်းသား၊ ကျောင်းသူများ ယဉ်ကျေးလိမ္မာရေး၊ အချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရေး၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိစေမည့် စာအုပ်စာပေများလေ့လာဖတ်ရှုကြစေရေးတို့ကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ပုံပြင်ပြော၊ ကဗျာရွတ်၊ ဉာဏ်စမ်း၊ ဆေးရောင်ခြယ်ပြိုင်ပွဲများကို ကျင်းပရာ အခြေခံပညာမူလတန်းလွန်ကျောင်း(မော်ကျော့)မှ ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြပြီး တာဝန်ရှိသူများက ဆုရရှိသူများအား အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် စာအုပ်စာစောင်များ၊ ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ သဘာဝဘေး ကြိုတင်ကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့် အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

# ပြည်နယ်အဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေးသီတင်းပတ်အခမ်းအနားကျင်းပ

တောင်ကြီး ဩဂုတ် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ဩဂုတ်လ ၁၇ ရက်နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် ပြည်နယ်အဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေးသီတင်းပတ်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းကျန်းမာရေး သီတင်းပတ်စာစီစာကုံးပြိုင်ပွဲတွင် ထူးချွန်ဆုပထမ၊ ဒုတိယ၊ တတိယရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ အာဟာရချက်ပြုတ်ပြိုင်ပွဲတွင်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ မိခင်နို့တိုက်ကျွေးမှုစံပြမိခင်ပြိုင်ပွဲတွင်ဆုရရှိသော မိခင်များအား ဆုများ အသီးသီးပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ၂၀၂၅ ခုနှစ် ပြည်နယ်အဆင့်အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့်ကျောင်းကျန်းမာရေးသီတင်းပတ်ပြခန်းအား လှည့်လည်ကြည့်ရှုကြောင်း သိရသည်။

(၄၀၅)



# စာဖတ်ခြင်းဖြင့် လှဂုဏ်မြှင့်

❖ အသိမြင့်မား တိုးဖို့လျှင်
စာပေဖတ်မှုပင်၊
မပြတ်ရှုမြင် ပွားများမှ
တွေးခေါ်မြင့်မည်ပ။

❖ ဗဟုသုတ ပြည့်ဖို့ရာ
ဖတ်မှတ်နေမှသာ၊
ကောင်းဆိုးသေချာ ပိုင်းခြားတတ်
ဆုံးဖြတ်မှန်မည်မှတ်။

❖ ဆည်းပူး သုံးသပ် ရှာမှီးသူ
တွေးခေါ်ပုံချင်းမတူ၊
ကြောင်းကျိုးအယူ မူဟန်ကွဲ
ခြားနားနေလေမြဲ။

❖ လူ့ဘောင်နယ်ထဲ လှမ်းစဉ်ခါ
မှားမှန် ကြုံကြမှာ၊
အားနည်းအားသာ ထိန်းကျောင်းညှိ
စာပေစွမ်းနှင့် ဖြည့်။

❖ ကိုယ့်ဆန္ဒကြည့် အဟုတ်ထင်
လမ်းလွဲလျှောက်ကာပင်၊
ထောက်ပြရှုမြင် လင်းရောင်ပွင့်
ရလဒ်ကောင်းတွေဆင့်။

❖ ကြီးမြတ်ဂုဏ်မြင့် တင့်ဖို့ရှယ်
စာပေ ဘဏ်တိုက်ဝယ်၊
သုံးမကုန်ဖွယ် တန်ဖိုးများ
ရယူ မျှဝေပွား။

❖ "အောင်မြင်ဝင့်ကြွား တင့်လိုလျှင်"
စာဖတ် မွေ့စေချင်၊
တွေးခေါ်မြော်မြင် မြင့်မားဖို့
စာပေတန်ဖိုး မြတ်နိုးလို့။
အလေးထား စာဖတ်စို့။ ။

မင်းသွေးနွယ်(ဇီးကုန်း)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ရွှေတိဂုံစေတီတော်သို့ ဇူလိုင်လအတွင်း ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည် ခြောက်သိန်းဝန်းကျင်လာရောက်



ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ ဇူလိုင်လအတွင်း ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည် ခြောက်သိန်းဝန်းကျင် လာရောက်ဖူးမြော်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

ယင်းကာလအတွင်း ဘုရားဖူးလာရောက်မှုအနေဖြင့် သံဃာတော် ၁၁၈၈၇ ပါး၊ သာသနဒ္ဓဇနွယ်ဝင်သီလရှင် ၅၃၂၃ ပါး၊ အမျိုးသား ၂၆၉၆၅၄ ဦး၊ အမျိုးသမီး ၃၀၆၄၈၆ ဦး၊ နိုင်ငံခြားသား ၂၉၁၆ ဦး၊ နိုင်ငံခြားသူ ၃၀၃၅ ဦး စုစုပေါင်း ၅၉၉၃၀၁ ဦးဖြစ်သည်။

အဆိုပါကာလ၌ ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးလာရောက်မှုသည် ရုံးဖွင့်ရက်များတွင် တစ်ရက်လျှင် အနည်းဆုံးလူဦးရေ တစ်သောင်းဝန်းကျင်မှ တစ်သိန်းသုံးသောင်းဝန်းကျင်အထိလာရောက်ကြပြီး အများပြည်သူရုံးပိတ်ရက်များဖြစ်သည့် ဇူလိုင်လ ၆ ရက် (တနင်္ဂနွေနေ့) တွင် လာရောက်သူဦးရေ ၃၄၂၈၀၊ ဇူလိုင်လ ၉ ရက် ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) တွင် ၁၂၈၁၆၂ ဦး၊ ဇူလိုင်လ ၁၉ ရက် (အာဇာနည်နေ့) တွင် ၃၀၀၆၅ ဦး လာရောက်ဖူးမြော်ကြသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည် ရပ်နီးရပ်ဝေးမှဘုရားဖူးများအဆင်ပြေစေရန်နှင့် စိတ်အေးချမ်းသာစွာဖူးမြော်နိုင်စေရန် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ ဘုရားဖူးမြော်ချိန်ကို နံနက် ၅ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ပေးလျက်ရှိရာမှ ၂၀၂၄ ခုနှစ် ဇွန်လ ၂၁ ရက်မှစ၍ နံနက် ၄ နာရီမှ ည ၁၀ နာရီအထိ တိုးမြှင့်ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**ဝန်းရံခ**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေး

ပုသိမ် ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောင်သာကျေးရွာအုပ်စု ဇရပ်ဆိပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို နဝမအကြိမ်အဖြစ် ဩဂုတ်လ ၁၇ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းထုတ်ချေးပေးသည်။

ရှေးဦးစွာ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာမြင့်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ဇရပ်ဆိပ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၅၄ ဒသမ ၄၃ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဇရပ်ဆိပ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ရေလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၁၀ ဦးအတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၅၄ ဒသမ ၄၃ သန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။

**မောင်ခိုင်**

## မြိတ်မြို့နယ် ကန်သာယာကျေးရွာ၌ အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်လှစ်



မြိတ် ဩဂုတ် ၁၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းကို ဩဂုတ်လ ၁၇ ရက်တွင် ကန်သာယာကျေးရွာ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲခေါင်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ကျေးလက်ဒေသ၌ ကျွမ်းကျင်လုပ်သားများပေါ်ထွန်းလာစေရန်၊ သင်တန်းပြီးကာလ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ချိတ်ဆက်ပေးမည့်အခြေအနေများနှင့် ရင်းနှီးမတည်ငွေများရရှိရေး ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲခေါင်နှင့် တာဝန်ရှိသူများက သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းသို့ ကန်သာယာကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး အဆင့်မြင့်စက်ချုပ်နည်းနှင့်ပတ်သက်၍ ကျွမ်းကျင်နည်းပြဆရာမများက ဒီဇိုင်းဘာသာရပ် ၁၀ မျိုးကို ဩဂုတ်လ ၁၇ ရက်မှ စက်တင်ဘာလ ၁၃ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

## ရွှေတောင်မြို့နယ်၌ ယခုနှစ် မိုးစပါး စိုက်ပျိုးရာသီတွင် စပါး ၅၈၁၆၃ ဧက စိုက်ပျိုးပြီးစီး



ရွှေတောင် ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်၌ စပါးမျိုးကောင်းမျိုးသန့် တိုးပွားစေရန်နှင့် ဆန်၊ စပါးဖူလုံစေရန် ရည်ရွယ်၍ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် စပါး ၅၈၁၆၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေတောင်မြို့နယ်၌ ယခုနှစ်မိုးစပါး စိုက်ပျိုးရာသီတွင် မော်ဘီ-၂၊ ရတနာတိုး၊ ဗီယက်နမ်၊ ရက်-၉၀ စသည့်စပါးမျိုးများကို ပျိုးထောင်စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်များဖြင့် စိုက်ပျိုးပြီး လက်ရှိတွင် လျာထားဧကပြည့်မီစွာ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေတောင်မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် စိုက်ပျိုးနည်းစနစ်သင်တန်းများ ဖွင့်လှစ်ခြင်း၊ ကွင်းသရုပ်ပြခြင်း၊ သွင်းအားစုများ ပံ့ပိုးပေးခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ ရောစပ်ကြဲပက်ခြင်း၊ စပါးအထွက်နှုန်းတိုးတက်မြင့်မားစေရန် တောင်သူများအား နည်းပညာပေးခြင်း၊ လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှုမြင့်မားတိုးတက်စေရန်၊ မိုးစပါးစိုက်ပျိုးထုတ်လုပ်ရာတွင် အထွက်နှုန်းမြင့်မားပြီး အရည်အသွေးကောင်းမွန်သော မျိုးကောင်းမျိုးသန့်များရရှိစေရန် စိုက်ပျိုးရေးအသိပညာပေးခြင်း စသည်တို့ကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားရေရိက္ခာဖူလုံပေါများစေရေးနှင့်ပတ်သက်၍ အဓိကစားကုန်ဖြစ်သည့် ဆန်သည် နိုင်ငံအတွက် ဖူလုံမှုရှိပြီးဖြစ်သည့်အပြင် ပြည်ပသို့လည်း နှစ်စဉ်တင်ပို့လျက်ရှိကြောင်း သိရသည်။

မိုးစပါးကို ပန်းတိုင်ရည်မှန်းချက်အတိုင်း ပြည့်မီအောင်စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

# မိုးကျရေချို

ကျော်ဦး

ပန်းများနိုးကြွ၊ ကကြိုးကအောင်၊ မိုးကရွာပြီ မိုးရွာပြီ။
လယ်မြေစိမ်းမြ၊ လှမျိုးသအောင်၊ မိုးကရွာပြီ မိုးရွာပြီ။
ချောင်းရေစမ်းကျ၊ ဆတိုးကြွအောင်၊ မိုးကရွာပြီ မိုးရွာပြီ။

**တင်မိုး**



ခေါင်မိုးပေါ်မှကျလာသောမိုးရေသည်လည်း ရေချိုအရင်းအမြစ်တစ်ခုဖြစ်သည်။

"မိုးရွာရင်မိုးရေချိုးမယ်" သီချင်းကို လူတိုင်းကြားဖူးကြသည်။ မိုးရေနှင့် မည်သူမျှမကင်းနိုင်ကြပုံကို ဖော်ပြသောသီချင်းဖြစ်သည်။ မြန်မာနိုင်ငံရှိ အိမ်တိုင်းအိမ်တိုင်းသည် မိုးရေကို တစ်နည်းမဟုတ်တစ်နည်း သုံးဖူးကြသည်။ ဗဟိုရေပေးဝေရေးစနစ်နှင့် အလှမ်းကွာသည့် အိမ်များ၊ ဗဟိုရေပေးဝေရေးစနစ်မှ ရေကိုရယူသော်လည်း မလောက်သည့်အိမ်များတွင် မိုးရေကို ခံယူသုံးစွဲကြသည်။ အိမ်တွင်ရှိသည့် ပုံး၊ ခွက်၊ ကန်စသည်တို့ဖြင့် အဆင်ပြေသလို ခံသုံးကာ ရသမျှဖြင့်ရောင့်ရဲနေကြသော်လည်း ရယူသိုလှောင်ရာ၌ နည်းစနစ်မှန်ကန်လျှင် မိုးရေသည် ရေမလုံလောက်သောနေရာများတွင် သန့်ရှင်းသောရေကောင်းရေသန့်ကို အတိုင်းအတာတစ်ခုအထိ လုံလောက်စွာပေးနိုင်ကြောင်း အောက်ပါတွက်ချက်မှုများအရ သိနိုင်သည်။

## ရနိုင်သောမိုးရေပမာဏ

မိမိတို့အိမ်ခေါင်မိုးမှ တစ်နှစ်အတွင်း ကျလာသည့် မိုးရေပမာဏကိုသိလိုလျှင် အမိုးအကျယ်အဝန်းကို ဒေသတွင်း ရွာကျသည့်မိုးရေချိန်နှင့် မြှောက်ရသည်။


အမိုးအလျား x အမိုးအနံ x မိုးရေချိန် = ရနိုင်သည့်မိုးရေပမာဏ

ဥပမာ- တစ်နှစ်မိုးရေချိန်လက်မ ၁၀၀ ရွာသောရန်ကုန်တွင် အလျားပေ ၄၀၊ အကျယ် ၂၅ ပေရှိသော အိမ်ခေါင်မိုးမှ တစ်နှစ်အတွင်းကျလာသော မိုးရေပမာဏကို တွက်လျှင် -

၄၀ ပေ x ၂၅ ပေ x ၁၀၀ လက်မ = မိုးရေပမာဏ

၄၀ ပေ x ၂၅ ပေ x ၈ ဒသမ ၃ ပေ = ၈၃၀၀ ကုဗပေ = ၅၁၈၇၅ ဂါလန်

မိုးရေများ အမိုးပေါ်ကျရောက်ရာတွင် ဘေးသို့စဉ်ထွက်ခြင်း၊ အမိုးပေါ်၌ တင်ကျန်နေခြင်း၊ အငွေ့ပြန်ခြင်းစသည်တို့ကြောင့် တွက်ချက်ရရှိသည်ထက် လက်တွေ့တွင်ရေအရနည်းသည်။ မည်မျှလျော့နည်းဆုံးရှုံး၍ မည်မျှစီးကျလာသည်ကိုသိရန် အမိုးပစ္စည်းပေါ်မူတည်၍ သတ်မှတ်ထားသော "ရေစီးကိန်း"နှင့် မြှောက်ရသည်။ သွပ်၊ အုတ်ကြွပ်ကဲ့သို့ ပြောင်ချောမျက်နှာပြင်ရှိသည့် ပစ္စည်း၏ "ရေစီးကိန်း"သည် သုည ဒသမ ၈ ဖြစ်သည်။ အမိုးပေါ်မိုးရေဂါလန် ၁၀၀၀ ရွာကျလျှင် ဂါလန် ၈၃၀ သာ အောက်သို့ စီးကျလာသည့် သဘောဖြစ်သည်။




ရနိုင်သောရေပမာဏကိုသိရန် ခေါင်မိုးအကျယ်အဝန်းကိုတွက်ရာ၌ ခေါင်အုပ်မှ တံစက်မြိတ်အထိ လျှောစောက်ဆင်းလာသည်ကိုထည့်မတွက်ရဘဲ ပုံပါအတိုင်း အပေါ်မှစီးကြည့်လျှင်မြင်ရသည့် ရေပြင်ညီဧရိယာကိုသာတွက်ရသည်။

သက်ငယ်စသည့် မညီညာကြမ်းတမ်းသောမျက်နှာပြင်ပစ္စည်း၏ "ရေစီးကိန်း" သည် သုည ဒသမ ၄ ခန့်ရှိသည်။ ရေစီးကိန်းမြင့်မားလေ စီးကျလာသောရေပမာဏများလေဖြစ်သည်။ တွက်ချက်မှုပါ အိမ်အမိုးသည် သွပ်မိုးဖြစ်ပါက ၅၁၈၇၅ ဂါလန် x သုည ဒသမ ၈ = ၄၁၅၀၀ ဂါလန်ရပြီး သက်ငယ်မိုးဖြစ်ပါက ၅၁၈၇၅ ဂါလန် x သုည ဒသမ ၄ = ၂၀၇၅၀ ဂါလန် ရမည်။

တစ်နှစ်ရေဂါလန် ၂၀၀၀၀ ကျော်သည် တစ်ရက်ဂါလန် ၅၀ ကျော်ဖြစ်၍ မိသားစုတစ်စု၏ သောက်ရေအတွက် ဖူလုံသည်သာမက သန့်ရှင်းဆေးကြောရန်အတွက်ပါ တစ်စိတ်တစ်ပိုင်းပြေလည်နိုင်သည်။

အောက်ပါဇယားတွင် သွပ်မိုးအိမ်တစ်လုံး၏အမိုးမှ တစ်နှစ်အတွင်း ခံယူရရှိနိုင်သည့်ရေပမာဏကို တွက်ချက်ပြထားသည်။ ဇယားအရ တစ်နှစ် မိုးရေချိန် လက်မ ၂၀ ရွာသောဒေသရှိ စတုရန်းပေ ၄၀၀ သို့မဟုတ် ပေ ၂၀ ပတ်လည်အမိုးတစ်ခုမှပင် တစ်နှစ် မိုးရေဂါလန် ၃၀၀၀ ကျော်မျှရရှိနိုင်ရာ မိုးရေခံယူအသုံးချခြင်းကို နေရာတိုင်းတွင် လုပ်ဆောင်သင့်နေသည်။

| မိုးရေချိန်နှင့်အမိုးဧရိယာအလိုက်ရနိုင်သောမိုးရေဂါလန် | | | | | |
|---|---|---|---|---|---|
| အမိုးဧရိယာ (စတုရန်းပေ) | တစ်နှစ်မိုးရေချိန်(လက်မ) | | | | |
| | ၂၀ | ၆၀ | ၁၀၀ | ၁၂၀ | ၁၅၀ |
| ၄၀၀ | ၃၃၃၃ | ၁၀၀၀၀ | ၁၆၆၆၇ | ၂၀၀၀၀ | ၂၅၀၀၀ |
| ၆၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ |
| ၈၀၀ | ၆၆၆၇ | ၂၀၀၀၀ | ၃၃၃၃၃ | ၄၀၀၀၀ | ၅၀၀၀၀ |
| ၁၀၀၀ | ၈၃၃၃ | ၂၅၀၀၀ | ၄၁၆၆၇ | ၅၀၀၀၀ | ၆၂၅၀၀ |
| ၁၂၀၀ | ၁၀၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၆၀၀၀၀ | ၇၅၀၀၀ |
| ၁၅၀၀ | ၁၂၅၀၀ | ၃၇၅၀၀ | ၆၂၅၀၀ | ၇၅၀၀၀ | ၉၃၇၅၀ |
| ၂၀၀၀ | ၁၆၆၆၇ | ၅၀၀၀၀ | ၈၃၃၃၃ | ၁၀၀၀၀၀ | ၁၂၅၀၀၀ |
| ၂၅၀၀ | ၂၀၈၃၃ | ၆၂၅၀၀ | ၁၀၄၁၆၇ | ၁၂၅၀၀၀ | ၁၅၆၂၅၀ |
| ၃၀၀၀ | ၂၅၀၀၀ | ၇၅၀၀၀ | ၁၂၅၀၀၀ | ၁၅၀၀၀၀ | ၁၈၇၅၀၀ |
| ၃၅၀၀ | ၂၉၁၆၇ | ၈၇၅၀၀ | ၁၄၅၈၃၃ | ၁၇၅၀၀၀ | ၂၁၈၇၅၀ |

## အမှိုက်နှင့်အမှုန်

အိမ်ခေါင်မိုးပစ္စည်းအဖြစ် သွပ်မိုး၊ အုတ်ကြွပ်မိုး၊ သက်ငယ်မိုးအပြင် ကျောက်ပြားမိုး၊ ပလတ်စတစ်အမိုး စသည်ဖြင့်အမျိုးမျိုးသုံးကြသည်။ မိုးရေသည် ပင်ကိုကပင် အက်စစ်ဓာတ်ကဲသောသဘောရှိရာ အမိုးပြားမှသုတ်ဆေးအမှုန်များ၊ သံချေးနှင့်အခြားအမှုန်များသည် မိုးရေတွင် အလွယ်တကူပျော်ဝင်လာပြီး ကျန်းမာရေးကို အန္တရာယ်ပြုနိုင်သည်။ အထူးသဖြင့် အပွန်းအပဲ့ပါသောကျောက်အမိုးပြားတို့မှ ဆင်းလာသောမိုးရေတွင် ကျောက်ဂွမ်းအမှုန်များ ရောယှက်လာတတ်သည်။

မည်သည့်ပစ္စည်းကို သုံးထားသောအမိုးဖြစ်စေ၊ မိုးတစ်ကြိမ်နှင့် တစ်ကြိမ်ကြားတွင် အမှိုက်များ၊ ဖုန်မှုန့်များ၊ ငှက်မစင် စသည့်အညစ်အကြေးများ တင်ကျန်နေသည်။ မိုးပြတ်ပြီးနောက် ပြန်ရွာသောအခါ ယင်းအညစ်အကြေးများ ရောယှက်ပါဝင်လာသဖြင့် ဦးစွာခံယူရရှိသော မိုးရေများကို အမှုန်နှင့်အမှိုက်တို့ကို ဖယ်ရှားပေးသည့်ရေလွှဲပိုက်တိုထဲသို့စီးဝင်စေကာ စစ်ထုတ်ပြီး အမှုန်နှင့်အမှိုက်များကုန်မှ သိုလှောင်ကန်ထဲထည့်ရသည်။ မိုးတိတ်သောအခါ ပိုက်တိုတွင်ပါသည့်ပလတ်ကို ဖွင့်လိုက်ခြင်းဖြင့် အမှိုက်ပါသောရေများကို ထုတ်ပစ်ရသည်။

## ရေဆင်းပိုက်

ရေတံလျှောက်မှ စီးကျလာသည့် ရေများကိုခံယူသော ပိုက်အရွယ်အစား

| မိုးရေချိန်နှင့်အမိုးဧရိယာအလိုက် သုံးသင့်သောရေဆင်းပိုက်အချင်း | | |
|---|---|---|
| ပိုက်အချင်း (လက်မ) | တစ်နာရီပျမ်းမျှမိုးရေချိန်(လက်မ) | |
| | ၂ | ၃ |
| ၂ | ၁၅၀၁ | ၁၀၀ |
| ၂.၅ | ၂၅၀ | ၁၇၅ |
| ၃ | ၄၅၀ | ၃၀၀ |
| ၄ | ၉၀၀ | ၆၀၀ |

မှန်ကန်ဖို့ကလည်း အရေးကြီးသည်။ ပိုက်အရွယ်လိုသည်ထက် ပို၍ကြီးလျှင် ကုန်ကျစရိတ်များသည်။ သေးလွန်းလျှင် မိုးရေများလျှံထွက်ဆုံးရှုံးမည်။ အနေတော်ပိုက်ကို အောက်ပါဇယားဖြင့် ရွေးချယ်အသုံးပြုသင့်သည်။

အမိုးပေါ်မှပါလာသော အမှိုက်များ ပိတ်ဆို့မှုမရှိစေရန် မိုးရေချိန်နည်းသော်လည်း အနည်းဆုံး နှစ်လက်မပိုက်များကိုသာ သုံးသင့်သည်။

## သိုလှောင်ကန်


အမိုးပေါ်မှကျလာသော ရေများကို တစ်နှစ်ပတ်လုံးခံယူလျှင် မိုးနည်းဒေသများတွင်ပင် ရေဂါလန်ထောင်သောင်းချီ၍ရနိုင်သော်လည်း ယင်းပမာဏကို သိုလှောင်သည့် ရေကန်ဆောက်လုပ်ရန် ငွေကြေးနှင့် နေရာအခက်အခဲရှိမည်ဖြစ်၍ လိုအပ်သည့်ရေပမာဏ၊ တတ်နိုင်သည့် ငွေကြေး၊ ပေးနိုင်သည့်နေရာအကျယ်အဝန်းတို့ကို ထည့်သွင်းစဉ်းစားပြီး ရေကန်အကြီးအသေး တွက်ချက်ဖို့လိုသည်။

လူငါးဦးနေသည့်အိမ်တွင် သောက်ရေနှင့်ချက်ပြုတ်ရေအတွက် မိုးရေလှောင်ကန်ကိုသာ မှီခိုသုံးစွဲမည်ဟုယူဆလျှင် တစ်ဦးနှစ်ဂါလန်နှုန်းဖြင့် တစ်ရက် ၁၀ ဂါလန်လိုအပ်သည်။ မိုးအခါတွင် ကန်သည် ရေဝင်လိုက်၊ သုံးလိုက်၊ ပြန်ပြည့်လိုက်ဖြစ်နေမည်။ နှစ်တစ်နှစ်၏နိုဝင်ဘာလမှ မေလအထိ မိုးရေလုံးဝမရဟုယူဆပါက ခုနစ်လ သို့မဟုတ် ရက်ပေါင်း ၂၀၀ ခန့်အတွက် ရေသိုလှောင်ရမည်။

၅ ဦး x ၂ ဂါလန် x ၂၀၀ ရက် = ၂၀၀၀ ဂါလန်

ထို့အတူ လူ ၅၀၀ နေသည့်ရပ်ကွက်တစ်ခုအတွက် လုံလောက်သောသောက်ရေကို စုဆောင်းသိုလှောင်ရန် ဂါလန်နှစ်သိန်းဆံ့ရေကန်ကို ဆောက်ရမည်။ ဝင်ငွေများသူတို့မှအပ အများအားဖြင့် ထိုမျှကြီးမားသောရေကန်ကို ဆောက်ရန် တစ်ဦးချင်းဖြစ်စေ၊ ရပ်ကွက်၊ ကျေးရွာအလိုက်ဖြစ်စေ လက်တွေ့တွင် အခက်အခဲရှိသည့်အတွက် တတ်နိုင်သော

စာမျက်နှာ ၁၂ သို့ ➤




ရေတံလျှောက်နှင့်ဆက်ထားသောပိုက်တွင် ဘောလုံးထည့်ထားသည့်ရေလွှဲပိုက်တို ခံထားခြင်းဖြင့် အမှိုက်နှင့်အမှုန်ပါသောရေများ ပိုက်တိုထဲသို့စီးဝင်ကျန်ရစ်သည်။ အမှိုက်ပါသည့်ရေများပြည့်သည့်အခါ ဘောလုံးကဆီး၍ပိတ်လိုက်သဖြင့် ရေကြည်များကန်ထဲသို့ ဆက်စီးသည်။ မိုးတိတ်သောအခါ ပိုက်တိုအောက်ဘက်ရှိ ပလတ်ကို ဖွင့်၍ အမှိုက်နှင့်အမှုန်များကို ထုတ်ပစ်နိုင်သည်။

➤ စာမျက်နှာ ၁၁ မှအဆက်

ငွေကြေး၊ ပေးနိုင်သည့်နေရာတို့ကို ချိန်ဆတွက်ချက်၍ ဖြစ်နိုင်သလောက် အရွယ်ကြီးသောကန်ကိုဆောက်ရသည်။



ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ ရေကန်တစ်ခု၊ ကန်အမိုးပေါ်သို့ ရွာကျသောမိုးရေကို ပိုက်ဖြင့်ကန်တွင်းသို့ဝင်စေ၍ ရေသိုလှောင်ပြီး နွေအခါ သောက်ရေအဖြစ် အသုံးပြုသည်။


ရေကန်ကို ပလတ်စတစ်၊ သံပြား၊ သံကူကွန်ကရစ် စသည့်ပစ္စည်းအမျိုးမျိုးဖြင့်တည်ဆောက်နိုင်သော်လည်း အိမ်သုံးအတွက်ဆိုလျှင် ကုန်ကျစရိတ်မများလွန်းသည့်အပြင် တည်ဆောက်ထိန်းသိမ်းရန် လွယ်ကူသော အုတ်ကန်ကို ဦးစားပေးစဉ်းစားဆောက်လုပ်ကြသည်။

မိုးရေလှောင်ကန်ကို မြေပေါ်တွင်ရော မြေအောက်တွင်ပါ ဆောက်လုပ်နိုင်သည်။ မြေအောက်ကန်၏ အားသာချက်များမှာ ကန်တွင်းရှိရေဖိအားကို ကန်ပတ်လည်မြေကြီးက ကန်ထားပေးနိုင်သဖြင့် ကန်နံရံကို မြေပေါ်ကန်ထက်ပို၍ ပါးလွှာစွာဆောက်လုပ်နိုင်သည်။ မြေအောက်ကန်သည် မြေပေါ်ကန်ကဲ့သို့ အပူအအေးကြောင့် ကားထွက်ခြင်း၊ ကျုံ့ခြင်းတို့ မပေါ်ပေါက်သဖြင့် ပို၍တာရှည်ခံသည်။ မြေအောက်ကန်ထဲရှိရေသည် မြေပေါ်ကန်ရေထက်ပို၍အေးမြသည်။ မြေအောက်တွင်ရှိ၍ ခေါင်မိုးပေါ်ကျသည့်ရေအပြင် မြေပြင်ပေါ်ကျသည့် မိုးရေကိုပါစုဆောင်းသိုလှောင်နိုင်သည်။ မြေပြင်သည် သွပ်မိုးစသည်တို့ကဲ့သို့ မချောမွေ့သောကြောင့် "ရေစီးကိန်း"သည် သွပ်မိုးရေစီးကိန်းထက် များစွာလျော့နည်းသဖြင့် မြေအောက်ကန်ထဲဝင်နိုင်သည့်ရေပမာဏသည် ဧရိယာတူသွပ်မိုးပေါ်ကျသည့် ရေထက်တစ်ဝက်မကနည်းသည်ဟု ယူဆတွက်ချက်သင့်သည်။

မြေအောက်ကန်၏ အားနည်းချက်များမှာ မြေပြင်တစ်လျှောက်စီးလာသောရေသည် အမိုးပေါ်မှကျလာသောရေထက် ယေဘုယျအားဖြင့် အရည်အသွေးနိမ့်သည်။ ကန်ယိုစိမ့်မှုဖြစ်လျှင် သိရန်မလွယ်သည့်အပြင် ပြင်ဆင်ဖာထေးရန်ခက်သည်။ ဘေးပတ်လည် မြေကြီးထဲမှ ညစ်ညမ်းရေများဝင်နိုင်သည်။ ကန်ကို ဆေးကြောလို၍ ကန်ထဲမှရေထုတ်ယူလျှင် မြေပေါ်ကန်ထက်ပိုခက်သည်။

**ကျန်းမာရေးရှုထောင့်**

ရေကန်ထိန်းသိမ်းခြင်းဟုဆိုရာတွင် ခိုင်ခံ့မှုတစ်ခုတည်းမဟုတ်ဘဲ ကျန်းမာရေးနှင့်ညီညွတ်စွာ ရေသိုလှောင်ရန်လည်း အရေးကြီးသည်။ ခေါင်မိုးပေါ်မှကျလာသည့်မိုးရေတွင် ရောပါလာသောအမှိုက်နှင့်အမှုန်များကိုဖယ်ရန် ရေဆင်းပိုက်တွင် အနည်ထုတ်ပိုက်တို့ကိုသုံးသည့် အပြင် ရေလှောင်ကန်အဝင်၌ အနည်ထိုင်ကန်၊ ရေစစ်ကန်ကိုလည်း ထားနိုင်လျှင်ကောင်းသည်။ ဖော်ပြပါအနည်ထိုင်ရေစစ်ကန်တွင် အခန်းနှစ်ခန်းပါသည်။ မိုးရေသည် ပထမကန်ထဲသို့ ဦးစွာဝင်ပြီး ပါလာသောအနည်အချို့ထိုင်ကျန်ရစ်၍ ဒုတိယကန်ထဲဆက်ဝင်သည်။ ယင်းကန်ရှိ သဲလွှာသည် အရွယ်သေးအနည်များအပြင် ဗက်တီးရီးယားအချို့




ရေစစ်ကန်တစ်ခု

ကိုပါ ဖယ်ရှားပေးနိုင်စွမ်းရှိသည်။ ရေစစ်ကန်ကို ပုံပါအတိုင်းသာမဟုတ် အခြားသောနည်းများဖြင့်လည်း တည်ဆောက်နိုင်သည်။

ရေစစ်ကန်ထားရှိခြင်းအပြင် မိုးရေလှောင်ကန်များတွင် စတင်ရေမထည့်မီ အတွင်းနံရံများကို ကလိုရင်းရည်ဖြင့် ဆေးကြောကာ ရောဂါပိုးမွှားများအား ဖယ်ရှားသင့်သည်။ ကလိုရင်းဆေးရည် ဖော်စပ်ရန် ဘလိချင်းပေါင်ဒါ ခေါ် ကယ်လ်စီယမ် ဟိုက် ပိုကလိုရိုက် ကို အသုံးပြုရသည်။ ဘလိချင်း ပေါင်ဒါသည် ကလိုရင်း ၂၄ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းပါသော မဖောက်ထုံးဖြင့် ရောစပ်ထားသည့်ဆေးမှုန့်ဖြစ်သည်။

ကလိုရင်းဆေးဖော်စပ်ရာတွင် ဘလိချင်းပေါင်ဒါကို မုန့်နှစ်ရည်ကဲ့သို့ပျစ်အောင် ရေအနည်းငယ် လောင်းထည့်ရသည်။ မုန့်နှစ်ရည်ကဲ့သို့ ဖြစ်သွားလျှင် ရေထပ်ထည့်၍ ဆက်မွှေပြီးနောက် ရေကန်အတွင်းနံရံများကို သုတ်လိမ်းရသည်။ သုတ်လိမ်းပြီး အနည်းဆုံး နာရီဝက်မျှထားပြီးမှ ရေထည့်သင့်သည်။

စသုံးပြီး အနည်းဆုံးတစ်နှစ်တစ်ကြိမ် ကလိုရင်းရည်ဖြင့် ဆေးကြောရမည် သို့မဟုတ် တစ်နည်းနည်းနှင့် ရောဂါပိုးပါသောရေများဝင်ရောက်ပါက သို့မဟုတ် ဝင်ရောက်သည်ဟု သံသယရှိပါက ကလိုရင်းခတ်ခြင်းဖြင့် ရောဂါပိုးများကို ဖယ်ရှားနိုင်သည်။

ရေရှိနေသော မိုးရေလှောင်ကန်များအား ဆေးခတ်ရာတွင် ကန်တွင်းရှိ ရေပမာဏ ဂါလန် ၁၀၀၀ လျှင် ဘလိချင်းပေါင်ဒါဆေးမှုန့် အောင်စဝက်မှ ၁ အောင်စအတွင်းထည့်နိုင်သည်။ အလွယ်ပြောရလျှင် စားပွဲဇွန်းတစ်ဇွန်းမှ နှစ်ဇွန်းသုံးသင့်သည်။ ဖျော်ထားသောဘလိချင်းပေါင်ဒါဆေးရည်ကို ရေပုံးထဲလောင်းချပြီး မွှေတံဖြင့်သမအောင်မွှေကာ ရေပုံးကို ကြိုးချည်၍ ရေကန်တွင်းချရသည်။ ရေပုံးအား ရေမျက်နှာပြင်အောက် နှစ်ပေခန့်မြုပ်သည်အထိနှစ်ထားပြီး တစ်နေရာလျှင် လေးငါးခါခန့် ဆွဲတင်လိုက်နှစ်ချလိုက် ရေကန်နေရာအနှံ့ပြုလုပ်ရသည်။ ပြီးလျှင် ရေပုံးကိုပြန်ဆွဲတင်ပြီး ရေပုံးအတွင်းရှိ ကလိုရင်းဆေးရည်များကို ရေကန်ထဲသို့ ဖြည်းညင်းစွာလောင်းချ၍ အနည်းဆုံးမိနစ် ၃၀ မျှ ထားရသည်။

ကလိုရင်းဆေးခတ်ရာတွင် ရောဂါပိုးများအားထိရောက်စွာဖျက်ဆီးပစ်နိုင်မှုရှိ၊ မရှိကို ဆေးခတ်ပြီးသောရေတွင် ကလိုရင်းအကြွင်း ရှိ မရှိစမ်းသပ်ခြင်းဖြင့် သိနိုင်သည်။ ကလိုရင်းဆေးခတ်ပြီးတိုင်း ခတ်ပြီး နာရီဝက်ကြာသောအခါ ဆေးမကိုင်တွယ်ရသေးသောလက်ဖြင့် ခပ်ယူနမ်းကြည့်ရသည်။ ကလိုရင်းအကြွင်းရှိ၍ ကလိုရင်းနံ့ရလျှင် ပိုးများကိုဖယ်ရှားပြီးဟု ယူဆရနိုင်သည်။ ကလိုရင်းနံ့ပြယ်နေလျှင် ရောဂါပိုးဖယ်ရှားမှုစိတ်မချရသေးဟုယူဆ၍ နောက်တစ်ကြိမ် ဆေးထပ်ခတ်ရသည်။

သောက်ရေကန်ကို ကလိုရင်းဖြင့် ဆေးခတ်ခြင်းအပြင် အဖုံးဖုံးထားရန်လည်း လိုအပ်သည်။ အဖုံးမဲ့သောက်ရေကန် များသို့ အညစ်အကြေးများ အလွယ်တကူဝင်ရောက်နိုင်သည့်အပြင် ခြင်များ ပေါက်ပွားရာနေရာလည်း ဖြစ်သွားတတ်ကြောင်း သတိပြုသင့်သည်။



ထိုင်းကျေးလက်ရှိ မိုးရေလှောင်ကန်များ

**ထိုင်းနိုင်ငံရှိ မိုးရေလှောင်ကန်များ**


သောက်ရေကန်များကို လေးထောင့်ပုံ၊ အဝိုင်းပုံစသည်ဖြင့် အမျိုးမျိုးဆောက်လုပ်ကြသည့်အနက် ထိုင်းနိုင်ငံရှိ မိုးရေလှောင်ကန်များသည် ပုံသဏ္ဍာန်ထူးခြားသည်သာမက အောင်မြင်မှုလည်း ထူးခြားစွာရရှိသည်။

ထိုင်းအစိုးရသည် မိုးရေအသုံးချရာတွင် အစဉ်အလာရှိပြီးသော ထိုင်းလူမျိုးတို့ကို ယခင်ကထက် ပိုမိုကျယ်ပြန့်စွာနှင့် စနစ်ကျစွာသုံးကြရန် အစီအမံတစ်ခုကို ၁၉၈၀ ပြည့်နှစ်က စတင်ခဲ့သည်။ ယင်းအစီအမံအရ ထိုင်းအစိုးရက "ရာဝင်အိုး"ကြီးများပုံစံရှိသော မိုးရေလှောင်ကန်တည်ဆောက်နည်းသင်တန်းများကို ကြီးမှူးဖွင့်လှစ်ပို့ချရာ တစ်ရွာလျှင် သင်တန်းသားနှစ်ဦးစီ စေလွှတ်သင်ယူကာ ရွာပြန်အရောက်တွင် ကျန်ရွာသားများကို ဆင့်ပွားသင်တန်းများပို့ချဖြစ်ကာ အိုးကြီးများ သို့မဟုတ် ကန်များကို "ဖယ်ရိုစီးမင်း"ဖြင့် လုပ်သည်။ "သံကူအခွံပါးကွန်ကရစ်"ဟု ခေါ်နိုင်သည့် ယင်းနည်းပညာသည် ဘိလပ်မြေနှင့်သဲကို အချိုးကျရောစပ်ပြီး အားဖြည့်သံဆန်ခါခွက်နှင့် သံချောင်းများကိုငုံ၍ အိုး၊ ကန်စသည်တို့လုပ်သော နည်းပညာဖြစ်သည်။ မိုးရေလှောင်ကန်ထားရှိလိုသည့် အိမ်ထောင်စုများအတွက် ကုန်ကျစရိတ်၏ သုံးပုံနှစ်ပုံခန့်ကို အစိုးရကထုတ်ပေးသည်။

အစိုးရက ထောက်ပံ့အားပေးသည့် အပြင် အဖွဲ့အစည်းများ၊ တက္ကသိုလ်များက ရွာတိုင်း၊ မြို့တိုင်းတွင် မိုးရေလှောင်ကန်များသုံးကြရန် လှုံ့ဆော်ကြသည်။ တတ်နိုင်သူတို့က အလှူငွေများ ထည့်ဝင်ကြသည်။ တစ်ဦးချင်း၊ မိသားစုအလိုက်၊ ရပ်ရွာအလိုက် စိတ်အားတက်ကြွစွာ ပါဝင်ကြသဖြင့် ကိုယ်တိုင်လုပ်မိုးရေလှောင်ကန်များအပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များကပါ ရေကန်များကို ထုတ်လုပ်ခြင်းဖြင့် ကိုယ်တိုင်တည်ဆောက်ထိန်းသိမ်းတတ်စေသည်။ အရွယ်အစားငယ်သောရေအိုးများသည် မြေအိုးများရောင်းချသည်။ အသုံးများကာ အရောင်းတွင်သဖြင့် အရေအတွက် အမြောက်အမြားထုတ်နိုင်၍ ဈေးနှုန်းသင့်တင့်စွာ ရောင်းချနိုင်ခြင်းက ရေကန်ကိုပို၍ သုံးကြရန် တွန်းအားတစ်ခုဖြစ်သွားသည်။ အစိုးရက ထပ်ဆင့်အားပေးသည့် အနေဖြင့် အိမ်ထောင်စုအားလုံး မိုးရေလှောင်ကန်တည်ဆောက်အသုံးပြုသော ပြည်နယ်များကို "ရွှေရေကန်ဆု"ချီးမြှင့်သည်။



ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထုတ်လုပ်သော ဖယ်ရိုစီးမင်းရေကန်များ




ဖယ်ရိုစီးမင်းရေကန်

ထိုင်းနိုင်ငံ မိုးရေလှောင်ကန်အသုံးချရေးအစီအစဉ်သည် ကမ္ဘာပေါ်တွင် မိုးရေလှောင်ကန်အများဆုံးသုံးသော နိုင်ငံအဖြစ် အသိအမှတ်ပြုခံရသည်အထိ အောင်မြင်မှုရခဲ့သည်။

**စာမျက်နှာ ၁၃ သို့ ➤**

➤ စာမျက်နှာ ၁၂ မှအဆက်

၁၉၈၂ ခုနှစ်နှင့် ၁၉၉၂ ခုနှစ်အတွင်း မိုးရေလှောင်ကန်လုံးရေရှစ်သန်းတည်ဆောက်ခဲ့ရာ ၁၉၈၆ ခုနှစ်တစ်နှစ်တည်းတွင်ပင် ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း ပြည်နယ်များတွင် ရေကန်လုံးရေနှစ်သန်းနီးပါး ထုတ်လုပ်ရောင်းချခဲ့ရသည်။ နောက်ပိုင်းတွင် ဂါလန် ၂၀၀ မှ ၄၀၀ အထိဆံ့သောကန်ပေါင်း ၁၀ သန်းခန့်ရှိလာသည်။ အသုံးအများဆုံးမှာ ဘတ်ငွေ ၇၅၀ ကုန်ကျသည့် ဂါလန် ၄၀၀ ဆံ့ကန်များဖြစ်သည်။

ရေသန့်ဘူး အသုံးများလာသောယနေ့ခေတ်ရောက်သည့်တိုင်အောင် ၂၀၁၂ ခုနှစ် လေ့လာချက်အရ ထိုင်းကျေးလက်လူထု၏ ၄၂ ရာခိုင်နှုန်းသည် သောက်ရေအတွက် မိုးရေလှောင်ကန်များကို အသုံးပြုနေကြဆဲဖြစ်ကြောင်း သိရသည်။

**မြန်မာနိုင်ငံရှိ မိုးရေလှောင်ကန်များ**

ထိုင်းနိုင်ငံကဲ့သို့မြန်မာနိုင်ငံတွင်လည်း ရှေးအခါကတည်းကပင် စဉ့်အိုးကြီးများ၊ မြေအိုးများ၊ ပုံးများ၊ စည်ပိုင်းများစသည်တို့နှင့် မိုးရေသိုလှောင်အသုံးပြုမှုများ ရှိသည်။ သို့သော် အိမ်နီးချင်း ထိုင်းနိုင်ငံကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့်အသုံးချရန် လိုအပ်နေသေးသည်။ စဉ့်အိုးအသုံးပြုခြင်းသည် ရှေးခေတ်က မည်သည့်ပြဿနာမှမကြားရခဲ့သော်လည်း စက်မှုထွန်းကားလာသော ယခုခေတ်တွင် စက်ရုံများမှထွက်သော ဓာတ်ငွေ့များကြောင့် အချို့ဒေသများတွင် အက်စစ်ကဲသောမိုးရေများ ရွာသွန်းနေရာ အိုးအသားတွင်ရှိနေနိုင်သော ခဲ၊ အာဆင်းနစ်စသည်တို့ သောက်ရေတွင် ပျော်ဝင်ကာ လူ့ကျန်းမာရေးကို ထိခိုက်နိုင်သဖြင့် အန္တရာယ်ရှိ မရှိသုတေသနပြုရန်လိုအပ်သည်။

စဉ့်အိုး၊ မြေအိုး စသည်တို့နေရာတွင် အစားထိုးသုံးနိုင်သည့် ထိုင်းနိုင်ငံ "ဖယ်ရိုစီးမင်း" မိုးရေလှောင်ကန်များကဲ့သို့ ကန်ငယ်များကို မြန်မာနိုင်ငံ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စတင်ထုတ်လုပ်၍ ရုံးအဆောက်အအုံများအတွက် ရေလှောင်ကန်အဖြစ်အသုံးပြုနေသည်ဟု သိရသည်။ ဂါလန် ၂၃၀ ဆံ့ ဖယ်ရိုစီးမင်းကန်သည် ငွေ ၇၀၀၀၀ ခန့်ကျသင့်သဖြင့် အခြားပစ္စည်းသုံး အရွယ်တူကန်များထက် ဈေးသက်သာသည်။

ဖယ်ရိုစီးမင်းကန်များသည် ကုန်ကျစရိတ်သက်သာသည့်အပြင် ရေရှည်လည်းခံကာ တည်ဆောက်ရလည်း လွယ်ကူသည့်အတွက် အခြားအခြားသောနိုင်ငံများနည်းတူ မြန်မာနိုင်ငံ၏ အချို့ဒေသများတွင် ဌာနအဖွဲ့အစည်းများ၏အစီအစဉ်ဖြင့် အများအပြားဆောက်လုပ်နေသည်။ အိမ်သုံး၊ ရုံးသုံးအတွက်သာမက ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၏သောက်ရေအတွက် ဂါလန်ထောင်သောင်းဆံ့သော အဝိုင်းပုံကန်များကိုပါ အောင်မြင်စွာ တည်ဆောက်အသုံးပြုနေကြသည်။ ဂါလန် ၃၀၀၀ ဆံ့ ဖယ်ရိုစီးမင်းကန်ကို တည်ဆောက်လျှင် စုစုပေါင်းကျပ် ၁၇ သိန်းမျှကုန်ကျသည်ဟု သိရသည်။ ကွန်ကရစ်ကန်၊ ဖိုက်ဘာကန်တို့ထက် ဈေးသက်သာသည်။ သုံးစွဲသူများကလည်း သောက်ရေကို အဆင်ပြေစွာ ရရှိသဖြင့် ကျေနပ်ကြပြီး ကန်ထိန်းသိမ်းရေးကို စိတ်ပါလက်ပါ လုပ်ဆောင်ကြသည်ဟု သိရသည်။ ။

# ပြည်မြို့နယ်၌ "တက်နေထွန်း"စာကြည့်တိုက်ဖွင့်ပွဲနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကွင်းဆင်းကြည့်ရှုစစ်ဆေး



ပဲခူး ဩဂုတ် ၁၇

ပြည်မြို့နယ် မော်စာကျေးရွာ၌ "တက်နေထွန်း" စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က "တက်နေထွန်း" စာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက စာကြည့်တိုက်အတွင်းသို့ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သုတ/ရသ စာအုပ်စာစောင်များနှင့် အလှူငွေကျပ်သိန်း ၃၀ ပေးအပ်ခဲ့သည်။ ၎င်းနောက် စာကြည့်တိုက်ဖွင့်ပွဲတွင် လာရောက်ဖျော်ဖြေခဲ့သည့် ဘင်ခရာ၊ ပန်းဖွားနှင့် ဒိုးပတ်အဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်မြို့နယ် လက်သည်းရေကန်(ခ)သုံးပန်လှကျောင်းဝင်းအတွင်းရှိနှစ်ထပ်အုတ်ကျောင်းဆောင်အား ရှေးမူမပျက်ပြန်လည်ပြုပြင်မွမ်းမံနေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ရှေးယခင်အတိုင်း မြန်မာမှုလက်ရာများဖြင့် ရှေးဟောင်းအဆောက်အအုံများ ပြန်လည်ပြင်ဆင်ရာတွင် ခိုင်ခံ့မှုရှိရန် ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး တာဝန်ရှိသူများအား မှာကြားခဲ့ပြီး ပြင်ဆင်လျက်ရှိသည့် နှစ်ထပ်အုတ်ကျောင်းအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် သရေခေတ္တရာပျူမြို့ဟောင်းအတွင်းရှိကြက်တူရွေးတောင်၌ မျှော်စင်တည်ဆောက်ထားမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး မျှော်စင်ပတ်ဝန်းကျင်၌ သဘာဝသစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်တစ်ခုထားရှိရန်၊ တောင်အတက်/အဆင်းလမ်းများ ကောင်းမွန်မှုရှိစေရေးဆောင်ရွက်ရန်၊ မျှော်စင်၌ တင်ဆင်ထားသည့်လှေကားများ ပြန်လည်ပြင်ဆင်ရန်နှင့် ပျူမြို့ဟောင်းအတွင်းရှိ အထင်ကရနေရာများအား မျှော်စင်မှ မြင်တွေ့နိုင်သည့် ပုံစံငယ်နှင့် မြေပုံလမ်းညွှန်များထားရှိရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့နယ် မော်စာကျေးရွာအုပ်စုနှင့် မှုတ်ရှည်ကျေးရွာအုပ်စုတို့၌ ပြည်ပပို့ကုန်ရည်မှန်း၍ သရက်ဖုန်ဖော်ဆောင်စိုက်ပျိုးထားရှိမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**၄၀၁၊ တင်စိုး(ပဲခူး)**

# မိတ္ထီလာခရိုင်အတွင်း နို့စားနွား၊ အသားတိုး ဝက်နှင့် ဆိတ်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ကြစေရေး အားပေးကူညီ



နေပြည်တော် ဩဂုတ် ၁၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့နံနက်ပိုင်းက မိတ္ထီလာမြို့နယ် ပျဉ်သာကျေးရွာရှိ ပုဂ္ဂလိကအသားတိုးဝက်မွေးမြူရေးခြံနှင့် သာစည်မြို့နယ် ကုန်းတောင်းကျေးရွာရှိ ပုဂ္ဂလိက အသားတိုးဝက်မွေးမြူရေးခြံတို့သို့သွားရောက်၍ လက်ရှိအသားတိုးဝက်မွေးမြူထားရှိမှုနှင့် ထပ်မံတိုးချဲ့မွေးမြူနိုင်ရေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ဒေသနေတောင်သူများ၏ တစ်နိုင်တစ်ပိုင်မွေးမြူရေးကို စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအဖြစ် အားပေးမြှင့်တင်ရာတွင် ပူးပေါင်းဆောင်ရွက်ကြရန်၊ မျိုးမြှင့်တင်ခြင်း၊ မျိုးပွားခြင်းနှင့်မျိုးဖြန့်ဖြူးခြင်းလုပ်ငန်းများကို တစ်ပါတည်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အလားတူ မိတ္ထီလာမြို့နယ် ထမုန်ကန်အုပ်စု ညောင်ပင်သာကျေးရွာရှိ "ကောင်းထက်စံ" နို့စားနွားမွေးမြူရေးခြံတွင် မွေးမြူရေးတိရစ္ဆာန်အစာ နေဗီယာပတ်ချောင်း ၂၈ ဧက၊ မွန်ဘားဆားငါးဧကစိုက်ပျိုးထားရှိမှု၊ နို့စားနွားထီး၊ နို့စားနွားမ၊ နွားလတ်၊ နွားငယ်များနှင့်နို့ပေးနွားမကြီးမွေးမြူထားရှိမှု၊ ဒိန်ချဉ်၊ နို့ဆီ၊ နို့စိမ်း ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ မွေးမြူရေးအထောက်အကူပြုဆေးဝါးများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဆိတ်မွေးမြူရေးသုတေသနနှင့်မျိုးထိန်းမျိုးပွားခြံတွင် ဒေသမျိုးရင်းများဖြစ်သော ထိန်စမ်းနှင့် ဂျိတ်နီဆိတ်မျိုးများအသားထုတ်လုပ်မှုကောင်းမွန်စေရန် မျိုးစပ်မျိုးပွားထုတ်လုပ်နိုင်ရန်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက်ဒုတိယဝန်ကြီးသည်မိတ္ထီလာမြို့နယ် ဝန်ဇင်း(၃) ပြည်ထောင်စုတိုးချဲ့ရပ်ကွက်ရှိ R.F.C Co.,Ltd .၏ ဆိတ်အကောင်ရေ ၁၀၀၀ နှင့်သိုးအကောင်ရေ ၁၀၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ ကျောက်ဖြူကုန်းအုပ်စု ဆူးဖြူကွက်ကျေးရွာရှိ THAN ZAYAR Co.,Ltd. ဆိတ်မွေးမြူရေးခြံ၏ ထိန်စမ်းနှင့် ဂျိတ်နီဆိတ်မျိုးအကောင်ရေ ၇၀၀ မွေးမြူထားရှိမှုနှင့် ဈေးကွက်သို့ ဖြန့်ဖြူးပေးနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးထွက်ကုန်များ ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိစေရန်နှင့် ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၈-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများ သီစေချင် |
| ၃။ | ၀၉:၀၀ | Soft Skill |
| ၄။ | ၁၁:၀၀ | ကမ္ဘာ့ရေးရာမှတ်သားစရာ |
| ၅။ | ၁၂:၀၀ | လူတိုင်းကျန်းမာ သိမှတ်စရာ |
| ၆။ | ၁၄:၀၀ | Movie & Movies |
| ၇။ | ၁၅:၀၀ | ပန်းပေါင်းစုံစွာအနုပညာ |
| ၈။ | ၁၆:၀၀ | မျိုးချစ်တပ်မတော် |
| ၉။ | ၁၇:၀၀ | သီချင်းလက်ဆောင် |
| ၁၀။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၁။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၂။ | ၁၈:၄၀ | ကျန်းမာသုတ |
| ၁၃။ | ၁၉:၀၀ | **CGTN Nature အပိုင်း(၁၈)** |

MWD Variety Channel

၁၈-၈-၂၀၂၅

(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၁၁:၄၅ | စားရေရိက္ခာဖူလုံဖို့ စိုက်ပျိုးမွေးမြူထုတ်လုပ်စို့ |
| ၂။ | ၁၂:၄၅ | ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ |
| ၃။ | ၁၄:၃၅ | သတိမမူ ဂူမမြင် |
| ၄။ | ၂၁:၀၅ | ကွယ်လွန်ထင်ရှား အနုပညာရှင်များ |

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့

ဆုလတ်မေ

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံမှီတင်းနေထိုင်ရာ နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ မတူကွဲပြားသော ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းသမိုင်းကြောင်း အသီးသီးတို့ရှိခဲ့သည့်အပြင် လူမှုဘဝနေထိုင်မှုပုံစံမတူညီသော ပြည်ထောင်စုနိုင်ငံတစ်ခုဖြစ်သည်။ ထိုပြည်ထောင်စုနိုင်ငံအတွင်းတွင်နေထိုင်ကြသည့် လူငယ်ဆိုသည်မှာလည်း အလားအလာကောင်းများကို ပိုင်ဆိုင်ထားကြသူများဖြစ်သည့်အတွက် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အကောင်းအဆိုးသည် လူငယ်များ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းရည်အပေါ်တွင် တည်မှီနေသည်။

တန်ဖိုးဟူသည်မှာ အသုံးဝင်မှုတစ်ခုဖြစ်ပြီး မိသားစုအတွက် အသုံးဝင်ပါက မိသားစုအတွက် တန်ဖိုးရှိသောလူငယ်ဖြစ်ပြီး ကျေးရွာ၊ တိုင်းပြည်အတွက် အသုံးဝင်သူဆိုပါက ကျေးရွာ၊ တိုင်းပြည်အတွက် တန်ဖိုးရှိသောလူငယ်များဖြစ်သည်။ ယနေ့လူငယ်များ၏ဘဝသည် အလွန်တန်ဖိုးရှိလှသည်။ အဘယ်ကြောင့်ဆိုသော် လူငယ်အရွယ်သည် လုပ်နိုင်စွမ်းအမြင့်မားဆုံးသောအရွယ်ကာလဖြစ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် လူငယ်ဘဝကို တန်ဖိုးထားရန်လိုအပ်သည်။ လုပ်နိုင်စွမ်းရှိသည့်အချိန်၌ အကောင်းဆုံးလုပ်ဆောင်ရန်လိုအပ်သည်။

လူငယ်ဘဝသည် လူတစ်ဦး၏ဘဝအစပိုင်းကာလဖြစ်သည်။ ပထမအရွယ်ဖြစ်၍ ပညာရှာသည့်အရွယ်လည်းဖြစ်သည်၊ လူ့ဘောင်အဖွဲ့အစည်းတွင်လည်း အားကိုးအားထားပြုရသည့် လူ့စွမ်းအားအရင်းအမြစ်များလည်းဖြစ်သည်။ သို့ရာတွင် လူငယ်ဘဝပထမအရွယ်မှာပင် မိသားစုပြဿနာများကြောင့် လေလွင့်ကလေးသူငယ်၊ လေလွင့်လူငယ်ဘဝသို့ ရောက်သွားကြရသူများ၊ ဗီဇစရိုက်ကြောင့်ဖြစ်စေ၊ မကောင်းသည့် ပတ်ဝန်းကျင်ကြောင့်ဖြစ်စေ၊ မူးယစ်ဆေးစွဲ၍ဖြစ်စေ ငယ်ငယ်ရွယ်ရွယ်နှင့် ပြစ်မှုကျူးလွန်ကြကာ ဒုစရိုက်သမားဘဝရောက်သွားကြရသူများစသည်ဖြင့် ဘဝနောက်ခံအကြောင်းအမျိုးမျိုးတို့ကြောင့် စာသင်ခန်းနှင့်ဝေး၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာနှင့်လည်းဝေးနေကြသူလူငယ်များစွာတို့ရှိနေကြသည်။

**ပညာတတ်လူငယ်များဖြစ်စေရေး**

လူငယ်များအနေဖြင့် ကြောင်းကျိုးတွက်ဆ၍ ပြဿနာတစ်ရပ်ကိုဖြေရှင်းနိုင်ရန်အတွက် အသိပညာကိုအသုံးချရသည်။ အသိပညာရရှိရန်အတွက် စာပေဖတ်ရှုခြင်းနှင့်စူးစမ်းလေ့လာခြင်းတို့ ဆောင်ရွက်ရသည်။ စာပေဖတ်ရှုခြင်းဖြင့် ဗဟုသုတကိုရရှိမည်ဖြစ်ပြီး ကြောင်းကျိုးဆင်ခြင်တတ်မှု၊ တွေးခေါ်မြော်မြင်တတ်မှု၊ စူးစမ်းရှာဖွေတတ်မှုတို့ကိုပါရရှိနိုင်သည်။ ထိုတရားများပြည့်ဝလာသည်နှင့်အမျှ လူငယ်များအနေဖြင့် ပိုမိုတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်များသည် ကြောင်းကျိုးတွက်ဆ၍ စဉ်းစားဆင်ခြင်နိုင်ရေးဉာဏ်ပညာပြည့်စုံရန် အထူးလိုအပ်ပေသည်။ အတန်းပညာသင်ကြားခြင်းနှင့် လက်တွေ့ဘဝအား လေ့လာခြင်းဟူသည့် သင်ကြားမှုနှစ်ရပ်တွင် ကျိုးကြောင်းဆက်စပ်စဉ်းစားပြီး အကျိုးနှင့်အကြောင်းကို ရှာဖွေတတ်သည့် အလေ့အကျင့်ရှိရန်လည်း များစွာလိုအပ်သည်။ တစ်နည်းအားဖြင့် ဆိုသော် အတန်းပညာကျက်မှတ်မှုသာ အားပြုမနေဘဲ ကျိုးကြောင်းဆက်စပ်၍ စဉ်းစားဆင်ခြင်တတ်မှုကိုပါ အသုံးပြုသင့်ကြောင်း အသိရှိရန်လိုအပ်သည်။

လူငယ်ဟူသည် ကျား၊မ မရွေး ပညာတတ်မြောက်ရန် လိုအပ်ပေသည်။ ပညာတတ်မြောက်မှသာလျှင် ခေတ်၏နောက်သို့လိုက်ပါစီးမျော၍ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်မည်ဖြစ်သည်။ ထို့ပြင် လူသားတို့နေထိုင်ရာ ကမ္ဘာကြီးသည်လည်း ရာစုနှစ်တစ်နှစ်ပြီးတစ်နှစ်၊ တစ်ခေတ်ပြီး တစ်ခေတ်ပြောင်းလဲလာသည်နှင့်အမျှ လူနေမှုအဆင့်အတန်းများလည်း မြင့်မားလာကြသည်။ ထိုသို့ပြောင်းလဲလာခြင်းနှင့်အတူ နည်းပညာများလည်း ဆန်းသစ်လာကြသည်။ စာမေးပွဲအောင်မြင်ခြင်း၊ ဘွဲ့တစ်ခုရရှိခြင်းတို့ဖြင့် ရောင့်ရဲတင်းတိမ်ကျေနပ်နေရန်မသင့်ဘဲ ကွန်ပျူတာ၊ အင်တာနက်၊ အီးမေးလ်တို့ကို ကျွမ်းကျင်တတ်မြောက်အောင် လေ့လာထားရပေမည်။

ယခုမျက်မှောက်ခေတ်တွင် မည်သည့်ကိစ္စမဆို IT(Information Technology) နည်းပညာများဖြင့် ချိတ်ဆက်ဆောင်ရွက်ပြီး မှန်ကန်မြန်ဆန်စွာရွေ့လျားနေကြပြီဖြစ်သည်။ ထို့ကြောင့်ပင် အနာဂတ်ကို ဦးဆောင်မည့်လူငယ်များသည် ခေတ်နှင့်အညီတိုးတက်ပြောင်းလဲလာသည့် နည်းပညာများကိုလည်း စဉ်ဆက်မပြတ်လေ့လာနေကြရမည်ဖြစ်သည်။ နည်းပညာဟူသည်မှာ သင်ယူတတ်မြောက်ထားသောပညာများဖြင့်တီထွင်ကြံဆမှုများကို ပြုလုပ်နေခြင်းပင်ဖြစ်သည်။ လူငယ်များသည်လည်း နည်းပညာကိုနားလည်မှသာလျှင် ခေတ်နှင့်အညီပြောင်းလဲ၍ လူမှုပတ်ဝန်းကျင်တွင် စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့၌ ခေတ်မီ၍ ခေတ်ကိုရှေ့ဆောင်နိုင်မည်ဖြစ်သည်။ အသစ်အသစ်သော နည်းပညာများကို လက်တွဲမဖြုတ်ဘဲ စဉ်ဆက်မပြတ်လေ့လာကြရမည်မှာ လူငယ်များ၏တာဝန်တစ်ရပ်ပင်ဖြစ်သည်။

လူငယ်သည် နိုင်ငံ၏အနာဂတ်အတွက် အင်အားများဖြစ်သည့်အလျောက် အနာဂတ်အတွက် အရင်းအနှီးကောင်းများဖြစ်သည်။ နိုင်ငံတော်၏အနာဂတ်အတွက် ခံယူချက်လွဲမှားသော ဆိုးသွမ်းလူငယ်များမဖြစ်စေရေးအတွက် ယနေ့ကာလတွင် လူငယ်များကိုအကောင်းဆုံးပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ကုမုဒြာကြာပန်းသည် လရောင်ဆမ်းမှပွင့်လန်းလှပလာသကဲ့သို့ လူငယ်ဆိုသည်မှာလည်း ကိုယ်ကျင့်တရားကောင်းမွန်မှသာ လှပပေလိမ့်မည်။ ရုပ်ရည်လှပခြင်းထက် ကိုယ်ကျင့်တရားကောင်းမွန်ခြင်းဟူသော စိတ်အလှကိုမွေးမြူထားရမည်ဖြစ်သည်။ နိုင်ငံ၏အနာဂတ်တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းသည် လူငယ်တို့၏အရည်အချင်းပေါ်တွင်မူတည်သဖြင့် လူငယ်များပြုစုပျိုးထောင်ရေးကို နိုင်ငံတော်ကအလေးအနက်ထားဆောင်ရွက်လျက်ရှိသည်။ လူငယ်လေလွင့်မှုအရေးအတွက်များပြားခြင်းသည် နိုင်ငံ၏အနာဂတ်အတွက် အင်အားပြုန်းတီးမှုပင်ဖြစ်သည်။

သို့ဖြစ်ရာ နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူကြပြီး အနာဂတ်ကမ္ဘာကို ပုံဖော်ရေးဆွဲကြမည့် လူငယ်များသည် ရှောင်ရှားပြီး ပိုမိုကောင်းမွန်သော ပတ်ဝန်းကျင်ကောင်းများတွင် ကျင်လည်နိုင်စေရန် အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ဖန်တီးပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း လူငယ်များကို အရည်အချင်းပြည့်ဝသည့် နိုင်ငံသားကောင်းများဖြစ်ထွန်းလာစေရန်အတွက်လည်းကောင်း၊ လက်ရှိနိုင်ငံအခြေအနေ၏ လူငယ်ထု သို့မဟုတ် လုပ်သားအင်အားများပြားနေသည့် လူဦးရေဆုလာဘ်အားကောင်းစွာအသုံးပြု၍ ကဏ္ဍပေါင်းစုံတွင် အထူးအလေးထားဆောင်ရွက်အကောင်အထည်ဖော်ဆောင်မည့် ဘက်စုံလူငယ်ဖွံ့ဖြိုးမှုအစီအစဉ်များအား လမ်းပြနိုင်မည့် မူဝါဒတစ်ရပ်ဖြစ်သည့် လူငယ်ရေးရာမူဝါဒကိုလည်းကောင်း ခေတ်ကာလနှင့် ကိုက်ညီအောင်ပြင်ဆင်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ လူငယ်နှင့်စာပေအနုပညာပွဲတော်များ ကျောင်းသားအားကစားပြိုင်ပွဲများ၊ နိုင်ငံတကာအစည်းအဝေးပွဲများ၌ လူငယ်များတက်ရောက်ဆွေးနွေးစေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ယနေ့အာရှတိုက်ရှိ ချမ်းသာကြွယ်ဝသောနိုင်ငံများဖြစ်ကြသည့် ကိုရီးယား၊ စင်ကာပူနှင့် ဂျပန် စသည့်နိုင်ငံတို့သည် လူငယ်များကိုအဓိကထား၍ နိုင်ငံကို တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါနိုင်ငံများသည် တိုင်းပြည်၏ အနိမ့်ကျဆုံးအခြေအနေမှ မှန်ကန်သောခေါင်းဆောင်မှုနှင့် မူဝါဒခိုင်မာမှု၊ လူငယ်များအား အဓိကထားပြုစုပျိုးထောင်မှု၏ရလဒ်ကြောင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းဖြစ်သည်။

**❖ လူငယ်လူရွယ်များသည် တိုင်းပြည်၏အနာဂတ်အတွက် ခေါင်းဆောင်ကောင်းများဖြစ်ပြီး နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်သည်။ အနာဂတ်ဟူသည် လူငယ်တို့၏မျှော်လင့်ချက်ပန်းတိုင်ဖြစ်သကဲ့သို့ မျှော်လင့်ချက်ပန်းတိုင်၏အသီးအပွင့်များ ဝေဆာစွာလှပရန် အထူးလိုအပ်လှသည်။ ထို့ကြောင့် နောင်တွင် အနာဂတ်ကိုအလှဆင်မည့် လူငယ်များဖြစ်သည့်အလျောက် ထက်မြက်သွက်လက်မှု၊ မှန်ကန်သောအသိတရားဖြင့် နိုင်ငံတော်အတွက် လိုအပ်သောနေရာမှ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်သည်။**

နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့်လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးခြားသည့်အင်အားစုတစ်ရပ်ဖြစ်ကာ အနာဂတ်ခေါင်းဆောင်များလည်းဖြစ်ကြသည်။ ထို့အတွက် လူငယ်မျိုးဆက်သစ်များသည် တစ်ခေတ်ထက်တစ်ခေတ် ပိုမိုထူးချွန်ထက်မြက်ပြီး လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့်အခက်အခဲများကို ကျော်လွှားနိုင်စွမ်းရှိရန် လွန်စွာအရေးကြီးလှသည်။ လူငယ်များ၏အသံ၊ လူငယ်များ၏သဘောထားအပေါ် အလေးထားနားထောင်၍ အားကောင်းခိုင်မာထိရောက်သောဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်သည်။

**အနာဂတ်ကမ္ဘာကို ပုံဖော်ရေးဆွဲကြမည့် လူ့စွမ်းအားအရင်းအမြစ်များ**

လက်ရှိအသက် ၁၅ နှစ်အရွယ်လူငယ်သည် လာမည့် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း နိုင်ငံတွင်တစ်စုံတစ်ရာသော တာဝန်ကိုထမ်းဆောင်သူဖြစ်လာမည်ဖြစ်သည်။ မျိုးဆက်သစ်များ၏တိုးတက်မြင့်မားမှုသည် နိုင်ငံတော်၏တိုးတက်မြင့်မားမှုပင်ဖြစ်သည်။ မျက်မှောက်ကာလတွင် မသမာသူများနှင့် နိုင်ငံရေးအစွန်းရောက်သူများက လူငယ်လူရွယ်များအား အသိမှား၊ အမြင်မှား၊ အတွေးမှားများဖြစ်ပေါ်လာအောင် ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်လာသည်ကိုအကြောင်းပြု၍ လူငယ်လူရွယ်များအားလမ်းမှားပေါ်ရောက်အောင် တွန်းပို့ပေးခဲ့ကြသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ ထို့ကြောင့် လူငယ်လူရွယ်များ အတွေးမှန်၊ အမြင်မှန်၊ အသိမှန်၊ အလုပ်မှန်အောင် ဖန်တီးဆောင်ကြဉ်းပေးကြရမည်ဖြစ်သည်။ လူငယ်လူရွယ်များဟူသည် စူးစမ်းလိုစိတ်၊ စွန့်လွှတ်စွန့်စားလိုစိတ်များဖြင့် တက်ကြွဖျတ်လတ်လှုပ်ရှားနိုင်သောအရွယ်များဖြစ်သည်။ မိဘအသိုင်းအဝိုင်းထက် ပတ်ဝန်းကျင်အသိုင်းအဝိုင်းကို ပိုမိုခင်တွယ်တတ်ကြသဖြင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်ကို

ခေတ်စနစ်များ မည်သို့ပင်ဖြတ်သန်းပြောင်းလဲနေသည်ဖြစ်စေ လူငယ်မျိုးဆက်သစ်များအနေဖြင့် အတွေးအခေါ်ပိုင်း၊ အတွေ့အကြုံပိုင်း၊ အရည်အသွေးနှင့် ကိုယ်စွမ်းကိုယ်စအပိုင်းများတွင် ထူးချွန်ထက်မြက်နေရန် လိုအပ်မည်ဖြစ်သည်။ ထိုသို့ဖြစ်ပေါ်လာစေရန်အတွက် လူငယ်များ၏ ကြိုးစားအားထုတ်မှုအခွင့်အလမ်းများနှင့် စွမ်းရည်မြှင့်တင်ရေးအပိုင်းများကို ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်တွင် တစိုက်မတ်မတ်တည်ရှိနေအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

တန်ဖိုးရှိလှသော လူငယ်လူရွယ်များသည် တိုင်းပြည်၏အနာဂတ်အတွက် ခေါင်းဆောင်ကောင်းများဖြစ်ပြီး နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်သည်။ အနာဂတ်ဟူသည် လူငယ်တို့၏မျှော်လင့်ချက်ပန်းတိုင်ဖြစ်သကဲ့သို့ မျှော်လင့်ချက်ပန်းတိုင်၏ အသီးအပွင့်များ ဝေဆာစွာလှပရန် အထူးလိုအပ်လှသည်။ ထို့ကြောင့် နောင်တွင် အနာဂတ်ကိုအလှဆင်မည့် လူငယ်များဖြစ်သည့်အလျောက် ထက်မြက်သွက်လက်မှု၊ မှန်ကန်သောအသိတရားဖြင့် နိုင်ငံတော်အတွက် လိုအပ်သောနေရာမှ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်မှလည်း လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရှိပြီး တိုင်းပြည်၏ဂုဏ်ကိုမြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားတိုးတက်လိုသောစိတ်ဓာတ်များဖြစ်ပေါ်လာစေရေး စနစ်တကျပျိုးထောင်ပေးလျက်ရှိရာ ဤသို့ပျိုးထောင်မြှင့်တင်ပေးနေခြင်းသည် အစိုးရတစ်ရပ်အတွက် ဆောင်ရွက်နေခြင်းမဟုတ်ဘဲ လူငယ်လူရွယ်များ၏ အနာဂတ်နှင့် တိုင်းပြည်၏ အနာဂတ်ပိုမိုကောင်းမွန်ဖြစ်ထွန်းလာစေရေးအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်သဖြင့် လူငယ်များသည် မိမိကိုယ်ကိုတန်ဖိုးမြှင့်တင်ခြင်းဖြင့် လူငယ်ဘဝကို တန်ဖိုးထားနေထိုင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။



ဗိုလ်လုပွဲတက်ရောက်ခဲ့သည့် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်း အောင်ပွဲခံနေမှုကို တွေ့ရစဉ်။

❍ **ရှေ့ဖုံးမှအဆက်**

အထူးကျေးဇူးတင်ရှိကြောင်းနှင့် ဗိုလ်လုပွဲစဉ်အား နိုင်ငံ့ဂုဏ်မြှင့်တင်ရန် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းသည် ဗိုလ်လုပွဲတက်ရောက်ခဲ့သည့်အတွက် လက်ရှိအချိန်ထိ အမေရိကန်ဒေါ်လာသုံးသောင်းနှင့် မြန်မာငွေကျပ်သိန်းနှစ်ထောင် ဆုငွေရရှိထားသည်။


မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့်ဩစတြေးလျအမျိုးသမီးအသင်းတို့၏ ဗိုလ်လုပွဲစဉ်အား ဩဂုတ်လ ၁၉ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ Haiphong မြို့ရှိ Lach Tray ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းသည် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတိုင်း၌ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် အသင်းတစ်သင်းဖြစ်ပြီး ဗိုလ်လုပွဲသို့ ငါးကြိမ်တက်ရောက်ခဲ့ရာ ၂၀၀၄ ခုနှစ်နှင့် ၂၀၀၇ ခုနှစ် ပြိုင်ပွဲတို့တွင် နှစ်ကြိမ်ဗိုလ်စွဲခဲ့သည်။

မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းသည် အုပ်စု(ခ)တွင် အုပ်စုပွဲစဉ်များအဖြစ် ဩစတြေးလျ၊ တီမောလက်စတေ၊ ဖိလစ်ပိုင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ဖြင့် အုပ်စုပထမနေရာ ရရှိကာ အကြိုဗိုလ်လုပွဲတွင်လည်း ပြိုင်ဘက်ထိုင်းအသင်းကို အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းသည် ထိုင်းအသင်းနှင့် နောက်ဆုံးတွေ့ဆုံခဲ့သည့် ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ထိုင်းကို ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရခဲ့သလို ယခုလည်း ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရခဲ့ကာ ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သည့်အတွက် တစ်နိုင်ငံလုံးက ဂုဏ်ယူနေကြကြောင်း သိရသည်။

**မြဝတီ**




➤ **ကျောဖုံးမှအဆက်**

မွေထိုင်းချန်ပီယံ ကေဝမ်း(အီရန်)တို့ပွဲတွင် ထွန်းထွန်းမင်းကအလဲထိုးဖြင့်အနိုင်ယူပြီး ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

၆၆ ကီလို ငါးချီအလဲထိုးစနစ် ကရင်ပြည်နယ်ဘောက်ဆင် ရွှေအောင်လံရှင် စူပါရေချမ်းနှင့် BKFC ချန်ပီယံ မာ့(ခ်) အန်တန်ဘတ်(အမေရိကန်)တို့ပွဲတွင် စူပါရေချမ်း ပထမအချီမှာပင် အလဲထိုးဖြင့် အနိုင်ရရှိပြီး ကမ္ဘာ့ချန်ပီယံခါးပတ်ကိုရရှိသွားသည်။

၆၄ ကီလို ငါးချီအလဲထိုးစနစ်တွင် မွန်ပြည်နယ်ဘောက်ဆင် ရွှေတံဆိပ်ဆုရှင် မြန်မာ့လက်ဝှေ့ကျော် ထွန်းမင်းနိုင်နှင့် ခွန်ခမာချန်ပီယံ ဖန်ခဲရင်(ကမ္ဘောဒီးယား)တို့ထိုးသတ်ကြရာ ထွန်းမင်းနိုင်က အလဲထိုးဖြင့်အနိုင်ရရှိသည်။

ထို့အတူ မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံရှစ်လက်ဝှေ့ပြိုင်ပွဲ ပြည်တွင်းပွဲ ၅၄ ကီလို ငါးချီအလဲထိုးစနစ်တွင် ရွှေခါးပတ်ချန်ပီယံသိန်းစိုး(Nine Lethwei) နှင့် ရွှေခါးပတ်ချန်ပီယံ ဆလိုင်းထန်ခွီးရိုန်(ကျားမနိုင်)တို့ယှဉ်ပြိုင်ရာ ဆလိုင်းထန်ခွီးရိုန်က အနိုင်ရရှိပြီး ၆၄ ကီလို ငါးချီအလဲထိုးစနစ်တွင် ကရင်အောင်လံဆုရှင် နိုင်ဝင်းထွန်း(Nine Lethwei)နှင့် ရွှေခါးပတ်ချန်ပီယံ သက်ဝင်းအောင်(ဒို့ရိုးရာ)၊ ၆၁ ကီလို ငါးချီအလဲထိုးစနစ် SKYNET ရွှေအောင်လံဆုရှင်စောမင်းမင်း(ဒို့ရိုးရာ)နှင့် ရွှေခါးပတ်ချန်ပီယံ သွေးသစ်မောင်(အဖြူရောင်သွေးသစ်)တို့ပွဲတွင် အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေဖြင့် သာအဆုံးသတ်ခဲ့သည်။

၁၀ နှစ်တာ MLWC ပြိုင်ပွဲသို့ မြန်မာ၊ ထိုင်း၊ ဂျပန်၊ နယူးဇီလန်၊ ဘရာဇီး၊ အီတလီ၊ ကနေဒါ၊ ပြင်သစ်၊ ကွန်ဂိုဒီမိုကရက်တစ်၊ အီရန်၊ ကမ္ဘောဒီးယား၊ လာအို၊ ရုရှား၊ အမေရိကန်၊ ဂျာမနီ၊ ကော်စတာရီကာ၊ ကာဂျစ္စတန်နိုင်ငံတို့မှ ရိုးရာလက်ဝှေ့ကျော်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲသည် အလဲထိုးစနစ်ဖြစ်သည်။ ထွန်းထွန်းမင်းသည် ၎င်းချန်ပီယံခါးပတ်အား သုံးကြိမ်ရရှိထားသူဖြစ်ပြီး ရဲသွေးနီနှင့် ထွန်းလွင်မိုးတို့က နှစ်ကြိမ်စီရရှိခဲ့ကာ နိုင်ငံခြားသားများထဲမှ လာအိုမှစူပါဘောနှင့် ကနေဒါမှ ဒွေ့ဗ်လက်ဇုတို့ ချန်ပီယံခါးပတ်ရရှိခဲ့ဖူးကြောင်း သိရသည်။ **ဝန်းရံခ**

## (၁၇-၈-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ကျွန်းလှမြို့နယ်၌ မိုးစပါး မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ကျွန်းလှ ဩဂုတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ယနေ့တွင် ရှမ်းစုကျေးရွာ ကွင်းအမှတ်(၄၉၆) တောင်သူဦးနိုင်၏ လယ်မြေ၌ ကျင်းပသည်။

“ကျွန်းလှမြို့နယ်မှာ စပါးကို နည်းလမ်းမျိုးစုံနဲ့ စိုက်ပျိုးထုတ်လုပ်ကြပါတယ်။ အခုလိုမျိုးစေ့ချကိရိယာနဲ့ စိုက်ပျိုးရာမှာ ကုန်ကျစရိတ်သက်သာခြင်း၊ လုပ်သားအင်အားနည်းခြင်း၊ အချိန်ကုန်သက်သာခြင်း၊ လေဝင်လေထွက်ကောင်းမွန်ခြင်း၊ ပေါင်းထိုးတမန်းနှိုးလွယ်ကူခြင်း၊ အထွက်နှုန်းကောင်းခြင်း စတဲ့အကျိုးကျေးဇူးတွေရရှိမှာဖြစ်ပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီကပြောသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် စိုက်ပျိုးရေးပညာရှင်များက မျိုးစေ့ချကိရိယာဖြင့် စိုက်နည်းစနစ်မှန်ကန်ရေး လက်တွေ့ပြသကြရာ ဒေသခံတောင်သူများက လေ့လာကြည့်ရှုကြသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၃၄၀၈၇ ဧကစိုက်ပျိုးရန်လျာထားပြီး လက်ရှိအချိန်ထိ ၂၈၅၇၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ စပါးကို ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပသို့ ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၇

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**

# တိုင်းရင်းသားရေးရာစင်တာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကြည့်ရှုစစ်ဆေး



ထားဝယ် ဩဂုတ် ၁၇

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ ဆန်းချီရပ်၌ တည်ဆောက်လျက်ရှိသည့် တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာစင်တာ Ethnic Center ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ Successful TMA Construction Co.,Ltd. တာဝန်ခံအင်ဂျင်နီယာက Ethnic Center တည်ဆောက်နေမှုကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က Ethnic Center ၌ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော်များ၊ အထိမ်းအမှတ်အခမ်းအနားများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ၊ အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက Ethnic Center တည်ဆောက်နေမှုနှင့် ပတ်သက်၍ လိုအပ်သည်များမှာကြားပြီး တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဘဏ္ဍာရန်ပုံငွေဖြင့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ထားဝယ်မြို့ ဆန်းချီရပ်ရှိ Ethnic Center ၌ RC နှစ်ထပ် ပေ (၅၀x၆၀) အဆောက်အအုံနှင့် အခြားဆက်စပ်လုပ်ငန်းများ (Roof Slab နှင့် Extension Roof ) တည်ဆောက်ခြင်းလုပ်ငန်းများပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံဘော်လီဘောဒိုင်လူကြီးသင်တန်းဆင်းပွဲ၊ (၁၀)နှစ်ပြည့်အထိမ်းအမှတ် MLWC မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက်

ရန်ကုန် ဩဂုတ် ၁၇

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကြီးမှူးဖွင့်လှစ်သည့် မြန်မာနိုင်ငံဘော်လီဘော ဒိုင်လူကြီး (Referee)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။



အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ၊ သင်တန်းနည်းပြဆရာများ၊ ဒိုင်ချုပ်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ဒိုင်သင်တန်းနည်းပြချုပ် ဦးဖြိုးသူအောင်အား ဂုဏ်ပြုလက်ဆောင်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက သင်တန်းမှူး ဦးဇော်လွင်ဦးအား ဂုဏ်ပြုလက်ဆောင်ကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က သင်တန်းဆင်းဒိုင်လိုင်စင်လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများအားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားခန်းမ၌ (၁၀)နှစ်ပြည့်အထိမ်းအမှတ် MLWC မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးက ရတနာရွှေမောင်းကို သုံးချက်တီး၍ အခမ်းအနားကိုဖွင့်လှစ်ပေးကာ ပထမပွဲစဉ်အဖြစ် (၅၄)ကီလိုတန်းတွင် သိန်းစိုးနှင့် ဆလိုင်းထန်ခွီးရှိန်တို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေး၍ အနိုင်ရရှိသွားသော ဆလိုင်းထန်ခွီးရှိန်အား ရွှေခါးပတ်နှင့် လည်ဆွဲကို ပေးအပ်ချီးမြှင့်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲဗိုလ်လုပွဲများကို ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်ရာ အမျိုးသမီးတစ်ကိုယ်တော် ဓားတစ်လက် အပြပြိုင်ပွဲ၊ အမျိုးသားတစ်ကိုယ်တော် လုံရှည်အပြပြိုင်ပွဲ၊ အမျိုးသမီးတစ်ကိုယ်တော် လုံရှည်အပြပြိုင်ပွဲ၊ အမျိုးသားအတွဲလိုက် (၁+၃) ဓားရှည် ဝိုင်းထွက်ပြိုင်ပွဲ၊ အမျိုးသမီး (၅၀-၅၅)ကီလို ဓားနှစ်လက်အတိုက်ပြိုင်ပွဲ၊ အမျိုးသား(၅၀-၅၅)ကီလို ဓားနှစ်လက် အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး(၄၅-၄၉)ကီလို အတိုက်ပြိုင်ပွဲ၊ အမျိုးသား(၄၉-၅၃)ကီလို အတိုက်ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမျိုးသမီးတံခွန်စိုက်ဆုဖလားနှင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ပြီး ပြည်ထောင်စုဝန်ကြီးက တံခွန်စိုက်ဆုဖလားရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား စုပေါင်းတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏရှိ ကျောက်စိမ်းခန်းမ၌ မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခန့်ကျော်တို့နှင့်တွေ့ဆုံ၍ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ ဆုတံဆိပ်များရရှိနိုင်ရေးတို့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ Joint Training သွားရောက်လေ့ကျင့်နိုင်ရေး၊ လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများ ဝယ်ယူသယ်ဆောင်နိုင်ရေးတို့ကို ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# နောင်ချိုမြို့နယ်၊ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံကြီး၌ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ်လ ၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ စုစုပေါင်း ၄၂ ဦးတို့ကို ၄က်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၃၃ ဦးတို့အား ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသူ ၃၀ ဦးတို့အား ဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများလှူဒါန်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၁၇

တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ လယ်ဝေးမြို့၊ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ လယ်ဝေးမြို့၊ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ပြည့်ပရိသတ်များက လယ်ဝေးမြို့၊ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇနိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများအား ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်နှင့် သံဃာတော်များအား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ဦးဆောင်၍ တပ်မတော်(ကြည်း၊ ရေ၊လေ) အရာရှိကြီးများက ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုများနှင့် အလှူရှင်များက အသီးသီးပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့်တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ အရာရှိကြီးတစ်ဦးက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။



လယ်ဝေးမြို့၊ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ဦးဆောင်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများက ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများအား ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် နိုင်ငံတော်သံဃာ့ဝန်ဆောင် လယ်ဝေးမြို့၊ မြို့ဦးသံလမ်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇနထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

နေပြည်တော်၊ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၂၁၈ သိန်း ၈ သောင်းကျပ်၊ ဆန် ၇၄၇ အိတ်၊ ဆီ ၃၁၈ ပိဿာ ၂၀ ကျပ်သား၊ ပဲ ၂၁၂ ပိဿာ၊ ဆား ၂၁၂ ပိဿာ၊ ဆေးမျိုးစုံ ၉၃၆ ဘူးတို့ကို လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မီတာစမ်းသပ်စစ်ဆေးရေးဌာန(Test Lab)မှ မီတာများ စမ်းသပ်စစ်ဆေးဆောင်ရွက်နေမှုနှင့် ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရန် Container House များတွင် နေရာချထားမှု ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မီတာစမ်းသပ်စစ်ဆေးရေးဌာန(Test Lab)မှ မီတာများ စမ်းသပ်စစ်ဆေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စမ်းသပ်စစ်ဆေးပြီး မီတာများကို မြို့နယ်များသို့ အချိန်မီပို့ဆောင်သွားရန်နှင့် ပြည်သူလူထု အမြန်ဆုံးတပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန်၊ အောက်မြန်မာပြည်အတွက် အသုံးပြုမည့်မီတာများကို ရန်ကုန်(Test Lab)မှ စမ်းသပ်စစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည့်အတွက် နေပြည်တော် (Test Lab)အနေဖြင့် အထက်မြန်မာပြည်အတွက် အသုံးပြုမည့်မီတာများကို အဓိကဦးစားပေး၍ စမ်းသပ်စစ်ဆေးဆောင်ရွက်သွားရန်၊ အသုံးပြု၍မရတော့သည့်ပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ စာရင်းမှပယ်ဖျက်၍ ရှင်းလင်းဆောင်ရွက်သွားရန်မှာကြားပြီး မီတာများ စမ်းသပ်စစ်ဆေးဆောင်ရွက်နေမှု၊ အသားတံဆိပ်ရိုက်နှိပ်ခြင်းဆောင်ရွက်နေမှု၊ မီတာ Voltage Supply လုပ်ငန်းဆောင်ရွက်နေမှုနှင့် မီတာများဆီးလ်ခတ်ခြင်းနှင့် ဘားကုတ်ထည့်သွင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပစ္စည်းသိုလှောင်ရေးစတိုအတွင်း ထိန်းသိမ်းထားရှိသည့် ဓာတ်အားလိုင်း/ ဓာတ်အားခွဲရုံသုံးပစ္စည်းများ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းများ ဖြန့်ခွဲနေရာချထားမှုအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံအမှတ်(၆)နှင့် ဓာတ်အားခွဲရုံ အမှတ်(၁)တို့သို့ရောက်ရှိပြီး ဓာတ်အားခွဲရုံများဝင်းအတွင်း၌ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရန် Container House များတွင် နေရာချထားမှု၊ နေထိုင်နေမှု၊ မီးဖိုဆောင်၊ ရေချိုးခန်း၊ သန့်စင်ခန်းများဆောင်ရွက်ထားရှိမှုနှင့် လျှပ်စစ်မီးများ သွယ်တန်းထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို

နေပြည်တော် ဩဂုတ် ၁၇

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆)သို့ တက်ရောက်ကြမည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။



MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## More than 60,000 acres of maize and sweet corns planted in Kanbalu Township

KANBALU August 17

A total of 63,290 acres of maize and sweet corns have been planted in Kanbalu Township of Sagaing Region this year, according to the Township Agriculture Department.

For the 2025-2026 monsoon crop season, it is planned to cultivate a total of 89,681 acres of maize in Kanbalu Township, with 88,931 acres designated for maize and 750 acres for sweet corn. Cultivation began in May this year, and as of today, 62,957 acres of maize and 333 acres of sweet corn, totaling 63,290 acres, have already been cultivated.

"The target for this year's monsoon crop season in Kanbalu Township is to grow more than 89,000 acres of maize and sweet corn. As of today, over 63,000 acres have been planted. Efforts are ongoing to meet the targeted acreage. We're also providing education to ensure successful maize cultivation and to prevent pest and disease outbreaks," said U Myo Zaw, Head of the Kanbalu Township Department of Agriculture.

This year, the Kanbalu Township Department of Agriculture has been providing training sessions, field demonstrations, and educational activities for maize and sweet corn farmers. These include preventive measures against stalk borer, Integrated Pest Management (IPM) techniques, and information on the use of neem pesticide, ginger, and chili pest control methods, along with general agricultural guidance.



In Kanbalu Township, maize yields over 50 baskets per acre, with a cost of around Ks-500,000 per acre. Sweet corn yields about 15,000 ears per acre, with a cost exceeding Ks-500,000 per acre.

**SMK**

## Bogale Township supplies large volume of white pomfret fish to Yangon market



BOGALE August 17

Businesspersons from Bogale Township of Ayeyawady Region sent 70,000 viss of white pomfret fish to Yangon market said Daw Myint Khaing, the owner of fisheries product trading in Bogale Township.

Up to 70,000 viss of white pomfret fish were supplied from Bogale Township to the Yangon market, due to growing domestic market demand for this type of fish.

"Among the locally produced fishery products, white pomfret fish have shown strong sales performance. Over the past month, we managed to sell up to 70,000 viss. Increased demand from buyers in Yangon for white pomfret fish from our side has driven up the volume of sales. These fish are regularly supplied to local wholesale markets and are known for their freshness," said Daw Myint Khine.

Fishery product traders in Bogale Township purchase locally sourced products, including white pomfret, and ensure proper inspection and hygiene before mainly sending them to the Yangon market. These products are then further distributed and sold to other regions from Yangon. Currently, white pomfret fish fetches Ks-17,500 per viss per day.

**SK**

## More than 2,000 acres of vegetables planted in Mingin Township this monsoon

MINGIN August 17

Data of the Mingin Township Agriculture Department in Sagaing Region stated that local farmers have planted 2,131 acres of vegetables in Mingin Township this year.

For the 2025–2026 monsoon crop season, it is planned to cultivate 3,028 acres of vegetables in Mingin Township. Cultivation began in May this year, and as of today, 2,131 acres have already been planted.

"This year, more than 3,000 acres of vegetables are planned to be cultivated in Mingin Township during the monsoon season. So far, over 2,000 acres have been planted, and cultivation is still ongoing. Efforts are being made to meet the planned acreage. The vegetable crops being grown include gourd, mustard, chilli, herbs, potatoes, cabbage, eggplant, and cauliflower. " said Daw Hayman Kyaw Win, Head of the Mingin Township Department of Agriculture.

This year, the Township Department of Agriculture has been providing technical training to vegetable farmers in Mingin Township to implement GAP practices, ensure the vegetables harvested are healthy and safe for consumption, and encourage farmers to expand their vegetable cultivation.

Vegetable farming takes place seasonally each year in Mingin Township, and the cultivated crops have been successful, generating income for families. The Township Department of Agriculture is also providing guidance on proper cultivation techniques, pest prevention, and the use of organic fertilizers, natural pesticides, and repellents for the benefit of the farmers.

**SK**

## More than 13,000 acres of rainfed paddy planted in Ngaputaw Township

NGAPUTAW August 17

Pathein District Agriculture Department mentioned that local farmers have planted 13,521 acres of rainfed paddy meeting the target cultivation in Ngaputaw Township of Ayeyawady Region this year.

Local farmers started cultivation of monsoon paddy on 204,122 acres of farmlands in the first week of May this year in Ngaputaw Township. So far, they have planted 13,521 acres of crops through collaborative efforts of local farmers and officials from Agriculture Department, Agricultural Mechanization Department, and Administration Body.

"In this year's monsoon crop season, paddy cultivation in Ngaputaw Township is planned to cover up to 204,122 acres. Currently, efforts are being made to ensure that 100 percent of the planned acreage can be cultivated without any difficulties. The Department of Agriculture is proactively arranging technical support and other assistance for the farmers. Seed procurement for paddy has already been facilitated through coordination, and the necessary farming techniques and systematic cultivation methods are also being properly provided," said Daw Aye Aye Mu, Head of the Department of Agriculture in Pathein District.

**SMK**

# More than 1,900 acres of vegetables planted in Tamu District this year

TAMU August 17

Tamu District Agriculture Department stated that local farmers planted more than 1,900 acres of vegetables as monsoon crops in Tamu District of Sagaing Region this year.

For the 2025-2026 monsoon crop season, a total of 3,335 acres of vegetables are planned to be cultivated in Tamu District. Starting from May this year, cultivation began, and as of today, 410 acres have been planted in Myothit Township, 865 acres in Tamu Township, and 655 acres in Khampat, totalling 1,930 acres.

"For this year's monsoon crop season, over 3,000 acres of vegetables are planned for cultivation in Tamu District. As of today, more than 1,900 acres have already been planted. Efforts are being made to meet the full target acreage. The main vegetable crops being grown include mustard greens, chilli, coriander, potatoes, cabbages, eggplants, cauliflower, cabbage, and roselle. We are providing farmers with the necessary technical support to enable them to grow all vegetables under the GAP (Good Agricultural Practices) system. We also guide farmers to minimize chemical residues in their crops and to ensure they grow vegetables in a health-conscious and safe manner," said U Hla Myint, Head of the Department of Agriculture for Tamu District.

In terms of township-level cultivation targets for vegetables during the 2025-2026 monsoon season in Tamu District, 870 acres was earmarked for cultivation in Myothit Township, 945 acres in Tamu Township, and 1,520 acres in Khampat, totalling 3,335 acres.

This year, relevant township agricultural departments are providing training to farmers in Tamu District on GAP techniques. They are also providing knowledge on how to grow vegetables that are safe and aligned with health standards, and they are assisting farmers to expand their vegetable cultivation areas.

Local farmers can generate incomes from vegetable plantations. Officials from relevant Township Agriculture Departments provide agricultural techniques, preventive measures against pests, and making techniques for natural fertilizers and pests.

**SK**

# Yinmabin District completes cultivation of more than 180,000 acres of rainfed sesame



YINMABIN August 17

Statistics of Yinmabin District Agriculture Department indicated that local farmers have so far planted 184,279 acres of rainfed sesame in the district of Sagaing Region.

For the 2025–2026 monsoon crop season, it was planned to cultivate 180,662 acres of rainfed sesame in Yinmabin District. Cultivation began in May this year, and as of today, 184,279 acres have already been planted.

This year, Yinmabin Township planted 50,648 acres of rainfed sesame, Kani Township 35,000 acres, Salingyi Township 18,576 acres, and Pale Township 80,055 acres, totalling 184,279 acres exceeding the target cultivation.

For the 2025-2026 monsoon season, Yinmabin Township earmarked cultivation of 51,860 acres of rainfed sesame, Kani Township 39,150 acres, Salingyi Township 18,560 acres, and Pale Township and 71,092 acres, totalling 180,662.

This year, the respective Township Departments of Agriculture have been educating sesame farmers on expanding cultivation, applying appropriate cultivation methods, adopting GAP techniques, using high-quality and pure seeds, and selecting high-yielding varieties.

It is noted that crops grown under the GAP system are of higher quality compared to those grown under other methods. They also fetch better prices and have the potential for marketing not only in the domestic market but also in international markets. As a result, farmers practicing GAP are expected to gain greater economic benefits, leading to improvements in their socio-economic lives.

**SMK**

# Over 5,000 acres of pigeon pea planted in YeU Township

YEU August 17

Statistics of YeU District Agriculture Department mentioned that a total of 5,231 acres of pigeon pea has been planted in YeU Township of Sagaing Region.

During the 2025–2026 monsoon crop season, it has been planned to cultivate 6,224 acres of pigeon peas in YeU Township. Planting began in May this year, and as of today, 5,231 acres have already been cultivated.

"This year, more than 6,000 acres of pigeon peas are planned to be cultivated in YeU Township during the monsoon season. So far, over 5,000 acres have been planted. Efforts are being made to meet the targeted acreage. At the same time, we are also working to ensure a good yield. Pigeon peas are being cultivated both as a sole crop and as an intercropped or relay crop," said U Zaw Myint Tun, Head of the YeU District Agriculture Department.

This year, the YeU Township Agriculture Department has been educating pigeon pea farmers on selecting quality and pure seeds, following proper cultivation methods, preventing pest risks, and improving yields through field-level technical support.

Furthermore, the YeU Township Agriculture Department is distributing information on cost-saving techniques for farmers to make foliar fertilizer. This method helps reduce cultivation costs, minimizes pest infestation, and promotes healthy plant growth.

**SK**

# Local authorities manage completion of growing green gram in ChaungU Township



CHAUNGU August 17

Data of ChaungU Township Department of Agriculture indicated that local farmers have planted 6,653 acres of rain-fed green gram in ChaungU Township of Sagaing Region.

During the 2025-2026 monsoon crop season, it has been planned to cultivate 14,030 acres of rain-fed green gram in ChaungU Township. Planting began in May this year, and as of today, 6,653 acres have already been cultivated.

"This year, over 14,000 acres of rain-fed green gram are planned for cultivation in ChaungU Township during the monsoon season. So far, more than 6,000 acres have been successfully planted. Efforts are ongoing to achieve the full target acreage. We are also conducting awareness activities to encourage farmers to expand cultivation and to use quality and pure seeds for higher yields," said U Tint Swe, Head of the ChaungU Township Agriculture Department.

This year, the township agriculture department is providing guidance to green gram farmers on using high-quality and region-appropriate seed varieties, proper cultivation techniques, pest prevention, systematic use of fertilizers, and yield improvement methods.

In addition, during this monsoon season, the department is collaborating with farmers to support the cultivation of various pulse crops, aiming to improve both yield and quality. This includes providing quality seeds, necessary inputs, and post-harvest management techniques.

**SMK**

# Rubio: Putin is key player on Global Arena so US needs to negotiate with him



MOSCOW August 17

Russian President Vladimir Putin is "already on the world stage" and controls the world's largest tactical nuclear arsenal, US Secretary of State Marco Rubio said on Sunday, commenting on the criticism toward the presidential summit in Alaska.

"He has the world's largest tactical nuclear arsenal in the world, and the second-largest strategic nuclear arsenal in the world ... All the media has done is talk about Putin all the time for the last 4 or 5 years," Rubio said in an interview with ABC News.

Rubio also said that:

The United States engaged in discussions with European nations at the level of national security advisers regarding security guarantees for Ukraine

The United States has never mentioned that the recent US-Russia summit in Alaska was expected to end in a deal because Ukraine "is not there."

The United States is not a party to the conflict in Ukraine, but it is the only country in the world that is currently able to effectively contribute to ending it.

The most desirable outcome of the Ukrainian crisis for the United States is a permanent peace deal rather than a temporary ceasefire.

The ceasefire in Ukraine remains on Washington's agenda after the meeting between Russian President Vladimir Putin and US President Donald Trump in Alaska, but what the US ultimately wants is a permanent cessation of hostilities.

The United States is ready to maintain all the existing sanctions against Russia and potentially introduce new ones if no progress on the Ukrainian issue is achieved.

**Sputnik**

# European leaders, Zelensky to meet Trump in Washington

BRUSSELS August 17

European Commission President Ursula von der Leyen said on Sunday that she and other European leaders, as well as Ukrainian President Volodymyr Zelensky, will travel to Washington on Monday for talks with U.S. President Donald Trump.

"At the request of President Zelensky, I will join the meeting with President Trump and other European leaders in the White House tomorrow," von der Leyen wrote on social media platform X.

The German government announced on Sunday that German Chancellor Friedrich Merz will travel to Washington on Monday, joining other European leaders and Zelensky for talks with Trump.

Merz is expected to discuss the current state of peace efforts, a statement said, adding that security guarantees, territorial issues, and continued support for Ukraine will be addressed.

The French presidency told the press on Sunday that French President Emmanuel Macron will travel to Washington on Monday together with Zelensky and other European leaders to advance coordination between Europe and the U.S.

ANSA news agency reported that Italian Prime Minister Giorgia Meloni will be in Washington on Monday to attend a meeting with Trump at the White House, together with Zelensky and other European leaders.

Other leaders also making the trip include British Prime Minister Keir Starmer, Finnish President Alexander Stubb, and North Atlantic Treaty Organization Secretary General Mark Rutte.

**Xinhua**

# 11 people shot, 3 killed in New York club




NEW YORK August 17

Three people were killed and another eight injured in an overnight shooting at a club in Brooklyn, New York, NBC News reported early Sunday, citing the city's police.

The shooting took place at the "Taste Of The City Lounge" in the Crown Heights neighborhood, New York City Police Commissioner Jessica Tisch told a news conference, adding that officers responded to calls of the shooting just before 3:30 a.m. Eastern Time (0830 GMT).

The three people killed were all men, and all were pronounced dead at the scene, according to police.

The shooting was reportedly sparked by a dispute inside the crowded venue. At least 36 shell casings were found at the scene.

Tisch said there were multiple shooters involved, adding that police were still investigating and nobody was in custody.

Five men and three women are being treated at hospitals for non-life-threatening injuries, she said.

"It's a terrible shooting that occurred in the city of New York," Tisch said.

**Xinhua**

# 7 dead in cloudburst in Indian-controlled Jammu, Kashmir

NEW DELHI August 17

At least seven people, including five children, died and four others were injured after a cloudburst hit Jodh Ghati area of Kathua district in Indian-controlled Jammu and Kashmir, a local police officer said on Sunday.

The tragedy occurred between 3:30 a.m. and 4:00 a.m. when flash floods and landslides caused by cloudburst struck the area.

Rescue operations were still ongoing to bring out victims from the affected area.

Earlier this week, a cloudburst hit a village in Kishtwar district of Indian-controlled Jammu and Kashmir, claiming at least 60 lives, and nearly 100 people went missing.

**Xinhua**

# US, Russia agree on security guarantees for Ukraine - witkoff

MOSCOW August 17

US Special Envoy Steve Witkoff said on Sunday that the United States and Russia have agreed on security guarantees for Ukraine, but now everything depends on Kiev.

"What I said is that we got to an agreement that the United States and other European nations could effectively offer Article Five, like language to cover a security guarantee. So Putin has said that a red flag is NATO admission, right? And so what we were discussing was assuming that the Ukrainians could agree to that, and could live with that, and everything is is going to be, is going to be about what the Ukrainians can live with. But assuming they could, we were able to win the following concession, that the United States could offer Article Five, like protection, which would, which is the which is one of the real reasons why Ukraine wants to be in NATO," Witkoff told the CNN broadcaster.

The issue of territories in the Ukrainian conflict would be discussed with Zelenskyy during his meeting with US President Donald Trump on August 18, Witkoff said.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Are YOU drinking more than your friends? Use our interactive tool to tell to you exactly how you compare to others of your age and gender - as our experts reveal surprising risk factor that puts your liver in danger

Last year, the UK hit a grim milestone: More than 10,000 people died as a result of heavy drinking, the largest number on record.

The figure is not only tragic but also, on the surface, surprising.

Alcohol consumption in Britain has declined since 2004 – the year experts believe the UK hit 'peak booze' – according to research.

Meanwhile an astonishing one in four members of Gen Z (those aged between 18 and 28) are now teetotal.

Experts argue that the reason for this worrying rise in alcohol deaths is clear: While many people are drinking less, a small, but not insignificant, proportion of the population are regularly consuming too much alcohol.




However, how can patients know when they are drinking too much? And by how much do they need to reduce their intake to avoid life-threatening complications?

Using The Daily Mail's alcohol tracker, you can work out how much you are drinking and how it compares to others of the same age and gender. Our tool can also tell if you are drinking above the NHS recommended weekly limit.

More than 320,000 people are admitted to hospital each year with alcohol-related conditions. The majority of those who fall severely ill and die as a result of booze suffer from alcohol-related liver disease.

However, research shows excessive alcohol consumption is also linked with heart problems, cancer and mental health issues.

Experts have long argued that people who binge drink, consuming more than five units of alcohol in two hours, are at particular risk of alcohol-related illnesses. One in five Britons admit to regularly binge drinking.

In recent years, researchers have also warned about the dangers of a form of alcohol abuse known as high-intensity drinking, which involves having eight or more drinks in one night.

Both forms of excessive drinking are particularly harmful because the body does not have enough time to filter out the alcohol. This leads to dangerously high levels of booze in the body.

However, the dangers of more




moderate levels of drinking are still debated amongst experts.

In 2016, the NHS guidelines on alcohol were updated following a review of the evidence of the harms caused by drinking too much.

The changes, introduced by then Chief Medical Officer Dame Sally Davies, advised everyone to have several completely alcohol-free days, recommended pregnant women drink no alcohol at all and, crucially, recommended that men and women drink no more than 14 units spread over a week.

That's roughly equivalent to six pints of beer, a bottle and a half of wine or 14 single measures of spirits.

At the time, Dame Sally said: 'There's no such thing as a safe level of drinking.'

Studies show that around a quarter of British adults exceed 14 units most weeks. According to NHS data, 55 to 74-year-olds are most likely to drink more than the recommended amount – with a third admitting to regularly consuming more than 14 units a week.

Those over-75 are least likely, with less than a quarter saying they exceed the NHS recommended amount.

However, experts say exceeding 14 units a week will not necessarily lead to harm.

"There is no magic number here – no cliff edge where, if you drink below that level you're safe to drink, and over that and you're going to die,' says Prof John Holmes, an alcohol policy expert at the University of Sheffield whose team in the Sheffield Addictions Research Group produced modelling work which informed the 2016 guidelines.

'Broadly speaking, the risk increases with each additional drink you consume, and it increases particularly sharply for higher levels of consumption. Ultimately, it's just a guideline not a limit, as it's often described.'

Just how much does the risk of ill-health rise with every drink over 14 units?

In 2018, a major study, published in the Lancet medical journal, concluded that regularly drinking twice as many units as the NHS recommends – 28 units a week – would, on average, lower life expectancy by just six months.

Professor Sir David Spiegelhalter, one of Britain's leading statisticians, has in the past described moderate drinking as less dangerous for long term health than 'an hour of TV watching a day, or a bacon sandwich a couple times a week'.

However, experts say the alcohol poses greater risks to women than men. This is because research suggests that alcohol levels remain higher in women's blood for longer. Women have higher rates of liver disease, heart damage and cancer from lower levels of drinking.

And all experts agree that people worried about their alcohol intake should avoid binge drinking as much as possible – and speak to their GP if they feel unable to cut down.

NHS data shows that 55 to 64-year-olds are most likely to binge – with just over a fifth admitting to the harmful practice in the past week.

Those aged between 35 to 44 were the second most frequent bingers, with a fifth admitting to it.

'Many people don't realise how seriously harmful binge drinking is for your health,' says Zaheen Ahmed, director of therapy at UKAT, an addiction clinic.

And the more someone binges, the more difficult it will be for them to quit, because they can become physically dependent on alcohol.

Anyone who is concerned about their drinking should speak to their GP. The first thing they will likely do is order a liver test, which will provide clear evidence of the damage that person is doing to their body.

'However, a GP will probably also recommend problem drinkers see a mental health specialist. This is because, often, people who regularly binge have underlying mental health issues like anxiety or depression.'

**Mail Online**

# စစ်သင်္ဘောတိုင်းကို လေယာဉ်တင်သင်္ဘောဖြစ်သွားစေမယ့် ဂျက်အင်ဂျင်သုံးဒရုန်း

ရေတပ်စစ်ဆင်ရေးတွေကိုပြောင်းလဲသွားစေနိုင်မယ့် တီထွင်ဖန်တီးမှုတစ်ခုကို တရုတ်နိုင်ငံက ထုတ်ဖော်ပြသလိုက်ပါပြီ။ တရုတ်လေကြောင်းအာကာသဆိုင်ရာ အင်ဂျင်နီယာများက ဂျက်အင်ဂျင်ကိုအသုံးပြုထားပြီး ဒေါင်လိုက်အတက်အဆင်းလုပ်နိုင်ကာ အလွန်မြင့်မားတဲ့အမြန်နှုန်းနဲ့ပျံသန်းနိုင်စွမ်းရှိတဲ့ဒရုန်းအသစ်တစ်မျိုးကို ထုတ်ဖော်ပြသလိုက်တာဖြစ်ပါတယ်။

ကျစ်ကျစ်လျစ်လျစ်နဲ့ကြော့ကြော့မော့မော့ပုံစံရှိတဲ့အပြင် ပျံတက်ဖို့အတွက်ပြေးလမ်းလည်းမလိုတဲ့ အဲဒီဒရုန်းကို သာမန်စစ်သင်္ဘောတွေကနေလည်း လွှတ်တင်နိုင်ပါတယ်။ သင်္ဘောပေါ်ကနေပျံတက်သွားတဲ့အချိန်မှာပဲ ချက်ချင်းဆိုသလို လျင်မြန်လှတဲ့အရှိန်နှုန်းနဲ့တာဝေးခရီးရှည်ကို ချီတက်တိုက်ခိုက်မှုတွေလုပ်ဆောင်နိုင်ပါလိမ့်မယ်။ ဒါကြောင့် သာမန်စစ်သင်္ဘောတွေကို လေယာဉ်တင်သင်္ဘောအဖြစ်ပြောင်းလဲသွားစေနိုင်မှာပါ။



သမားရိုးကျပုံစံကနေခွဲထွက်ထားတဲ့ အခုလိုမျိုးဒရုန်းကိုရရှိစေဖို့အတွက် နာမည်ကောင်းနဲ့ကျော်ကြားတဲ့ ပေဟန်းတက္ကသိုလ်မှသုတေသနပညာရှင်များက ၁၀ နှစ်ကြာအောင်သုတေသနပြုလေ့လာမှုတွေလုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာလည်း ဒီလိုမျိုးစွမ်းဆောင်ရည်မြင့်မားတဲ့ ဒရုန်းတစ်မျိုးရှိပါတယ်။ XQ-58A Valkyrie ဆိုတဲ့ဒရုန်းပါ။ ဒါပေမဲ့ သူကသမားရိုးကျဒရုန်းတွေလိုမျိုးပဲ ပျံတက်ဖို့နဲ့ဆင်းသက်ဖို့အတွက် ပြေးလမ်းအရှည်ကြီးလိုအပ်ပါတယ်။ ဒါပေမဲ့ အခုတရုတ်နိုင်ငံရဲ့ဒရုန်းကကျတော့ ဂျက်အင်ဂျင်ကိုအသုံးပြုထားတဲ့အပြင် ဒေါင်လိုက်အတက်အဆင်းလုပ်နိုင်တာကြောင့် ဖရီးဂိတ်စစ်သင်္ဘောဖြစ်စေ၊ ဖျက်သင်္ဘောဖြစ်စေ၊ ကုန်း/ရေနှစ်သွယ်သွားသင်္ဘောဖြစ်စေ ဘယ်လိုသင်္ဘောမျိုးမဆိုက အသေးစားလေယာဉ်တင်သင်္ဘောအဖြစ်ကိုရောက်ရှိသွားစေနိုင်တာဖြစ်ပါတယ်။

အခုလိုမျိုးစွမ်းဆောင်ရည်မြင့်မားပြီး သမားရိုးကျပုံစံကနေခွဲထွက်နေတဲ့ ဒရုန်းမျိုးရရှိနိုင်ဖို့အတွက် အဓိကအကျဆုံးအချက်ကတော့ လေကြောင်းကဏ္ဍမှာ နှစ်ပေါင်းများစွာကြာတည်ရှိနေတဲ့စိန်ခေါ်မှုများကိုကျော်ဖြတ်ထားနိုင်ခြင်းပဲဖြစ်ပါတယ်။ အဲဒီစိန်ခေါ်မှုကတော့ ဒေါင်လိုက်ပျံတက်ပြီး မြင့်မားလှတဲ့အမြန်နှုန်းနဲ့ ဘယ်လိုမျိုးပျံသန်းမလဲဆိုတာပါပဲ။ ဒီနေရာမှာ တရုတ်သုတေသနပညာရှင်များက ဒရုန်းရဲ့အောက်ခြေမှာ ပန်ကာဒလက်များကိုတပ်ဆင်ထားပါတယ်။ တစ်ချိန်တည်း မြန်နှုန်းမြင့်နဲ့ပျံသန်းနိုင်ဖို့အတွက် ဂျက်အင်ဂျင်ကိုအသုံးပြုပေးထားပါတယ်။

ဒ့ါအပြင် ဒေါင်လိုက်အတက်အဆင်းလုပ်နိုင်စေဖို့အတွက် ပန်ကာဒလက်များရဲ့အောက်မှာ အသွင်းအထုတ်လုပ်နိုင်တဲ့ အဖုံးတစ်ခုကိုတပ်ဆင်ထားပါတယ်။ ဒရုန်းက လေပေါ်ကိုပျံတက်သွားပြီး အရှိန်နဲ့ရှေ့ကိုပျံသန်းတော့မယ့်အချိန်မှာ အဲဒီအဖုံးကပိတ်သွားတာကြောင့် ဒရုန်းက မြင့်မားတဲ့အမြန်နှုန်းနဲ့ပျံသန်းနိုင်တာဖြစ်ပါတယ်။

သုတေသနပညာရှင်များက ဒရုန်းကိုအကြမ်းခံနိုင်စေမယ့် ကုန်ကြမ်းပစ္စည်းများနဲ့သာဖန်တီးထုတ်လုပ်ထားတာဖြစ်ပါတယ်။ ဒါပေမဲ့ ဒရုန်းကိုယ်ထည်က ပေ့ါပါးတယ်။ ခိုင်ခံ့တယ်။ ရေပြင်ထက်မှာလူးလွန့်နေတဲ့ သင်္ဘောရဲ့ကုန်းပတ်ပေါ်မှာ တည်ငြိမ်စွာရပ်တည်ပြီး လုပ်ငန်းဆောင်တာများကိုဆောင်ရွက်နိုင်စွမ်းလည်းရှိပါတယ်။ ဂျက်အင်ဂျင်အသေးစားနဲ့ထိတွေ့နေရတဲ့နေရာကိုတော့ အပူခံပြားနဲ့ကာထားပါတယ်။ အဲဒီအပူခံပြားကအပူချိန် ၇၀၀ ဒီဂရီစင်တီဂရိတ်အထိကို ခံနိုင်ရည်ရှိပါတယ်။ လက်တွေ့စမ်းသပ်မှုလုပ်တဲ့အခါ စုစုပေါင်းအလေးချိန် ၉၉ ပေါင်သာရှိတဲ့ အဲဒီဒရုန်းက တစ်နာရီကို ၁၄၂ မိုင်နှုန်းနဲ့ပျံသန်းနိုင်တာကိုလည်း တွေ့ရပါတယ်။

တကယ်လို့များ ဒီဒရုန်းတွေကိုလက်တွေ့အသုံးပြုပြီဆိုတာနဲ့ တရုတ်စစ်သင်္ဘောအမျိုးမျိုးဆီကနေ ဒရုန်းအမြောက်အမြားကိုလွှတ်တင်နိုင်မှာဖြစ်တာကြောင့် အချိန်နဲ့အမျှအရေးတကြီးလိုအပ်တဲ့ ကင်းထောက်ခြင်း၊ တိုက်ခိုက်ခြင်း၊ ဌာနေသို့ပြန်လာခြင်းဆိုတဲ့လုပ်ငန်းများကိုလည်း အောင်မြင်စွာဆောင်ရွက်နိုင်စေမှာဖြစ်ပါတယ်။ နောက်ဆုံးအားသာချက်တစ်ခုက သမားရိုးကျဒရုန်းဖျက်လက်နက်တွေရဲ့ရန်ကနေရှောင်ကွင်းနိုင်ပြီး ပစ်မှတ်တွေကိုတိကျမှုရှိစွာနဲ့ ထိရောက်မှုရှိစွာတိုက်ခိုက်မှုများလုပ်ဆောင်နိုင်ခြင်းပဲဖြစ်ပါတယ်။ **Ref: SCMP**

ကိုထက်

# စစ်သုံးလက်နက်အဖြစ်ရောက်ရှိလာနိုင်တဲ့ အာကာသအမှိုက်သိမ်းလောင်ချာ



ဗမိတို့ရဲ့ အာကာသကြီးဟာ ဟင်းလင်းပြင်ကြီးအဖြစ်ရှိမနေတာကြာပါပြီ။ ဘာကြောင့်လဲဆိုရင် ကမ္ဘာပတ်လမ်းရဲ့ပတ်ပတ်လည်မှာရှိနေသမျှသောအရာများက အမျိုးစုံလှသောဂြိုဟ်တုများဖြစ်နေလို့ပါပဲ။ အဲဒီဂြိုဟ်တုတွေထဲမှာ လက်ရှိအသုံးပြုနေတဲ့ဂြိုဟ်တုတွေလည်းရှိသလို သက်တမ်းကုန်သွားပြီဖြစ်တဲ့ဂြိုဟ်တုတွေကလည်း ဒုနဲ့ဒေးပါပဲ။ ဒီနေရာမှာ သက်တမ်းကုန်သွားတဲ့ဂြိုဟ်တုများကြောင့် လက်ရှိလည်ပတ်နေဆဲဖြစ်တဲ့ ဂြိုဟ်တုအကောင်းများကပျက်စီးမှုနဲ့ကြုံရနိုင်ပါတယ်။ ဂြိုဟ်တုတစ်လုံးနဲ့တစ်လုံး ဝင်တိုက်မိခြင်းကြောင့်ပေါ့။

ကောင်းနေတဲ့ဂြိုဟ်တုများကိုတော့ လက်ရှိအသုံးပြုနေဆဲဖြစ်ပေမယ့် ဟောင်းသွားတဲ့ဂြိုဟ်တုများကတော့ အမှိုက်တစ်ခုအဖြစ် သတ်မှတ်ခံလိုက်ရပါတယ်။ ဒီအတွက်ကြောင့် တီထွင်ဖန်တီးသူများအနေနဲ့ အဟောင်းဖြစ်စေ၊ အကောင်းဖြစ်စေ ဂြိုဟ်တုမှန်သမျှကို ဖမ်းယူနိုင်မယ့် အသေးစားလောင်ချာတစ်မျိုးကို ဖန်တီးလိုက်ပါတယ်။ ဒီလောင်ချာက အလုံပိတ်ခါတ်ငွေ့ကိုအသုံးပြုထားတယ်။ စွမ်းအင်ကိုစုပ်ယူနိုင်စွမ်းရှိတဲ့စနစ်တစ်ခုပါဝင်ပါတယ်။ အဲဒီစနစ်ကြောင့် ဂြိုဟ်တုကိုဖမ်းဖို့အတွက် ပိုက်ကွန်တစ်ခုကိုသယ်ဆောင်လာတဲ့ဘူးကို အာကာသထဲရှိ သတ်မှတ်ပစ်မှတ်များဆီ တိတ်တဆိတ်ပျံသန်းနိုင်စေမှာဖြစ်ပါတယ်။

လက်ရှိအသုံးပြုနေကြတဲ့အထဲမှာ အာကာသအမှိုက်များကိုဖယ်ရှားရှင်းလင်းနိုင်မယ့် လက်နက်ပေါင်းများစွာရှိတာတွေ့ရပါတယ်။ ဒါပေမဲ့ အဲဒီလက်နက်တွေနဲ့မတူဘဲ အခုလောင်ချာကကျတော့ မီးခိုးမထွက်ဘူး။ အလင်းတန်းမထွက်ဘူး။ သိသာထင်ရှားတဲ့ တုန်ခါမှုမရှိဘူး။ ဖမ်းယူခံရတဲ့ဂြိုဟ်တုကလည်း အဖမ်းခံရချိန်မှာ မတည်မငြိမ်ဖြစ်တာမျိုးမရှိဘူး။ ဒီလိုအချက်တွေက နည်းပညာပိုင်းအားဖြင့်ကြည့်ရင် တော်တော်လေးကိုကျေနပ်စရာကောင်းပေမယ့် စစ်ရေးနည်းနဲ့ကြည့်ရင်တော့ ဆန့်ကျင်ဘက်ပုံစံဖြစ်သွားပါပြီ။

ကမ္ဘာပတ်လမ်းထဲ ပျံသန်းသွားလာနေကြတဲ့အထဲမှာ သမားရိုးကျဂြိုဟ်တုများသာမက စစ်သုံးဂြိုဟ်တုများလည်း ပါဝင်ပါတယ်။ ဒါကြောင့် ဒီလောင်ချာကို စစ်ဘက်မှာအသုံးပြုလာရင်ဆိုတဲ့အတွေးနဲ့ စဉ်းစားကြည့်ရင်တော့ ဒီအချက်ဟာ သိပ်ကိုကြောက်ဖို့ကောင်းနေတာအမှန်ပါပဲ။

ဒီလောင်ချာကိုတီထွင်သူများက နန်ကျင်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များဖြစ်ပါတယ်။ သူတို့ရဲ့တီထွင်မှုအရ လောင်ချာအတွက် ယမ်းမှုန့်အနည်းငယ်ကိုသာသုံးထားတယ်လို့ဆိုပါတယ်။ လောင်ချာမှာပါဝင်တဲ့ပိုက်ကွန်ထည့်ဘူးက ပစ်မှတ်ဂြိုဟ်တုဆီရောက်တဲ့အခါ ပိုက်ကွန်ကိုဖြန့်ကြက်ပြီး အဲဒီဂြိုဟ်တုကိုအုပ်လိုက်ပါတယ်။ ပြီးတဲ့အခါ ကမ္ဘာ့လေထုထဲကိုပြန်ဆွဲခေါ်လာပါတယ်။ ကမ္ဘာ့လေထုထဲရောက်တဲ့အခါ အဲဒီဂြိုဟ်တုကမီးလောင်ပျက်စီးသွားရပါတယ်။ ဒီလောင်ချာသည် အရပ်သုံးဂြိုဟ်တု၊ စစ်သုံးဂြိုဟ်တုဆိုပြီး ခွဲခြားနေမှာမဟုတ်ဘဲ အသုံးပြုသူရဲ့ဆန္ဒအပေါ်မှာသာမူတည်နေပါတယ်။ **Ref: IE**

ကိုထက်

# ထရမ့်က ပူတင်၊ ဇီလန်စကီတို့နှင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို လာမည့်သီတင်းပတ်တွင်လုပ်ဆောင်လို



**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရုရှားသမ္မတ ဗလာဒီမာပူတင်၊ ယူကရိန်းသမ္မတ ဗိုလိုဒိုမာဇီလန်စကီတို့နှင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို လာမည့်သီတင်းပတ်တွင်လုပ်ဆောင်လိုကြောင်း Axios နှင့် CNN သတင်းဌာနတို့ကဖော်ပြထားသည်။

ဩဂုတ်လ ၁၈ ရက်တွင် ထရမ့်က ၎င်း၏ရုံးခန်း၌ ဇီလန်စကီနှင့်တွေ့ဆုံမည်ဖြစ်ပြီး အဆိုပါတွေ့ဆုံဆွေးနွေးမှုအောင်မြင်လျှင် သုံးပွင့်ဆိုင်ဆွေးနွေးမှုကို ဩဂုတ်လ ၂၂ ရက်တွင် လုပ်ဆောင်နိုင်ခြေရှိကြောင်း သတင်းဌာနများ၏ဖော်ပြချက်တွင်တွေ့ရသည်။

ထရမ့်နှင့်ပူတင်တို့သည် ဩဂုတ်လ ၁၅ ရက်တွင် အလက်စကာပြည်နယ် အန်ကားရေ့မြို့ရှိ စစ်အခြေစိုက်စခန်း၌တွေ့ဆုံ၍ ဆွေးနွေးမှုများလုပ်ဆောင်ရာ ထိုဆွေးနွေးမှုသည် နွေးထွေးမှုရှိကြောင်း ထရမ့်ကပြောသည်။ အလားတူ ပူတင်ကလည်း ယင်းဆွေးနွေးမှုသည် ပွင့်လင်းမှုနှင့်ထိရောက်မှုရှိသောဆွေးနွေးပွဲဖြစ်သည်ဟု မှတ်ချက်ပြုပြောထားသည်။ အဆိုပါသမ္မတနှစ်ဦးသည် လက်ရှိယူကရိန်းပဋိပက္ခစတင်ဖြစ်ပွားသည့် ၂၀၂၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် မျက်နှာချင်းဆိုင်ဆွေးနွေးမှုလုပ်ဆောင်ခြင်းဖြစ်သည်။

အဆိုပါအလက်စကာဆွေးနွေးမှုအပြီးတွင် ထရမ့်က ဇီလန်စကီထံဖုန်းခေါ်ဆိုပြီးခဲ့ကြောင်း၊ ဇီလန်စကီနှင့်ဖုန်းပြောရာတွင် ဥရောပနိုင်ငံအချို့မှခေါင်းဆောင်များကလည်းပါဝင်ခဲ့ကြောင်း၊ ထိုသို့ဖုန်းပြောစဉ် ထရမ့်က ၎င်းအနေဖြင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှုကို လာမည့်ဩဂုတ်လ ၂၂ ရက်တွင်လုပ်ဆောင်ရန် စီစဉ်လိုသည်ဟုပြောခဲ့ခြင်းဖြစ်ကြောင်း သတင်းဌာနများကဖော်ပြထားသည်။ ယခုလုပ်ဆောင်သည့်တွေ့ဆုံဆွေးနွေးမှုများသည် ယာယီအပစ်အခတ်ရပ်စဲရေးရရှိမှုထက် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိမှုအထိ ရည်မှန်း၍လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ထရမ့်ကပြောထားသည်။ **Ref: RT**

# နှစ်နိုင်ငံကြား ထိပ်တိုက်တွေ့ဆုံမှုများကိုရှောင်ရှားမည်ဟု ထိုင်းနှင့်ကမ္ဘောဒီးယားစစ်ဒေသမှူးများ ကတိပြု

**ဖနွမ်းပင်၊ ချစ်ကြည်ရေး**



ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ စစ်ဒေသမှူးများသည် နှစ်နိုင်ငံကြားတွင် ထိပ်တိုက်တွေ့ဆုံမှုများကိုရှောင်ရှားမည်ဟု ဩဂုတ်လ ၁၆ ရက်တွင် အပြန်အလှန်ကတိပြုကြောင်းသိရသည်။

ထိုင်းနိုင်ငံ ထရက်ပြည်နယ်၌ နှစ်နိုင်ငံမှစစ်ဒေသမှူးများပါဝင်သည့် ဒေသတွင်းနယ်စပ်ရေးရာကော်မတီအစည်းအဝေးကျင်းပပြီးနောက် ၎င်းတို့ကကတိပြုခြင်းဖြစ်သည်။

ထို့ပြင် နှစ်နိုင်ငံမှစစ်ဘက်တာဝန်ရှိသူအဆင့်ဆင့်ကြား ဆက်ဆံရေးပိုမိုတိုးမြှင့်နိုင်စေရန် ညှိနှိုင်းရေးအဖွဲ့တစ်ဖွဲ့ကိုလည်း ထူထောင်သွားရန် စစ်ဒေသမှူးနှစ်ဦးစလုံးက သဘောတူသည်ဟု ကမ္ဘောဒီးယား၏သတင်းထုတ်ပြန်ချက်၌ဖော်ပြထားသည်။

လက်ရှိတွင် နယ်မြေပိုင်းခြားသတ်မှတ်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းမှုများလုပ်ဆောင်နေဆဲဖြစ်သော်လည်း နယ်မြေပိုင်းခြားသတ်မှတ်ပြီးသည့်နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်သွားရန်သဘောတူထားကြောင်းသိရသည်။ **Ref: Xinhua**

# နယူးယောက်မြို့၌ လူအုပ်ကြားထဲသို့သေနတ်ဖြင့်ပစ်ခတ်မှုဖြစ်ပွား

**နယူးယောက်၊ မှုခင်း**

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ဘရွတ်ကလင်းအရပ်၌ လူအုပ်ကြားထဲသို့ သေနတ်ဖြင့်ပစ်ခတ်မှုဖြစ်ပွားရာ အနည်းဆုံးလူသုံးဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

ထိုသေနတ်ပစ်ခတ်မှုသည် ဩဂုတ်လ ၁၇ ရက်နံနက်အစောပိုင်းတွင် Taste of the City Lounge အမည်ရှိစားသောက်ဆိုင်အတွင်း၌ ဖြစ်ပွားခြင်းဖြစ်ပြီး သေဆုံးသူများမှာ သက်လတ်ပိုင်းအမျိုးသားများဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများကိုနီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးထားကြောင်း ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါပစ်ခတ်မှုကိုလုပ်ဆောင်သူများသည် မည်သူမည်ဝါဖြစ်သည်ကို လက်ရှိအချိန်အထိမသိရသေးကြောင်း၊ စစ်ဆေးမှုများလုပ်ဆောင်စဉ် ကျည်ခွံ ၃၆ ခုကို တွေ့ရှိရကြောင်း ရဲတပ်ဖွဲ့ကပြောသည်ဟု သိရသည်။ **Ref: RT**

## သတင်းတိုကဏ္ဍ

### တရုတ်နိုင်ငံမြောက်ပိုင်း၌ ရုတ်တရက်ရေကြီးမှုဖြစ်ပွား အနည်းဆုံးလူ ၁၀ ဦးသေဆုံး

တရုတ်နိုင်ငံမြောက်ပိုင်း၌ ရုတ်တရက်ရေကြီးမှုဖြစ်ပွားရာ အနည်းဆုံးလူ ၁၀ ဦးသေဆုံးကြောင်း နိုင်ငံပိုင်သတင်းဌာနများကဩဂုတ်လ ၁၇ ရက်တွင် ဖော်ပြထားသည်။

အတွင်းမွန်ဂိုလီးယားဒေသရှိမြက်ခင်းပြင်များကို ဖြတ်သန်းစီးဆင်းနေသည့်မြစ်တစ်စင်း၏ကမ်းပါးယံများမှာ ဩဂုတ်လ ၁၆ ရက်ည ၁၀ နာရီဝန်းကျင်တွင် ရေတိုက်စားခြင်းခံရပြီးနောက် ပြိုကျမှုဖြစ်ပွားရာ ဘေယန်နာမြို့စွန်၌ စခန်းချနေထိုင်နေသူ ၁၃ ဦးမှာ ရေစီးနှင့်အတူမျောပါသွားကြောင်း၊ ထို့နောက် ပရဟိတအဖွဲ့ဝင် ၇၀၀ အထိပါဝင်သည့် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းကိုလုပ်ဆောင်နေဆဲဖြစ်ကြောင်း၊ လက်ရှိတွင်လူတစ်ဦးကိုသာကယ်ဆယ်နိုင်သေးကြောင်း သတင်းဌာနများကဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ဇူလိုင်လမှစ၍ ပြင်းထန်သောရာသီဥတုအခြေအနေများနှင့် ရင်ဆိုင်နေရခြင်းဖြစ်ပြီး နိုင်ငံမြောက်ပိုင်းနှင့်တောင်ပိုင်းတို့တွင် သာမန်ထက်ပိုမိုပြင်းထန်သည့်ရေကြီးမှုများ ဖြစ်ပွားနေကြောင်းသိရသည်။ **Ref: RTA**

### အင်ဒိုနီးရှားနိုင်ငံ၌ လွတ်လပ်ရေးနေ့တွင် အင်အားအသင့်အတင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်

အင်ဒိုနီးရှားနိုင်ငံ၌ လွတ်လပ်ရေးနေ့ဖြစ်သည့် ဩဂုတ်လ ၁၇ ရက်တွင် အင်အားအသင့်အတင့်ရှိငလျင်တစ်ခုလှုပ်ခတ်မှုဖြစ်ပွားရာ အနည်းဆုံးလူ ၂၉ ဦးဒဏ်ရာရရှိကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဩဂုတ်လ ၁၇ ရက် နံနက် ၅ နာရီ ၃၈ မိနစ်တွင် အလယ်ဆူလာဝေစီပြည်နယ်၌ အင်အား ၆ ဒသမ ၀ ရစ်(ခ်)တာစကေးရှိငလျင်တစ်ခုလှုပ်ခတ်ခြင်းဖြစ်ကြောင်း၊ ငလျင်ဗဟိုချက်သည် ပိုဆိုဒေသအနောက်မြောက်ဘက် ၁၈ ကီလိုမီတာအကွာကုန်းတွင်းပိုင်းရှိ မြေအောက်အနက် ၁၀ ကီလိုမီတာ၌ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ငလျင်လှုပ်ခတ်မှု၏တုန်ခါမှုသည် ၁၅ စက္ကန့်မျှကြာမြင့်သောကြောင့် ဒေသခံများအနေဖြင့် ကြောက်လန့်တကြားဖြင့် လမ်းမများပေါ်သို့ပြေးထွက်ကြကြောင်း၊ ကနဦးစုံစမ်းရရှိမှုများအရ ဒဏ်ရာရရှိသူ ၂၉ ဦးရှိကြောင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **Ref: Xinhua**

### အစ္စရေး၌ ဂါဇာစစ်ပွဲအဆုံးသတ်ရေးနှင့် ဓားစာခံများပြန်လွတ်စေရေး ပြည်သူများတောင်းဆို

အစ္စရေးနိုင်ငံတစ်ဝန်း၌ ဂါဇာစစ်ပွဲကို အဆုံးသတ်ရေးနှင့် ဓားစာခံများကိုပြန်လွတ်စေရေးလုပ်ဆောင်ရန် အစ္စရေးပြည်သူများက ဩဂုတ်လ ၁၇ ရက်တွင်ဆန္ဒပြတောင်းဆိုကြောင်းသိရသည်။

အစ္စရေးအစိုးရသည် ဂါဇာမြို့ကိုသိမ်းပိုက်မည်ဟု ဆုံးဖြတ်ချက်များချမှတ်ပြီးနောက်သီတင်းပတ်တစ်ပတ်အကြာတွင် အစ္စရေးပြည်သူများက ယခုကဲ့သို့ဆန္ဒပြတောင်းဆိုမှုများလုပ်ဆောင်လာခြင်းဖြစ်သည်။

အစ္စရေးနှင့်ဟားမက်တို့ကြားဖြစ်ပွားနေသည့်တိုက်ခိုက်မှုများတွင် ဟားမက်အဖွဲ့ကထိန်းသိမ်းထားသည့် အစ္စရေးမှ ဓားစာခံ ၄၉ ဦးရှိကြောင်း၊ ၎င်းတို့အနက် ၂၇ ဦးသေဆုံးသွားပြီဖြစ်ကြောင်း အစ္စရေးစစ်ဘက်ကထုတ်ပြန်ထားသည်။

ထို့ကြောင့် ပြည်သူထောင်ပေါင်းများစွာက အစ္စရေးနိုင်ငံတစ်ဝန်း၌ ဆန္ဒပြမှုများလုပ်ဆောင်ကာ ယခုကဲ့သို့တောင်းဆိုလာခြင်းဖြစ်ကြောင်းသိရသည်။ **Ref: AGC**

### တောင်ကိုရီးယားရှိ အထပ်မြင့်တိုက်တစ်လုံး၌မီးလောင် နှစ်ဦးသေဆုံးပြီး ၁၃ ဦးဒဏ်ရာရ

တောင်ကိုရီးယားနိုင်ငံရှိ အထပ်မြင့်တိုက်တစ်လုံး၌ ဩဂုတ်လ ၁၇ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ လူနှစ်ဦးသေဆုံးပြီး ၁၃ ဦးဒဏ်ရာရရှိကြောင်း Yonhap သတင်းဌာနကဖော်ပြထားသည်။

မီးလောင်မှုသည် ဆိုးမြို့၏ အထပ် ၂၀ ရှိတိုက်တစ်လုံး၌ နံနက် ၈ နာရီ ၁၀ မိနစ်တွင်ဖြစ်ပွားခြင်းဖြစ်သည်။ ထိုမီးလောင်မှု၌ အသက် ၂၀ ကျော်အမျိုးသားတစ်ဦးသည် နေရာတွင်ပွဲချင်းပြီးသေဆုံးသည်။ ထိုအမျိုးသား၏မိခင်ဖြစ်သည့် အသက် ၆၀ ကျော်အမျိုးသမီးကို ဆေးရုံတင်နိုင်လိုက်သော်လည်း ဆေးရုံ၌သေဆုံးသွားသည်။

ထို့အတူ လူတစ်ဦးသည်ဒဏ်ရာပြင်းထန်စွာရရှိပြီး ၁၂ ဦးမှာဒဏ်ရာအနည်းငယ်သာရရှိကြောင်းနှင့် တိုက်၌နေထိုင်သည့်လူ ၈၉ ဦးကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးလိုက်နိုင်ကြောင်း တာဝန်ရှိသူများကပြောသည်။ ယင်းမီးလောင်မှုသည် မီးသတ်ရေပန်းတပ်ဆင်ထားခြင်းမရှိသည့် ၁၄ ထပ်ရှိအခန်းတစ်ခု၌စတင်ဖြစ်ပွားခြင်းဖြစ်ကြောင်းသိရသည်။ **Ref: Xinhua**

# အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်



ကန်ကြီးထောင့် ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၌ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဧရာသီရိသုခခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ရာ ဒေသခံပြည်သူများက လက်ခံရယူကြသည်။

ထို့နောက် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးနံပါတ်မှန်၊ မမှန်စစ်ဆေးမှုနှင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရောက်မှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ကန်ကြီးထောင့်မြို့နယ်၌ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူ ၂၆၅ ဦး၊ အိမ်ထောင်စု ၈၀ ရှိရာ အဆိုပါပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ဧပြီလမှ ဇွန်လအထိ သုံးလစာငွေကျပ် ခြောက်သောင်းကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့နယ် တွန်ပလွန်ကျေးရွာ တောင်သူဦးငြိမ်းဝင်း၏စိုက်ကေ ၅ ကေတွင် ရက် ၉၀ စပါးမျိုးအား ၁၀ တန်းသွားမျိုးစေ့ချစက်နှင့် မျိုးစေ့ချကိရိယာ(Drum Seeder) တို့ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲသို့ တက်ရောက်ပြီး ပုသိမ်မြို့နယ် သစ်ပုတ်ကုန်းကျေးရွာအုပ်စု ကြခတ်ချောင်ကျေးရွာရှိ ပိုင်ရှင်ဦးအောင်သက်ပိုင်၏နို့စားနွား အကောင် ၇၀ နှင့် အသားစားနွားသုံးကောင် မွေးမြူထားရှိမှု၊ နို့အေး၊ ဒိန်ချဉ်နှင့် နွားနို့စိမ်း ထုတ်လုပ်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

ကျော်ဇင်စိုး

# မြစ်ကြီးနားမြို့ ပမ္မတီး(ရွှေအိုက်)ရပ်ကွက်အတွင်းရှိ ယာယီနေရပ်စွန့်ခွာသူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

မြစ်ကြီးနား ဩဂုတ် ၁၇

ကချင်ပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန်သည် ယနေ့ ညနေ ၃ နာရီတွင် မြစ်ကြီးနားမြို့ ပမ္မတီး(ရွှေအိုက်) ရပ်ကွက်အတွင်းရှိ ယာယီနေရပ်စွန့်ခွာသူများအား အခြေခံစားသောက်ကုန်များ သွားရောက်ထောက်ပံ့ပေးအပ်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လုံခြုံရေးအခြေအနေအရ ယာယီနေရပ်စွန့်ခွာသူများအား အတတ်နိုင်ဆုံး အမိုးအကာဖြင့် လုံခြုံစွာနေထိုင်နိုင်ရေး၊ စားသောက်မှုအဆင်ပြေစေရေးနှင့် ကျောင်းသားကလေးငယ်များ ပညာစဉ်ဆက်မပြတ်သင်ယူနိုင်ရေးစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့ မိသားစုများအတွက် အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်သည့်အပြင် လိုအပ်သည်များကိုတင်ပြကြစေလိုကြောင်း အားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပါယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စု ၁၃၆ စုတို့အတွက် စုစုပေါင်းငွေကျပ် ၁၂၃၃၅၂၀၀ တန်ဖိုးရှိ ဆန် ၂၄ ပြည်အိတ် ၁၃၆ အိတ်နှင့် ဆီ ၁၃၆ ပိဿာတို့ကို လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးက ကျောင်းသားကလေးငယ် ၁၆၅ ဦးတို့အတွက်ဗလာစာအုပ်နှင့်ကျောင်းသုံးပစ္စည်းများကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များအပေါ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စခန်းအတွင်းရှိ ယဉ်ကျေးလိမ္မာဓမ္မစကူးသင်တန်းမှ ကလေးငယ်များအတွက် အာဟာရကျွေးမွေးစရိတ်အဖြစ် ငွေကျပ် ၁၀ သိန်းနှင့် ယာယီအိပ်ဆောင်များ ပြုပြင်တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် ငွေကျပ် ၁၀ သိန်းတို့ကို ထောက်ပံ့ပေးအပ်ပြီး စခန်းအတွင်း ရေဝပ်ဧရိယာဖြစ်ပေါ်နေမှုအခြေအနေများနှင့် နန်းကွေ့ချောင်းရေတိုက်စားမှုကို ကြည့်ရှုစစ်ဆေးကာ စခန်းအတွင်း ရေဝပ်သည့်နေရာများ၌ သဲ၊ ကျောက်ခင်းပေးနိုင်ရေးနှင့် ချောင်းရေတိုက်စားမှုကို ကွင်းဆင်းဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၂၈၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၁၇

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသောစားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ်လ ၁၈ ရက်မှ ၂၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၂၈၅ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်းသိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါ ထုတ်ပြန်ကြေညာထားသည့်ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းသိရသည်။

မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၈-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၀၀ | ၃၀၁၀ | ၂၉၈၀ | ၂၉၃၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | ၄၅၀၅ | ၃၂၆၅ | ၂၉၈၅ | ၂၉၉၀ | ၃၀၆၀ | ၃၀၂၅ | ၃၀၄၅ | ၃၃၀၀ |
| 95 Ron | ၂၉၅၅ | ၃၀၇၀ | ၃၀၃၅ | ၂၉၇၀ | ၃၀၇၅ | ၃၀၉၀ | ၃၁၀၀ | ၃၀၃၀ | ၄၅၆၀ | ၃၃၂၀ | ၃၀၄၅ | ၃၀၄၅ | ၃၁၁၅ | ၃၀၈၀ | ၃၁၀၅ | ၃၃၆၀ |
| HSD (500 ppm) | ၂၆၀၅ | ၂၇၂၅ | ၂၆၉၅ | ၂၆၃၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၆၅ | ၂၆၈၅ | - | ၂၉၀၀ | ၂၇၀၀ | ၂၇၀၅ | ၂၇၇၅ | ၂၇၄၀ | ၂၇၆၀ | ၃၀၁၅ |
| HSD (50 ppm) | ၃၂၃၅ | ၃၃၅၀ | ၃၃၁၅ | ၃၂၅၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၉၀ | ၃၃၀၅ | ၄၈၃၀ | ၃၆၀၀ | ၃၃၂၅ | ၃၃၂၅ | ၃၃၉၅ | ၃၃၆၀ | ၃၃၈၅ | ၃၆၄၀ |
| HSD (10 ppm) | ၃၂၃၅ | ၃၃၅၀ | ၃၃၁၅ | ၃၂၅၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၉၀ | ၃၃၀၅ | - | ၃၆၀၀ | ၃၃၂၅ | ၃၃၂၅ | ၃၃၉၅ | ၃၃၆၀ | ၃၃၈၅ | ၃၆၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၃၂ | ၂၈၂၁ |
| 95 Ron | ၂၇၈၉ | ၂၈၇၉ |
| HSD (500 ppm) | ၂၄၅၆ | ၂၅၃၅ |
| HSD (50 ppm) | ၃၀၆၀ | ၃၁၅၀ |
| HSD (10 ppm) | ၃၀၆၀ | ၃၁၅၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°C | / | ၃၂°C |
| ရန်ကုန် | ၂၄°C | / | ၃၀°C |
| မန္တလေး | ၂၅°C | / | ၃၄°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ဘာစီလိုနာအသင်း ကစားသမားသစ်ရက်ရှ်ဖို့ဒ် အသင်းမှတ်ပုံတင်ခွင့်ရရှိခဲ့ပြီး မာယော့ကာအသင်းနှင့် ယှဉ်ပြိုင်ကစားသည့် စပိန်လာလီဂါအဖွင့်ပွဲစဉ်တွင် ပါဝင်လာ



မက်ဒရစ် ဩဂုတ် ၁၇

ဘာစီလိုနာအသင်းကစားသမားသစ် ရက်ရှ်ဖို့ဒ်သည် အသင်းမှတ်ပုံတင်ခွင့်ရရှိခဲ့ပြီး မာယော့ကာအသင်းနှင့်ယှဉ်ပြိုင်ကစားသည့် စပိန်လာလီဂါအဖွင့်ပွဲစဉ်တွင် ပါဝင်လာကြောင်း သိရသည်။

တိုက်စစ်မှူးရက်ရှ်ဖို့ဒ်သည် ယခုနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှ ဘာစီလိုနာအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး ၎င်းအနေဖြင့် ယခုဘောလုံးရာသီ စပိန်လာလီဂါအဖွင့်ပွဲစဉ်အဖြစ် မာယော့ကာအသင်းနှင့်ကစားသည့်ပွဲစဉ်မတိုင်မီ နာရီပိုင်းအလိုတွင် မှတ်ပုံတင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် အသင်း၏ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းများကြောင့် ကစားသမားများဖြစ်ကြသည့် ဂျိုအန်ဂါစီယာနှင့်ရက်ရှ်ဖို့ဒ်တို့ကို မှတ်ပုံတင်နိုင်ရန် အခက်တွေ့နေပြီး ကနဦးတွင် ဂါစီယာကို မှတ်ပုံတင်နိုင်ခဲ့သော်လည်း ရက်ရှ်ဖို့ဒ်ကို မှတ်ပုံတင်နိုင်ရန် နှောင့်နှေးဖွယ်ရှိသောကြောင့် အသင်းနှင့် ပရိသတ်များအတွက် စိုးရိမ်ဖွယ်ရာဖြစ်ခဲ့သည်။

သို့သော် ဘာစီလိုနာအသင်းအနေဖြင့် စပိန်လာလီဂါအဖွင့်ပွဲစဉ်မစတင်မီ ကစားသမားဟောင်း ဖရန်စစ္စကိုထရင်ကာအိုကို ပြန်လည်ရောင်းချခွင့် ၅၀ ရာခိုင်နှုန်းဖြင့် အသင်း၏ရန်ပုံငွေကို ထပ်မံရှာဖွေနိုင်ခဲ့ပြီး တိုက်စစ်မှူးရက်ရှ်ဖို့ဒ် မှတ်ပုံတင်ခွင့်အတွက် လိုအပ်သည့်ငွေကြေးကိုရရှိခဲ့ခြင်းဖြစ်သည်။

စပိန်လာလီဂါအဖွဲ့ချုပ်၏ အတည်ပြုချက်ရရှိခဲ့ပြီးနောက် ရက်ရှ်ဖို့ဒ်နှင့် တခြားကစားသမားသစ်များ မှတ်ပုံတင်ခွင့်ရရှိခဲ့ရာ ဩဂုတ်လ ၁၇ ရက်တွင် မာယော့ကာအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် စပိန်လာလီဂါအဖွင့်ပွဲစဉ်တွင် ၎င်းတို့အနေဖြင့် အသင်း၏ ကစားသမားစာရင်း၌ ပါဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် မာယော့ကာအသင်းကို အဝေးကွင်းပွဲစဉ်အဖြစ် သွားရောက်ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကာ တိုက်စစ်မှူးရက်ရှ်ဖို့ဒ်က ပွဲချိန် ၆၉ မိနစ်တွင် ဖာရန်တောရက်စ်နှင့်လူစားလဲဝင်ရောက်ကစားခဲ့ပြီး အဆိုပါပွဲစဉ်တွင် ဘာစီလိုနာအသင်းက ကစားသမားနှစ်ဦးအထိ ထုတ်ပယ်ခံထားရသည့် အိမ်ရှင်မာယော့ကာအသင်းကို ရာဖင်ဟာ၊ ဖာရန်တောရက်စ်၊ ယာမယ်တို့၏သွင်းဂိုးများဖြင့် သုံးဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

Ref; Fabrizio Romano

### ယခုဘောလုံးရာသီ၏ ပရီးမီးယားလိဂ်ပြိုင်ဆိုင်မှု အခက်အခဲဆုံးဖြစ်လာနိုင်ကြောင်း နည်းပြအာတီတာ ပြောကြား

လန်ဒန် ဩဂုတ် ၁၇

အာဆင်နယ်အသင်းနည်းပြ အာတီတာက ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ပြိုင်ဆိုင်မှုသည် အခက်အခဲဆုံးဖြစ်လာနိုင်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

နည်းပြအာတီတာသည် အာဆင်နယ်အသင်းတွင် ၎င်း၏ပဉ္စမမြောက်ဘောလုံးရာသီကို ကိုင်တွယ်ရမည်ဖြစ်ပြီး အသင်းအတွက် ၂၂ နှစ်ကြာ ပရီးမီးယားလိဂ်ဖလားမရရှိခဲ့မှုကို အဆုံးသတ်ရန်ကြိုးပမ်းနေပြီး ပြီးခဲ့သည့် ဘောလုံးရာသီသုံးဆက်အမှတ်ပေးဇယားအဆင့်(၂)နေရာ၌ ရပ်တည်ခဲ့ရသည်။

နည်းပြအာတီတာက "ပရီးမီးယားလိဂ်ရဲ့ ပြိုင်ဆိုင်မှုက အခုချိန်မှာ အရမ်းကို ပြင်းထန်လာနေပြီး အခက်အခဲဆုံးဖြစ်လာနိုင်ပါတယ်။ ပရီးမီးယားလိဂ်ဆုဖလားရဖို့ဆိုရင် အများအယွင်းမရှိအောင် အကောင်းဆုံးဖြစ်နေဖို့ လိုအပ်ပါတယ်။ ဒီဘောလုံးရာသီမှာတော့ အကောင်းဆုံးဖြစ်အောင် ပိုပြီးကြိုးစားသွားရမှာပါ"ဟု ပြောကြားခဲ့သည်။

လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူမှုအတွက် လီဗာပူးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့က စတာလင်ပေါင်သန်း ၂၅၀ ကျော်၊ မန်စီးတီးအသင်းက စတာလင်ပေါင်သန်း ၁၅၀ နှင့် အာဆင်နယ်အသင်းက ကစားသမားသစ်ခြောက်ဦးအတွက် စတာလင်ပေါင် သန်း ၂၀၀ အထိ သုံးစွဲထားကြောင်း သိရသည်။ Ref; Fotmob

## ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်များတွင် ၁၀ ဂိုးအထိသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် လီဗာပူးအသင်းတိုက်စစ်မှူး ဆာလက်ချ်မှတ်တမ်းဝင်

လန်ဒန် ဩဂုတ် ၁၇

လီဗာပူးအသင်းတိုက်စစ်မှူး ဆာလက်ချ်သည် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်များတွင် ၁၀ ဂိုးအထိသွင်းယူနိုင်ခဲ့သည့်ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူးဆာလက်ချ်သည် ဩဂုတ်လ ၁၆ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ဘုန်းမောက်အသင်းနှင့် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ပြီးနောက် အဖွင့်ပွဲစဉ်များတွင် ၁၀ ဂိုးအထိ သွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ယခုဘောလုံးရာသီအဖွင့်ပွဲစဉ်အဖြစ် အိမ်ကွင်းဖြစ်သည့် အန်ဖီးလ်ကွင်း၌ ဘုန်းမောက်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ၄ ဂိုး-၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ အသင်း၏ စတုတ္ထမြောက်ဂိုးကို ဆာလက်ချ်က သွင်းယူခဲ့သည်။

ဆာလက်ချ်သည် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်များတွင် ဂိုးအများဆုံးသွင်းယူထားနိုင်သည့် ကစားသမားအဖြစ် ထိပ်ဆုံး၌ရပ်တည်နေပြီး ၎င်း၏နောက်တွင် ဂျေမီဗာဒီ၊ ရွန်းနီ၊ အလန်ရှီးယားနှင့် ဖရန့်လမ်းပတ်တို့က ရှစ်ဂိုးဖြင့် အသီးသီးရပ်တည်လျက်ရှိသည်။

ထို့ပြင် တိုက်စစ်မှူး ဆာလက်ချ်သည် ဘုန်းမောက်အသင်းနှင့်ပွဲစဉ်တွင် သွင်းယူခဲ့သည့် ဂိုးအပါအဝင် ၁၈၇ ဂိုးအထိ သွင်းယူထားနိုင်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ဂိုးအများဆုံးသွင်းယူထားသည့် ကစားသမားစာရင်းတွင်လည်း အင်ဒီကိုးလ်နှင့်အတူ စတုတ္ထနေရာ၌ ပူးတွဲရပ်တည်နေကြောင်း သိရသည်။

Ref; Goal.com



## ဂိုးသမား အိုနာနာ၏နေရာအတွက် ဂိုးသမားသစ်တစ်ဦးခေါ်ယူရန်လိုအပ်နေဆဲဖြစ်ကြောင်း မန်ယူအသင်းဂန္ထဝင်ကစားသမား ဂယ်ရီနဗီးလ်ပြော

မန်ချက်စတာ ဩဂုတ် ၁၇

မန်ယူအသင်း၏ဂန္ထဝင်ကစားသမား ဂယ်ရီနဗီးလ်က အသင်းဂိုးသမား အိုနာနာ၏ နေရာအတွက် ဂိုးသမားသစ်တစ်ဦးကို ခေါ်ယူရန် လိုအပ်နေဆဲဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလိဂ်အမှတ်ပေးဇယားအဆင့်(၁၅)နေရာ၌သာ ရပ်တည်နိုင်ခဲ့ကာ သွင်းဂိုး ၄၄ ဂိုး၊ ပေးဂိုး ၅၄ ဂိုးရှိခဲ့ပြီး ယခုဘောလုံးရာသီအတွက် ပြင်ဆင်မှုအနေဖြင့် စတာလင်ပေါင်သန်း ၂၀၀ ကျော်သုံးစွဲခဲ့ပြီး ကစားသမားသစ်များ ခေါ်ယူနိုင်ခဲ့သော်လည်း စွမ်းဆောင်ရည်တည်ငြိမ်မှုမရှိသည့် ဂိုးသမားအိုနာနာ၏ နေရာအတွက် ဂိုးသမားသစ်တစ်ဦးကို ခေါ်ယူရန် လိုအပ်နေဆဲဖြစ်သည်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂယ်ရီနဗီးလ်က "မန်ယူအသင်းဟာ ယူရိုပါလိဂ်ဗိုလ်လုပွဲစဉ်ရှုံးနိမ့်အပြီးမှာ ကစားသမားသစ်တွေကို ငွေကြေးအများအပြားသုံးစွဲပြီး ခေါ်ယူခဲ့တာဟာ အံ့ဩစရာကောင်းပါတယ်။ ခေါ်ယူခဲ့တဲ့ တိုက်စစ်မှူးတွေအနေနဲ့လည်း အသင်းမှာ ခြေစွမ်းပြနိုင်ဖို့လိုအပ်ပါတယ်။ သူတို့ကို အသင်းပရိသတ်တွေကလည်း အကောင်းဆုံးမျှော်လင့်နေကြတာပါ။ ဒါပေမဲ့ အသင်းရဲ့ဂိုးသမားနေရာမှာတော့ ပြဿနာရှိနေပါတယ်။ အဲဒါကြောင့် အိုနာနာရဲ့နေရာမှာ ဂိုးသမားသစ်တစ်ဦးကို ခေါ်ယူနိုင်ဖို့ လိုအပ်နေဆဲပါပဲ"ဟု ပြောကြားခဲ့သည်။

မန်ယူအသင်းသည် လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဆန်ချို၊ ဂါနာချို၊ အန်တိုနီနှင့် မာလာစီယာတို့ကို ရောင်းထုတ်ခဲ့ပြီး တိုက်စစ်ပိုင်းအတွက် ဝုဗ်အသင်းမှ ကွန်ညာကို စတာလင်ပေါင် ၆၂ ဒသမ ၅ သန်းဖြင့်လည်းကောင်း၊ ဘရန့်ဖို့ဒ်အသင်းမှ အမ်ဘွမိုကို စတာလင်ပေါင်သန်း ၇၀ ဖြင့်လည်းကောင်း၊ လိုက်ပဇစ်အသင်းမှ ဘင်ဂျမင်ဆက်ကို စတာလင်ပေါင် ၇၄ သန်းဖြင့် လည်းကောင်း ခေါ်ယူနိုင်ခဲ့သည်။

ထို့ပြင် ဂိုးသမားအိုနာနာ၏နေရာအတွက် ဂိုးသမားသစ်တစ်ဦးကိုခေါ်ယူနိုင်ရန် ဦးစားပေးကြိုးပမ်းနေပြီး ဝီအက်စ်ဂျီအသင်းမှ ထွက်ခွာတော့မည့် ဂိုးသမားဒွန်နာရမ်မာနှင့် အေဗီလာအသင်းဂိုးသမား မာတီနက်ဇ်တို့ကို ခေါ်ယူနိုင်ရန်ကြိုးပမ်းနေသည့် သတင်းများလည်း ထွက်ပေါ်ခဲ့သည်။

ဆက်လက်၍ ဂယ်ရီနဗီးလ်က "ချယ်လ်ဆီး၊ အာဆင်နယ်၊ လီဗာပူးနဲ့ မန်စီးတီးအသင်းတွေကို အသင်းရဲ့လက်ရှိအခြေအနေအရ ယှဉ်ပြိုင်နိုင်ဖို့ ခက်ခဲပါတယ်။ ဒါပေမဲ့ ဒီဘောလုံးရာသီမှာ အသင်းအနေနဲ့ အမှတ်ပေးဇယားအဆင့်(၅)နေရာမှာ အနည်းဆုံး ရပ်တည်နိုင်ခဲ့ရင် အံ့ဩဖွယ်ရာဖြစ်သွားမှာပါ။ ဒါ့ပြင် အသင်းကစားသမားတွေအနေနဲ့လည်း ဒီဘောလုံးရာသီမှာ အမှတ်ပေးဇယားထိပ်ဆုံးပိုင်းမှာ ရပ်တည်နိုင်ဖို့ရည်ရွယ်ပြီး ကြိုးစားကစားသင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref; Fotmob

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး

# ကြော်ငြာစာအမှတ်(၁/၂၀၂၅)

# (၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၅ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက်(၃၀)နှစ်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၁၅-၈-၂၀၂၅ ရက်မှ ၂၁-၈-၂၀၂၅ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်းထောက်ခံချက် ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂ ရက်၊ ၃ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| နေပြည်တော် | ဖုန်း - | ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၂၅၀၀၀၀၈၅၄<br>၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - | ၀၉-၆၈၈၈၈၃၅၅၈ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး(၄၂)နေရာ၊ အငယ်တန်းစာရေး(၈၀)နေရာနှင့် စစ်ဆေးရေးမှူး-၄(ငွေ)(၅၅)နေရာကို ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။ ရွေးချယ်ခံရသူများသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အောက်ဖော်ပြပါအရည်အချင်းနှင့်ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်း(ကျပ်) | လစ်လပ် နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၄၂ နေရာ | - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ (စီးပွားရေးတက္ကသိုလ်များမှ ဘွဲ့တစ်ခုခုရရှိသူ၊ အဝေးသင်တက္ကသိုလ်များမှ စီးပွားရေးဆိုင်ရာ ဘွဲ့တစ်ခုခုရရှိသူ၊ သမဝါယမတက္ကသိုလ်နှင့် သမဝါယမဒီဂရီကောလိပ်များမှ စီးပွားရေးဆိုင်ရာ ဘွဲ့တစ်ခုခုရရှိသူ၊ B.C.Sc၊ B.C.Tech၊ B.E(Civil)၊ B.E(IT)၊ B.E(EP)၊ B.E(EC)၊ B.A(English)၊ LL.B ဘွဲ့ရရှိသူများဦးစားပေးမည်။) |
| (ခ) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၈၀ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |
| (ဂ) | စစ်ဆေးရေးမှူး-၄(ငွေ) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၅၅ နေရာ | တက္ကသိုလ်ဝင်တန်းအောင်မြင်သူ |

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၃၀-၉-၂၀၂၅)ရက်နေ့တွင် အသက်(၂၇)နှစ်၊ နိုင်ငံ့ဝန်ထမ်းများဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဦးစားပေးမည်။ (ဒုတိယဦးစီးမှူးရာထူးနှင့် အငယ်တန်းစာရေးရာထူးအတွက်သာ)

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(စ) အနည်းဆုံး(၅)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိစာချုပ်ချုပ်ဆိုရမည်ဖြစ်ပြီး စာချုပ်စည်းမျဉ်းစည်းကမ်းဖောက်ဖျက်ပါက ဝန်ခံကတိအရ ကျန်ရှိသည့်ကာလအတွက် လျော်ကြေးငွေပေးလျော်ရမည်။

(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းအမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသောပတ်စ်ပို့ ဓာတ်ပုံ (၁ လက်မ x ၁ လက်မ)(၃)ပုံ

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)

(ဂ) ဘွဲ့လက်မှတ်(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)

(ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ) သို့မဟုတ် နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံချက်

(င) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ(တစ်လအတွင်းရရှိသည့်)ထောက်ခံချက်(မူရင်း)

(စ) အိမ်ထောင်စုစာရင်းမိတ္တူ

(ဆ) ဝန်ထမ်းဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်

(ဇ) ဝန်ထမ်းမဟုတ်လျှင်(၆)လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)

၄။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန(နေပြည်တော်)၊ ဝန်ထမ်းရေးရာဌာနစိတ်သို့လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော်လည်းကောင်း (၅-၉-၂၀၂၅) ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားရမည်။

၅။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ ခွင့်ပြုလက်မှတ်ပါရှိသည့်လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနမှတစ်ဆင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ (၁၂-၉-၂၀၂၅)ရက်နေ့နောက်ဆုံးထား၍ ပေးပို့ရမည်။

၆။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်၊ စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့်မကိုက်ညီသည့်လျှောက်လွှာများကို (လုံးဝ)ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ သတ်မှတ်ချက်နှင့် ပြည့်စုံသူများကိုသာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ရရှိသူစာရင်းနှင့် ရေးဖြေစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းကျင်းပမည့် နေ့ရက်၊ အချိန်နှင့်နေရာတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website www.cbm.gov.mm တွင် ကြေညာမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးပြုလုပ်မည်ဖြစ်ပါသည်။

၉။ ဖြည့်သွင်းရမည့်လျှောက်လွှာပုံစံကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website www.cbm.gov.mm တွင် Download ဆွဲ၍ ရယူနိုင်ပါသည်။

၁၀။ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန (နေပြည်တော်)၊ ဝန်ထမ်းရေးရာဌာနစိတ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်- ၀၆၇ ၃၄၁၈၅၉၃ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။


**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့နေ မောင်အောင်ချစ်ပိုင်(ဘ)ဦးရန်စိုး ၇/ပခန(နိုင်)၃၂၂၃၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

**ပျောက်ဆုံးကြောင်း**

မြဝတီမြို့၊ ရေပူစမ်းကျေးရွာ၊ အမှတ်(၅)ရပ်ကွက်နေ စီစီအောင်ခန့်(ဘ)ဦးတန်ဂျီး ၃/မဝတ(နိုင်)၁၁၂၆၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 150568)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၁၀၈၇၁၄၉

**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့၊ ပျဉ်ပုံကြီးကျေးရွာနေ မစောစန္ဒီတင်(ဘ)ဦးခင်နိုင် ၇/ပခန(နိုင်)၄၄၉၄၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၁၅၆၉၃၂

**ပျောက်ဆုံးကြောင်း**

ဒိုက်ဦးမြို့နယ်၊ လင်းရောင်ခြည်ကျေးရွာနေ မောင်စည်သူဖြိုး(ဘ)ဦးတင်သန်း ၇/ဒဥန(နိုင်)၂၀၈၄၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၈၁၅၆၉၃၂

**ပျောက်ဆုံးကြောင်း**

အုတ်တွင်းမြို့နေ အေးသူဇာ(ဘ)ဦးတင်လှိုင် ၇/အတန(နိုင်)၁၄၂၀၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 452507)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဒေါ်စန္ဒာအောင်(ဘ)ဦးအိုက်စံ ၉/မဟမ(နိုင်)၀၄၄၈၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၈၇၁၆၈၈

**ပျောက်ဆုံးကြောင်း**

ဖြူဖြူဝင်း(ဘ)ဦးဇာရစ်အလီ ၁/မကန(နိုင်)၀၂၀၂၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

မောင်သုတလင်းထွန်း(ဘ)ဦးဝင်းချိုထွန်း မွေးစာရင်းအရ ၈-၉-၂၀၁၇ ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 263734)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၈၅၄၀၀၄၇

**ပျောက်ဆုံးကြောင်း**

မနန်းမြင့်မြင့်အေး(ဘ)ဦးကျော်အေး ၉/မဟမ(နိုင်)၀၀၄၈၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 011535)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၁၅၂၅၉၉၀

**အမည်ပြောင်း**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ယင်းမာပင်ကျေးရွာ အ.ထ.က (တ.က.စ ၂)တွင် ပညာသင်ကြားနေသော အဘ ဦးနေလင်းအောင် ၁၂/အစန(နိုင်)၁၈၃၈၈၅ ၏သမီး မသွန်းစုစန္ဒီအား မသွန်းသွန်းဟေသာဟု ပြောင်းလဲခေါ်ဆိုပါရန်။

မသွန်းသွန်းဟေသာ

**ပျောက်ဆုံးကြောင်း**

ကျိန်ခတ်ဟွဲ(ဘ)ဦးဆွန်ကျင့်၅/ကလထ(နိုင်)၁၆၅၆၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

အိသဇင်မိုး(ဘ)ဦးမြင့်စန်း ၁၄/ပသန(နိုင်)၃၃၆၃၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ဖခင်အမည်မှန်**

ပဲခူးမြို့၊ အ.ထ.က(၂)ကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော မောင်ဟိန်းထက်ဦး၏ ဖခင်အမည်မှန်မှာ ဦးစိုးသီဟ ၁၀/ဘလန(နိုင်)၀၉၈၉၈၄ ဖြစ်ပါကြောင်း။

ဦးစိုးသီဟ

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




တော်ဝင်ဆိပ်ကမ်းတံတား၌ ဖမ်းဆီးရမိမှု။







မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဩဂုတ် ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၁၅ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၁၈၂၇၉)ကို လည်းကောင်း၊ တော်ဝင်ဆိပ်ကမ်းတံတား၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၈၂၀၄၈) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၂၀၀၃၂၇)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၁၅ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ်၊ မင်းကုန်းကျေးရွာ၊ Royal စားသောက်ဆိုင်အနီး၌ မော်တော်ယာဉ် (၄)စီးပေါ်မှ တရားမဝင် ကျွန်းသစ် (၁၉ ဒသမ ၁၂၃)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၂၈၉၄၄)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Mitsubishi Canter Truck (၂)စီး၊ Isuzu Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ အမှတ် (၅)လမ်း၊ Regency ဂက်စ်ဆိုင်အနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင် အခြားသစ် (၁ ဒသမ ၇၉၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၃၀၁၅၂)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၀၅၉၀၉၆)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့်ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၄ ဒသမ ၆၃၁)တန်၊ သစ်မာ (၁ ဒသမ ၀၄၁)တန်၊ အခြား (၄ ဒသမ ၇၆၄)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၂၀၇၃၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **ဩဂုတ်လ ၁၅ ရက်နှင့် ၁၆ ရက်** တို့တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့အကျော် ရေဝန်းကျေးရွာအနီး၌ လားရှိုးမြို့မှမန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၅၈)မျိုး၊ လူသုံးကုန်ပစ္စည်း(၂၀)မျိုး၊ စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၇၄၉၆၃၉၈)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၂)စီး၊ Nidi Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး၊ Dong Feng Tractor Head (၃)စီး၊ Shacman Tractor Head (၂)စီး၊ Howo Sino Tractor Head (၁)စီး၊ Man Tractor Head (၁)စီး၊ Sany Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၈)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၇၀၀၀၀၀၀)ကို လည်းကောင်း၊ ကွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီး ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၅၀၀၀၀)ကို လည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၄၆၅၄၆၃၉၈)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၁၆ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၈)စီးနှင့်လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂၆)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၅၃၂၆၅၅၁)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ




## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းအတွက် (လုပ်ငန်းတစ်ရပ်လုံး) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၁)၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ကရင်ပြည်နယ်အတွင်းဆောင်ရွက်မည့် ဘားအံမြို့နယ်၊ ကော့လိုက်ကျေးရွာ၊ သံလွင်မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် တည်ဆောက်ရေးလုပ်ငန်းတစ်ရပ်လုံးဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | (၁၈-၈-၂၀၂၅)(ရုံးချိန်အတွင်း) |
| ၃။ | တင်ဒါလျှောက်လွှာနောက်ဆုံးထား တင်သွင်းရမည့်ရက်/အချိန် | - | (၁၇-၉-၂၀၂၅)(၁၆:၀၀ နာရီ) |
| ၄။ | တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် | - | (၁၈-၉-၂၀၂၅)(၁၀:၀၀ နာရီ) |
| ၅။ | တင်ဒါလျှောက်လွှာရောင်းချခြင်း၊ တင်ဒါပေးသွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ | - | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၁)၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့။ |

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၁)၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့၊ ရုံးဖုန်း ၀၅၈-၂၂၅၀၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

### ပျောက်ဆုံးကြောင်း
မြမြမွန်(ဘ)ဦးတင်ထွန်း ၇/လပတ(နိုင်)၁၆၈၆၅၅ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မျိုးကိုကို(ဘ)ဦးရဲဝင်း ၇/လပတ(နိုင်)၁၆၃၂၈၂ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
လှိုင်မျိုးဝင်း(ဘ)စိန်ဝင်း ၇/သဝတ(နိုင်)၀၇၀၆၁၀ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(A 286120)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၁၁၃၃၈၉၂

### ပျောက်ဆုံးကြောင်း
မောင်တိုးဝင်း(ဘ)ဦးကျော်စိုး ၁၂/ဒဂမ(နိုင်)၀၃၇၈၀၂ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သင်းသင်းနွယ်(ဘ)ဦးမြင့်အောင် ၁၂/သဃက(နိုင်)၁၉၆၁၁၈ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MB 662822)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း
ခန့်ညားသန့်(ဘ)ဦးစန်းလင်းအောင် ၈/ခမန(နိုင်)၂၆၁၅၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 431335)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ထက်ထက်စိုး(ဘ)ဦးမြို့(ခ)ဦးအောင်ကြည် ၈/မတန(နိုင်)၀၆၈၅၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဇော်မြင့်ထက်(ဘ)ဦးကျန်ဖရင် ၁၃/နခန(နိုင်)၁၁၀၅၅၇ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MJ 590698)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ပိတောက်ဝါ(ဘ)ဦးခင်မောင်ဝင်း ၉/လဝန(နိုင်)၂၈၈၇၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 234758)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ချိုချိုမာ(ဘ)ဦးအောင်ထွန်းသာ ၁၂/ကမန(နိုင်)၁၁၃၈၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
တင်မာထွေး(ဘ)ဦးရွှေဝ ၈/သရန(နိုင်)၁၀၄၂၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
နိုင်အောင်လွင်(ဘ)ဦးအေးနိုင် ၁၂/တမန(နိုင်)၁၂၃၈၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 166848)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မင်းမင်းအောင်(ဘ)ဦးဝင်းသိန်း ၁၂/ဒလန(နိုင်)၀၇၀၄၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
အိပုံ(ဘ)ဦးအောင်စိုးနိုင် ၁၂/ကခက(နိုင်)၁၂၁၃၉ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MH 527272)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ကြူကြူလှိုင်(ဘ)ဦးလှိုင်မြင့် ၁၄/ဟသတ(နိုင်)၂၆၉၁၀၉ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MC 640005)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

စာပေမြင့်မှ လူမျိုးတင့်မည်

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကိုဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကိုဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံး အရပ်(၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

( င ) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သောတက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ (သို့မဟုတ်)ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကိုဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာတိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား / အမျိုးသမီး)ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်သူများလည်းလျှောက်ထားနိုင်သည်။)

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကိုဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒနှင့်ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆၊
PADONMAR


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် – မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇
Black Coffee
PYIN OO LWIN
NAN MYAING
PURE ARABICA Coffee
Nan Myaing
1 coffee
NET WEIGHT 30 X 20g


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
NAYPYITAW
PURIFIED MINERAL WATER
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း – ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန် – မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄

❖ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကိုဆောင်ရွက်လျက်ရှိသောနိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သော ဝါနှင့်ရော်ဘာတို့မှထုတ်လုပ်သည့် ကုန်ချောပစ္စည်းများကို တင်ပို့ရောင်းချနိုင်သကဲ့သို့ ဆန်၊ ပဲနှင့် အခြားသီးနှံများကိုလည်း ယခုထက်တင်ပို့နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ် . . .

❖ ထိုသို့တင်ပို့နိုင်ရန်အတွက် အဓိကလိုအပ်ချက်မှာ စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်အောင် အမှန်တကယ်အလုပ်လုပ်ရန်လိုအပ်ခြင်းဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၅ အလွန်ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**


❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၇

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန်နှင့် ဩရိဿပြည်နယ်တောင်ပိုင်းကမ်းခြေ)တို့၌ လေဖိအားနည်းရပ်ဝန်း(Low Pressure Area) တစ်ခုဖြစ်ပေါ်နေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်(Depression) အဖြစ်သို့ ရောက်ရှိနိုင်ပြီး ဩဂုတ်လ ၁၉ ရက်တွင် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်း-အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်နိုင်သည်ဟုခန့်မှန်းရသည်။(မိုး/ဇလ)




AYA BANK WOMEN'S FUTSAL LEAGUE 2025 ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

စာ - ၅ သို့




**တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များဖမ်းဆီးရမိ** စာ - ၂၇ သို့




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**တရုတ်နိုင်ငံမြောက်ပိုင်း၌ ရုတ်တရက်ရေကြီးမှုဖြစ်ပွား၊ အနည်းဆုံးလူ ၁၀ ဦးသေဆုံး**

-----------------------

**နှစ်နိုင်ငံကြား ထိပ်တိုက်တွေ့ဆုံမှုများကို ရှောင်ရှားမည်ဟု ထိုင်းနှင့်ကမ္ဘောဒီးယား စစ်ဒေသမှူးများ ကတိပြု**

နိုင်ငံတကာသတင်း စာ - ၂၃ သို့

### တနင်္ဂနွေနေ့ဘောလုံးပွဲရလဒ်များ

**အင်္ဂလန်ပရီးမီးယားလိဂ်**

| | | |
|---|---|---|
| ချဲလ်ဆီး | ၀ - ၀ | ပဲလေ့ |
| နော့တင်ဟမ် | ၃ - ၁ | ဘရန့်ဖို့ |
| မန်ယူ | ၀ - ၁ | အာဆင်နယ် |

**စပိန်လာလီဂါ**

| | | |
|---|---|---|
| မာယော့ကာ | ၀ - ၃ | ဘာစီလိုနာ |
| အလာဗက် | ၂ - ၁ | လီဗန်တေး |
| ဗလင်စီယာ | ၁ - ၁ | ဆိုစီဒက် |

## MLWC လက်ဝှေ့ပြိုင်ပွဲတွင် မြန်မာပြည်ချန်ပီယံထွန်းထွန်းမင်းက မွေထိုင်းချန်ပီယံ ကေဝမ်းကို အလဲထိုးအနိုင်ယူပြီး ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆက်လက်ထိန်းသိမ်း

ရန်ကုန် ဩဂုတ် ၁၇

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး Myanmar Martial Arts Group က စီစဉ်ကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံရှစ်(MLWC) (၁၀)နှစ်မြောက် အထိမ်းအမှတ်လက်ဝှေ့ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပရာ ယင်းလက်ဝှေ့ပြိုင်ပွဲ၏ခေါင်းတွဲဆိုင်းတွင် မြန်မာပြည်ချန်ပီယံ ထွန်းထွန်းမင်းက ကေဝမ်းကိုအလဲထိုးအနိုင်ယူ၍ ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

ခေါင်းတွဲဆိုင်း ၈၀ ကီလို ငါးချီအလဲထိုးစနစ်တွင် မြန်မာပြည်ချန်ပီယံထွန်းထွန်းမင်းနှင့် စာမျက်နှာ ၁၅ ကော်လံ ၃ ➤





